မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်၊ ၂၀၀၇ ခုနှစ်၊ မတ် ၁၅ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၆)၊ အမှတ် (၁၆၆)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ် နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှုအမွေအနှစ် များ၊အမျိုးသားရေး လက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် စစ်ကိုင်း-ကသာ-မြစ်ကြီးနား ခရိုင်ချင်းဆက်လမ်း ဖောက်လုပ်မှုကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ထီးချိုင့်-ကသာလမ်းပိုင်း လမ်းဖောက်လုပ်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၁၄

စစ်ကိုင်းတိုင်း ထီးချိုင့်မြို့တွင် ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် မတ် ၁၁ ရက် နံနက်ပိုင်းတွင် ထီးချိုင့်မြို့ရှိ မြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ် ဒေါက်တာဌေးကြွယ်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် တိုင်းမှူးတို့က ဆေးကုသမှုခံယူနေကြသူများအား ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းသည်။

စာမျက်နှာ ၆ ကော်လံ ၁ ✻

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း အထူးဒေသ(၄) တိုင်းရင်းသားခေါင်းဆောင် ဦးစိုင်းလင်းနှင့် ဒေသခံတိုင်းရင်းသားများအားတွေ့ဆုံ

နေပြည်တော် မတ် ၁၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် မတ် ၁၃ ရက် နံနက် ၈ နာရီတွင် ကျိုင်းတုံမြို့မှ မိုင်းလားမြို့သို့ နံနက် ၁၀ နာရီတွင် ရောက်ရှိရာ ရှမ်းပြည်နယ် (အရှေ့ပိုင်း) အထူးဒေသ(၄) တိုင်းရင်းသားခေါင်းဆောင် ဦးစိုင်းလင်းနှင့် ဒေသခံတိုင်းရင်းသားများ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့သည် မိုင်းလားမြို့ အရှေ့တိုင်းဟိုတယ်ညှိနှိုင်းခန်းမဆောင်သို့ ရောက်ရှိကြပြီး အထူးဒေသ(၄) တိုင်းရင်းသားခေါင်းဆောင် ဦးစိုင်းလင်းနှင့် ဒေသခံတိုင်းရင်းသားအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံပြည်သူများ၏

စာမျက်နှာ ၃ ကော်လံ ၁ ●

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း မိုင်းလားမြို့၌ အထူးဒေသ(၄) တိုင်းရင်းသားခေါင်းဆောင် ဦးစိုင်းလင်းနှင့် ဒေသခံတိုင်းရင်းသားအဖွဲ့ဝင်များအား တွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်
(၂၀၀၇ ခုနှစ်၊ မတ်လ ၁၅ ရက်)

ပဲမျိုးစုံ ဝင်ငွေတိုးတက်ရရှိရေး အထွက်နှုန်းကောင်းမျိုးများ တိုးချဲ့စိုက်ပျိုး

ပဲမျိုးစုံသည် နိုင်ငံခြားငွေ ရှာဖွေပေးလျက်ရှိသော သီးနှံတစ်မျိုးဖြစ်သည်။ မတ်ပဲကို ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် အဓိကစိုက်ပျိုးကြသည်။ ပဲစင်းငုံကို မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် ရှမ်းပြည်နယ်တို့တွင် အဓိကစိုက်ပျိုးကြသည်။ ကုလားပဲကို စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့တွင် အဓိကစိုက်ပျိုးလျက် ရှိသည်။

၁၉၈၈ခုနှစ် နောက်ပိုင်းမှစ၍ ပဲမျိုးစုံသည် ပြည်ပဈေးကွက် ဝယ်လိုအားရှိခြင်း၊ စိုက်ပျိုးထုတ်လုပ်မှု စရိတ်သက်သာခြင်း၊ သီးထပ်သီးညှပ်အဖြစ် လွယ်ကူစွာ စိုက်ပျိုးနိုင်ခြင်းတို့ကြောင့် ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်တင်ပို့မှု သိသာစွာတိုးတက်လာခဲ့သည်။

နိုင်ငံခြားတင်ပို့မှုမှာ ၂၀၀၅-၂၀၀၆ ဘဏ္ဍာနှစ်အတွင်း ပဲမျိုးစုံ တန်ချိန် ၀ ဒသမ ၇၅သန်းရှိပြီး ၂၀၀၆-၂၀၀၇ ဘဏ္ဍာနှစ်(ဇန်နဝါရီလအထိ)တွင် ၀ ဒသမ ၉ သန်းကျော် တင်ပို့နိုင်ခဲ့သည်။

မြန်မာနိုင်ငံသည် ပဲမျိုးစုံကို ကမ္ဘာ့ဈေးကွက်သို့ ဒုတိယအများဆုံး တင်ပို့သောနိုင်ငံဖြစ်သည်။ နိုင်ငံခြားတင်ပို့သော ပဲမျိုးစုံ၏ ၇၂ ရာခိုင်နှုန်းကျော်ကို အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့နိုင်ခဲ့သည်။ ပဲစိုက်တောင်သူများအနေဖြင့် ပြည်ပသို့ ပဲမျိုးစုံ တိုးမြှင့်ရောင်းချလျက်ရှိရာ အရည်အသွေးကောင်းမွန်သော ပဲမျိုးစုံကို တိုးချဲ့စိုက်ပျိုး ထုတ်လုပ်နိုင်ရေးအတွက် အလေးထားဆောင်ရွက်လျက် ရှိသည်။

မြန်မာနိုင်ငံ၏ ပဲပို့ကုန်များဖြစ်သည့် မတ်ပဲနှင့် ပဲတီစိမ်းတို့ကို ကုန်ကြမ်းအဖြစ်သာမက အရည်အသွေးတိုးမြှင့်ထုတ်လုပ်ပြီး တင်ပို့နိုင်ပါက ယခင်ကထက်ပိုပြီး နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်နိုင်မည် ဖြစ်သည်။

သို့ဖြစ်ရာ အထွက်နှုန်းကောင်း ပဲမျိုးများ တိုးချဲ့စိုက်ပျိုးခြင်း၊ ပိုးမွှားအန္တရာယ်ကင်းရေး ဂရုပြုခြင်းများ စနစ်တကျဆောင်ရွက်ခြင်းဖြင့် ပဲမျိုးစုံအထွက်ကောင်းမွန်ပြီး နိုင်ငံခြားဝင်ငွေများ တိုးပွားရရှိလာမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် ပျဉ်းမနားမြို့နယ် ဝဲကြီးစံပြကျေးရွာ ဖွံ့ဖြိုးတိုးတက်မှုများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၄

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါ၍ မတ်၁၂ ရက် မွန်းလွဲ ၁နာရီက ပျဉ်းမနားမြို့နယ် ကူးတို့ဆိပ်အုပ်စု ဝဲကြီးစံပြကျေးရွာသို့သွားရောက်ရာ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းနိုင်နှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးတိုးတက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ခရိုင်ဥက္ကဋ္ဌ ဦးခင်မောင်ဇော်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းမှာကြား

ယင်းနောက် တိုင်းမှူးက ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ခြံစည်းရိုးကြက်ဆူ လျှာထားဧက ပြည့်မီရေးနှင့် ဒေသစိမ်းလန်းစိုပြည်ရေးတို့အတွက် စနစ်တကျ ကြိုးပမ်းဆောင်ရွက်ကြရေး ရှင်းလင်းမှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

လှည့်လည်ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် တိုင်းမှူးသည် ကျေးရွာ ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ**(အပေါ်ပုံ)** ကျေးရွာဥက္ကဋ္ဌ ဦးသိန်းနိုင်က ဇီဝဓာတ်ငွေ့သုံးစက်ရုံမှ လျှပ်စစ်ဓာတ်အားထွက်ရှိမှု အခြေအနေ၊ ဖြန့်ဝေသုံးစွဲမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြား၍ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို လှည့်လည် ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၁၅-၃-၂၀၀၇
(ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
- ၄:၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄:၃၅ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
- ၄:၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၂၅ ၇။ မြန်မာသံစဉ်ချိုနှားဝင်
- ၅:၃၀ ၈။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၅:၃၅ ၉။ ဟဒယရွှင်လန်းအငြိမ့်ခန်း
- ၅:၄၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ မိုးလေဝသသတင်း
- ၆:၃၀ ၁၄။ လျှပ်တစ်ပြက်
- ၆:၃၅ ၁၅။ လှုပ်လှုပ်ရှားရှားပုံရိပ်များ
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မြစ်တစ်စင်းရဲ့သံစဉ်** (အပိုင်း-၃၀)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ ကုန်သွယ်သုတ
- ၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မိုးနဂါးသိုင်းရှစ်ကွက်** (အပိုင်း-၁၄)

မော်လမြိုင်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၄

မော်လမြိုင်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဧပြီ ၁ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ် အောက်ပစ္စယံရှိ မော်လမြိုင်ဓမ္မာရုံ၌ကျင်းပမည်ဖြစ်ရာ အသင်းသူအသင်းသားများနှင့် မြို့နယ်သူ မြို့နယ်သားများ ကြွရောက်ပါရန် ဖိတ်ကြားထားပြီး မော်လမြိုင်ရိုးရာ သင်္ကြန်ထမင်းဖြင့် ဧည့်ခံကျွေးမွေးမည်ဖြစ်သည်။ ထို့အပြင် အသက် ၈၀နှင့်အထက် အသင်းဝင်များ၊ အသင်းဝင်မိဘများနှင့် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးဖြင့်အောင်မြင်သည့် အသင်းဝင်သားသမီးများ၏ စာရင်းကို စည်းရုံးရေးမှူး ဒေါ်ခင်နွယ် ဖုန်း-၆၅၀၀၉၁နှင့် ဓမ္မာရုံဖုန်း-၂၅၆၁၅၇တို့သို့ မတ် ၂၅ရက် မွန်းတည့် ၁၂နာရီ နောက်ဆုံးထား၍ ပေးပို့ကြရန် နှိုးဆော်ထားသည်။ **(က-ပ)**

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ပြည်လမ်း ရှစ်မိုင်ခွဲ အေဝမ်းခြံ ဦးမောင်မောင်စိုးလမ်း အမှတ်-၁၈၉(က)နေ ဒေါက်တာလှဝေ-ဒေါ်နုနုမြင့် မိသားစုတို့က ဆွမ်းနှင့် ဆေးပဒေသာပင် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေး လုပ်ငန်းအဖွဲ့(၁၄) ညှိနှိုင်းစည်းဝေး

ရန်ကုန် မတ် ၁၄

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးလုပ်ငန်းအဖွဲ့(၁၄) ရန်ကုန်တိုင်း စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့(စည်ပင်နယ်နိမိတ်အတွင်း)၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယမန်နေ့မွန်းတည့် ၁၂ နာရီက ရန်ကုန်မြို့တော်ခန်းမ ပထမထပ်ရှိ အစည်းအဝေးခန်းမ(၄)၌ ကျင်းပရာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးလုပ်ငန်းအဖွဲ့ (၁၄)အဖွဲ့ခေါင်းဆောင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ ရန်ကုန်တိုင်း စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ (စည်ပင်နယ်နိမိတ်အတွင်း) အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စစ်မှု ထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဆွေးနွေးတင်ပြ

ရှေးဦးစွာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးလုပ်ငန်းအဖွဲ့ (၁၄)အဖွဲ့ခေါင်းဆောင် ဒုတိယ မြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါက အမှာစကားပြောကြားပြီး ရန်ကုန်တိုင်း စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ (စည်ပင်သာယာနယ်နိမိတ်အတွင်း) အတွင်းရေးမှူး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးဌာန ဌာနမှူး ရဲမှူးကြီးဝင်းကြည်က ရန်ကုန်တိုင်း စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့နှင့် တိုင်းအဖွဲ့ အုပ်ချုပ်မှုအောက်ရှိ မြို့နယ်စစ်မှု ထမ်းဟောင်းအဖွဲ့များ၏ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းအခြေအနေများကို ဆွေးနွေးတင်ပြ၍ အဖွဲ့ခေါင်းဆောင် ဒုတိယမြို့တော်ဝန်က နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် အသွင်ကူးပြောင်းမှုကို ညင်သာချောမွေ့စွာဖြစ်ထွန်းအောင် ဖော်ဆောင်နေသည့်ကာလဖြစ် ဒီမိုကရေစီ အရှည်တည်တံ့ထွန်းကားရေးကို လိုလားသူပြည်သူများက ဒီမိုကရေစီဟု ကြွေးကြော်ပြီး ဥပဒေနှင့်မညီသောလုပ်ရပ်များကို လက်ခံမည်မဟုတ်

❒ *ကျောဖုံးမှ*

ထိုသို့ဆူပူလှုပ်ရှားမှုနှင့် လူစုလူဝေးဖြစ်အောင် လုပ်ဆောင်ခဲ့သော အဆိုပါ ဥပဒေနှင့် ဆန့်ကျင်သော ထင်ကျော်(ခ)ကျော်ထင်ပါ (၁၈)ဦးသည် တည်ဆဲဥပဒေနှင့်အညီ ဖွဲ့စည်းခွင့်မရရှိဘဲ နိုင်ငံတော်အား ဆန့်ကျင်ရန်ရည်ရွယ်ချက်ဖြင့် အဖွဲ့ဖွဲ့စည်းဆောင်ရွက်ခြင်း၊ ဥပဒေနှင့် ဆန့်ကျင်သော အစုအဝေးတွင်ပါဝင်ခြင်း၊ လူအများစုဝေးရာ လမ်းမပေါ်တွင် စီတန်းလှည့်လည် ကြွေးကြော်သောင်းကျန်းခြင်းတို့သည် ရန်းရင်းဆန်ခတ်မှုကို ကျူးလွန်ရာရောက်ကြောင်း၊ ထို့အပြင် ၎င်းတို့သည် ပြည်သူလူထုအား သွေးထိုးလှုံ့ဆော်သော၊ ဆူပူမှုကို လှုံ့ဆော်သော ဆိုင်းဘုတ်များကို ကိုင်ဆောင်ကြွေးကြော်ခြင်းမှာလည်း နိုင်ငံတော်အစိုးရအပေါ် ပြည်သူလူထုက မုန်းထားအောင်သော်လည်းကောင်း၊ မလေးစားအောင်သော်လည်းကောင်း၊ အကြည်ညိုပျက်အောင်သော်လည်းကောင်း ပြုလုပ်ရာရောက်ကြောင်း၊ သို့ဖြစ်၍ သက်ဆိုင်ရာက ထင်ကျော်(ခ)ကျော်ထင်ပါ (၁၆)ဦးအား တည်ဆဲဥပဒေများနှင့်အညီ ခေါ်ယူစစ်ဆေးမေးမြန်းခဲ့ကြောင်း သိရသည်။

ဆန္ဒပြလှုံ့ဆော်

ထင်ကျော်(ခ)ကျောင်ထင်သည် မြောက်ဥက္ကလာပမြို့နယ် NLD တွင် ရပ်/ကျေးကော်မတီဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ဖူးသူဖြစ်သည်။ မြောက်ဥက္ကလာပမြို့နယ် NLDသုတေသနမှူးမောင်မောင်ညို(ကွယ်လွန်)နှင့်ပူးပေါင်းပြီး ကုန်ဈေးနှုန်းကို အကြောင်းပြုလှုံ့ဆော်ရန်အတွက် မြန်မာပြည်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ (Myanmar Development Commite-MDC)ဆိုသည့် အဖွဲ့ဝင် ၁၂ ဦးဖြင့် တရားမဝင်ဖွဲ့စည်းပြီး ယခုကဲ့သို့ ရန်ကုန်မြို့တွင်း၌ ဆန္ဒပြလှုံ့ဆော်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပါဝင်ဆန္ဒပြ

ယင်းသို့ ဆန္ဒပြလှုံ့ဆော်ခဲ့ရာတွင် လက်ကိုင်ပိုစတာများ ရေးသားပြုလုပ်ရန် အတွက် ဖျက်သိမ်းပြီး ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီ အလုပ်အမှုဆောင်ဟောင်း ဒေါ်စန်းစန်းမြင့်က ငွေကျပ်သုံးသောင်း ထောက်ပံ့ခဲ့ကြောင်း၊ ဒေါ်စန်းစန်းမြင့်ကိုယ်တိုင်နှင့် ၎င်း၏သမီး ကြူကြူဆန်းတို့လည်း ပါဝင်ဆန္ဒပြလှုံ့ဆော်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဆန္ဒပြလှုံ့ဆော်မှုတွင် NLDပါတီမှ နုတ်ထွက်ထားသည်ဟုဆိုသူ ထင်ကျော်(ခ)ကျော်ထင်နှင့် NLD ပါတီဝင် အုန်းသန်း၊ မျိုးဦး၊ လှသိန်း၊ လှမြင့်အေးနှင့် မြင့်ရွှေ၊ ဖျက်သိမ်းပြီးဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီဝင်ဟောင်း အေးကြည်၊ ဝင်းအောင်နှင့် ဒေါ်မေဝင်းတို့လည်း ပါဝင်ခဲ့ကြောင်း သိရသည်။

အဆက်အသွယ်ရှိ

အလားတူ အဆိုပါဆန္ဒပြလှုံ့ဆော်မှုတွင် ပါဝင်ခဲ့သူအုန်းသန်းနှင့် ထွန်းထွန်းဆိုသူတို့သည် ယခင်က ရန်ကုန်မြို့နေရာအချို့တွင် ဆန္ဒပြလှုံ့ဆော်မှုကျူးလွန်ခဲ့သဖြင့် သတိပေးအရေးယူခံခဲ့ရဖူးသူများဖြစ်သည်။ ထွန်းထွန်းသည် စိတ်ရောဂါကုဆေးရုံတွင် ကုသမှုခံယူခဲ့ရဖူးသူဖြစ်ပြီး ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်နေ NLD ရွေးချယ်ခံကိုယ်စားလှယ် ဦးညွန့်လှိုင် (အောင်လံ-၁)နှင့် ယခင်ကတည်းက အဆက်အသွယ်ရှိခဲ့သည်။ ထိုနေ့က ဦးညွန့်လှိုင် အိမ်သို့ရောက်ရှိစဥ် ဦးညွန့်လှိုင်၏ ပြောကြားချက်အရ အဆိုပါဆန္ဒပြ လှုံ့ဆော်မည့်သတင်းကို သိရှိပြီး ပါဝင်ဆန္ဒပြ လှုံ့ဆော်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အတူတကွ

ထို့အတူ အဆိုပါဆန္ဒပြ လှုံ့ဆော်မှုတွင် ပါဝင်ခဲ့သူ အုန်းသန်း၊ ထွန်းထွန်း၊ ဒေါ်စန်းစန်းမြင့်၊ ဒေါ်မေဝင်းနှင့် ကြူကြူဆန်းစသူတို့သည် ၈၈ မျိုးဆက်ကျောင်းသားဆိုသော အုပ်စုက လှုံ့ဆော်ဆောင်ရွက်ခဲ့သည့် ဝတ်ပြု ဆုတောင်းပွဲများတွင် အတူတကွ ပါဝင်ခဲ့ကြသူများလည်းဖြစ်ကြောင်း သိရသည်။

သက်ဆိုင်ရာက အဆိုပါ ဆန္ဒပြလှုံ့ဆော်မှုတွင် ပါဝင်ခဲ့သူများအား လိုအပ်သော စစ်ဆေးမေးမြန်းမှုများ ပြုလုပ်ပြီး ၁၉၈၈ ခုနှစ် အသင်းအဖွဲ့များဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေပုဒ်မ (၃) ကို ဖောက်ဖျက်ကျူးလွန်၍ တရားမဝင်အဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ခဲ့သဖြင့် အသင်းအဖွဲ့ပုဒ်မ (၆)အရ အရေးယူလျှင် ထောင်ဒဏ် (၅)နှစ်အထိ ပြစ်ဒဏ်ကျခံရနိုင်ကြောင်း၊ လူစည်ကားရာနေရာတွင် ဆူပူလှုံ့ဆော်သောရည်ရွယ်ချက်ဖြင့် ရန်းရင်းဆန်ခတ်မှုဖြစ်ပွားအောင် လုပ်ဆောင်ခဲ့၍ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ (၁၄၆)ကို ကျူးလွန်ရာရောက်သဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ (၁၄၇)အရ အရေးယူလျှင် ထောင်ဒဏ်(၂)နှစ်နှင့် ငွေဒဏ်ကျခံရနိုင်ကြောင်း၊ နိုင်ငံတော်အစိုးရအပေါ် မုန်းတီးလာအောင်၊ မလေးစားအောင် အကြည်ညိုပျက်အောင် လှုံ့ဆော်ရာရောက်သဖြင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၂၄(က)အရ အရေးယူပါက တစ်သက်တစ်ကျွန်းပြစ်ဒဏ်နှင့် ငွေဒဏ်ကျခံရနိုင်ကြောင်း၊ ထို့အပြင် လုပ်ထုံးလုပ်နည်းနှင့်မညီဘဲ ဥပဒေမဲ့ဆောင်ရွက်မှုများကြောင့် ၁၉၄၅ ခုနှစ် ရန်ကုန်ရဲအက်ဥပဒေပုဒ်မ (၃၁)၊ (၄၆)အရငြိစွန်းနေသဖြင့် အရေးယူပါက ထောင်ဒဏ်နှင့်ငွေဒဏ် ကျခံရနိုင်ကြောင်း အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ရာ အဆိုပါဆန္ဒပြလှုံ့ဆော်မှုတွင်ပါဝင်ခဲ့သူများက နောင်တွင် အလားတူ ဆန္ဒပြလှုံ့ဆော်မှုမပြုတော့ပါဟု ဝန်ခံကတိပြုလက်မှတ်ရေးထိုးခဲ့ကြကြောင်း သတင်းရရှိသည်။

ဟောပြောပွဲပြုလုပ်

ယင်းသို့ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုပြုလုပ်ချိန်နှင့် တစ်ပြိုင်တည်း ထိုနေ့ညနေ ၄ နာရီခွဲအချိန်မှာပင် ရန်ကုန်မြို့ အမေရိကန်စင်တာတွင် ၈၈ မျိုးဆက် ကျောင်းသားအုပ်စုကဦးဆောင်၍ ဟောပြောပွဲတစ်ရပ်ပြုလုပ်ခဲ့ကြောင်းလည်း သိရသည်။ အခမ်းအနားမှူးအဖြစ် အမေရိကန်သံရုံး ပြန်ကြားရေးဌာနမှ ဒေါ်ကြည်ကြည်သာနှင့် ၈၈ မျိုးဆက်ကျောင်းသားအုပ်စုမှ ပဏ္ဍိတ်ထွန်းတို့က ဆောင်ရွက်ပြီး အမေရိကန်စင်တာသင်တန်းဆရာမ Ms. Kim က မိတ်ဆက်စကားပြောကြားခဲ့ကြောင်း သတင်းရရှိခဲ့သည်။

တက်ရောက်

ယင်းဟောပြောပွဲသို့လည်း NLDရွေးချယ်ခံကိုယ်စားလှယ် ခွန်မြင့်ထွန်း (သထုံ-၁)နှင့် NLDပါတီဝင် ၅၅ ဦးခန့်၊ ၈၈ မျိုးဆက်ကျောင်းသားအုပ်စုမှ ၂၀ ခန့်တို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ဟောပြောပွဲတွင် လူ့ရှင်တော်ဇာဂနာက နိုင်ငံရေးဆန့်ကျင်လှုပ်ရှားမှုများကို ဆူပူအုံကြွအကြမ်းဖက်မှုများနှင့် ဆက်စပ်လှုပ်ရှားရန်အထိ လှုံ့ဆော်ဟောပြောပြီး တက်ရောက်သူအချို့ကလည်း ပါဝင်ပြောကြားလှုံ့ဆော်ခဲ့ကြသည်။ လူ့ရှင်တော်ဇာဂနာက ဟောပြောပွဲသို့ ၎င်းလာရောက်ချိန်တွင် ရန်ကုန်မြို့တွင်း၌ ဆန္ဒပြနေသူများအား ဖမ်းဆီးနေသည်ကို တွေ့မြင်ခဲ့ရသည်ဟုပင် လှုံ့ဆော်ပြောကြားခဲ့သည်။ ဟောပြောပွဲအဆုံးသတ်တွင် အမေရိကန်သံရုံး ပြန်ကြားရေးဌာနမှ ဒေါ်ကြည်ကြည်သာက ပြင်ပ၌ စုံစမ်းမေးမြန်းမှုများ ပြုလုပ်လာပါက ယခုဟောပြောပွဲတွင် သတ္တဗေဒဘာသာရပ်အကြောင်း ဟောပြောသည်ဟု ဖုံးကွယ်ပြောကြားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

သွေးရိုးသားရိုးမဟုတ်

အဆိုပါသတင်းဆက်များကို မျက်ခြည်မပြတ်စောင့်ကြည့်လေ့လာနေကြသော ပြည်သူများက-

ယခုကဲ့သို့ တစ်နေ့တည်း တစ်ချိန်တည်းတွင် NLDပါတီဝင်အချို့ ပါဝင်သော ဆန္ဒပြလှုံ့ဆော်မှုနှင့် NLD ပါတီဝင်များ၊ ၈၈ မျိုးဆက် ကျောင်းသားအုပ်စုဝင်များနှင့် အမေရိကန်စင်တာတို့ပူးပေါင်းပြီး ဟောပြောလှုံ့ဆော်မှုကို အချိန်ကိုက်ပြုလုပ်ခဲ့ခြင်းသည် သွေးရိုးသားရိုးမဟုတ်သည်မှာ သိသာထင်ရှားနေကြောင်း။

မြင်တွေ့

ထိုနေ့က မဟာဗန္ဓုလလမ်းပေါ်တွင် ထင်ကျော်(ခ)ကျော်ထင်တို့အဖွဲ့ ရန်းရင်းဆန်ခတ်ဖြစ်အောင် လှုံ့ဆော်နေချိန်တွင် ၎င်းတို့၏အနီးပတ်ဝန်းကျင်၌ NLDပါတီဝင်အချို့၊ ၈၈ မျိုးဆက်ကျောင်းသားအုပ်စုဝင်အချို့နှင့် NLD ပါတီမှ ထုတ်ပယ်ထားသူဆိုသူ နော်အုန်းလှနှင့် အပေါင်းပါတချို့ အစီအစဉ်တကျကိုယ်ယောင်ဖျောက်ပြီး ဝိုင်းရံစောင့်ကြည့်နေသည်ကို ပြည်သူအချို့က သတိပြုမြင်တွေ့ခဲ့ကြကြောင်း။

ထုတ်ပြန်ခဲ့

သက်ဆိုင်ရာက ထင်ကျော်(ခ)ကျော်ထင်တို့ ကိုးဦးအား ခေါ်ယူမေးမြန်းစစ်ဆေးနေချိန်တွင် ၂၆-၂-၂၀၀၇ ရက်နေ့၌ ၈၈ မျိုးဆက်ကျောင်းသားအုပ်စုက ဖမ်းဆီးထိန်းသိမ်းထားသူများအား ပြန်လွှတ်ပေးရန်ဟူသည့် တောင်းဆိုစာကို အတိုင်အဖောက်လုပ်ပြီး ထုတ်ပြန်ခဲ့သည်ကို တွေ့ရှိရပြန်ကြောင်း။

အဆိုပါလုပ်ရပ်များကို ဆက်စပ်ကြည့်ပါက ဆူပူလှုံ့ဆော်လိုသော ရည်ရွယ်ချက်ဖြင့် ကြိုတင်အကွက်ချစီစဉ်ပြီး ရန်ကုန်မြို့တွင်းနှစ်နေရာ၌ ပူးပေါင်း လုပ်ဆောင်လာခြင်းဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

ကြေညာ

ယင်းသို့သော ဆူပူလှုံ့ဆော်လိုသူများ၏ ဥပဒေမဲ့လုပ်ရပ်ကြောင့် တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းသာယာရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့မှုများ ထိခိုက်ပျက်ယွင်းမှုမရှိစေရေးအတွက် နိုင်ငံတော်အစိုးရက ၁၈-၉-၁၉၈၈ ရက်နေ့ကတည်းကပင် အမိန့်အမှတ် (၂/၈၈)ကိုထုတ်ပြန်ကြေညာထားခဲ့ပြီးဖြစ်ကြောင်း။

အဆိုပါအမိန့်အမှတ်(၂/၈၈)တွင် **"ဆူပူလှုံ့ဆော်လိုသောရည်ရွယ်ချက်ဖြင့်ဖြစ်စေ၊ ပြစ်မှုတစ်စုံတစ်ရာကျူးလွန်လိုသော ရည်ရွယ်ချက်ဖြင့်ဖြစ်စေ၊ လူငါးယောက်နှင့် ငါးယောက်အထက်ပို၍ လမ်းများပေါ်တွင် စုဝေးခြင်း၊ လမ်းလျှောက်ခြင်း၊ စီတန်းလှည့်လည်ခြင်း၊ ဟောပြောခြင်း၊ ဟစ်အော်ကြွေးကြော်ခြင်း၊ လှုံ့ဆော်ခြင်း၊ ရန်းရင်းဆန်ခတ်ပြုခြင်း မည်သူမျှမပြုလုပ်ရဟု"** အတိအလင်း အသိပေးဖော်ပြထားကြောင်း။

အသွင်ကူးပြောင်း

ဆူပူလှုံ့ဆော်လိုသောရည်ရွယ်ချက်ဖြင့် လှုပ်ရှားဆောင်ရွက်နေသူများအနေဖြင့် သတိတရားလက်ကိုင်ထားပြီး လုပ်ဆောင်သင့်သည့်အချက်တစ်ချက်ကိုလည်း တွေ့ရှိရကြောင်း၊ ယနေ့ကာလသည် မြန်မာနိုင်ငံ၌ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် အခြေခံကောင်းများကို တည်ဆောက်နေသည့်ကာလဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် ဒီမိုကရေစီအသွင်ကူးပြောင်းမှုကို ညင်သာချောမွေ့စွာဖြစ်ထွန်းအောင် ဖော်ဆောင်ပေးနေသည့် အသွင်ကူးပြောင်းရေးကာလဖြစ်ကြောင်း။

လိုက်နာ

လက်ရှိဒီမိုကရေစီစနစ်ကျင့်သုံးမှုအခြေခိုင်နေသည့်နိုင်ငံများမှာပင် ဆန္ဒထုတ်ဖော်ပြသလိုပါက ပြသလိုသည့်အကြောင်းအရာနှင့် ရည်ရွယ်ချက်၊ပါဝင်ပြသမည့် လူအရေအတွက်၊ပြုလုပ်မည့်အချိန်နှင့်နေရာ၊ ဆူပူလှုံ့ဆော်မှု၊ သွေးခွဲသပ်လျှိုမှု မပြုကြောင်း ကတိပြုဝန်ခံချက်များပေးပြီး သက်ဆိုင်ရာသို့ အာမခံချက်ဖြင့် တင်ပြရကြောင်း၊ သက်ဆိုင်ရာက စိစစ်ခွင့်ပြုမှသာ သတ်မှတ်စည်းကမ်းများအတိုင်း စနစ်တကျလိုက်နာလုပ်ဆောင်ရကြောင်း။

၂၂-၂-၂၀၀၇ ရက်နေ့က ရန်ကုန်မြို့တွင်ပြုလုပ်ခဲ့သည့် ဆန္ဒပြလှုံ့ဆော်မှုနှင့် အမေရိကန်စင်တာတွင်ပြုလုပ်ခဲ့သည့် ဟောပြောလှုံ့ဆော်မှုများသည် ဒီမိုကရေစီကို တလွဲအသုံးချပြီး ဆူပူမှုဖြစ်အောင် သွေးထိုးလှုံ့ဆော်လိုသော ရည်ရွယ်ချက်ဖြင့်ဆောင်ရွက်သည့် လုပ်ရပ်သာဖြစ်ကြောင်း။

ဝေဖန်သုံးသပ်

မြန်မာနိုင်ငံ၌ ဒီမိုကရေစီအရှည်တည်တံ့ထွန်းကားရေးကို လိုလားရှေးရှုပါက ယင်းကဲ့သို့ စည်းမဲ့ကမ်းမဲ့ ဥပဒေမဲ့လုပ်ရပ်များကို ယခုအချိန်ကတည်းကပင် ရှောင်ကြဉ်သင့်ကြောင်း၊ ဒီမိုကရေစီဟု ပါးစပ်ကကြွေးကြော်ပြီး ဥပဒေမဲ့လုပ်ရပ်များကို မလုပ်မိရန်အရေးကြီးကြောင်း၊ ထိုသို့ဆက်လုပ်လာပါက ထိုသူများအား စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီကိုလိုလားသူ ပြည်သူများက လုံးဝလက်ခံမည်မဟုတ်ဘဲ ရှင်းလင်းဖယ်ရှားသွားကြမှာအမှန်ပင်ဖြစ်ကြောင်း စသည်ဖြင့် ဝေဖန်သုံးသပ်ပြောကြားနေကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● *ရှေ့ဖုံးမှ*

လူနေမှုဘဝ တိုးတက်မြင့်မားရေးအတွက် အစဉ်ဂရုပြုဆောင်ရွက်ရေးနှင့် နှစ်ရှည်ပင် သီးနှံဖြစ်သော ရော်ဘာပင်ကို စနစ်တကျ စိမ်ချက်ချကာ ဒေသခံပြည်သူများ မိသားစုဝင်ငွေရရှိရန်အတွက် စီးပွားဖြစ်စိုက်ပျိုးကြရေး စီစဉ်ဆောင်ရွက်ပေးရန်မှာကြားပြီး တိုင်းရင်းသား အဖွဲ့ဝင်များအား လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့သည် မိုင်းလားမြို့ ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြ၍ ဓာတ်မှန်ခန်း၊ ဓာတ်ခွဲခန်း၊ လူနာခန်း၊ ခွဲစိတ်ခန်းနှင့် ဆေးသိုလှောင်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြရာ ပြည်နယ်ကျန်းမာရေးဌာနမှူး ဒေါက်တာမြင့်အောင်နှင့် ဆေးရုံတာဝန်ခံဆရာဝန် ဒေါက်တာ ကျော်ကျော်ဝင်းတို့က လိုက်လံရှင်းလင်းပြသကြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ဆေးရုံတက်ရောက် ဆေးကုသနေသော လူနာများအား လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့သည် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာန၏မိုင်းလားမြို့ နယ်စပ်ဒေသ တိုင်းရင်းသား လူငယ်များ စက်မှုလက်မှု ပညာသင်ကျောင်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့သည် သင်တန်းကျောင်း အလုပ်ရုံသို့ သွားရောက်စစ်ဆေးပြီး သင်တန်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါ သင်တန်းကျောင်းကို ၈-၇-၂၀၀၆ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး အခြေခံအဆောက်အအုံ၊ လျှပ်စစ်နှင့် ဂဟေ၊ စက်ပြင်သင်တန်းအမှတ်စဉ် (၁/၂၀၀၆)ကို၁၉-၆-၂၀၀၆ ရက်မှ ၁-၁၂-၂၀၀၆ရက်အထိ ဖွင့်လှစ်ခဲ့ကာ သင်တန်းသား ၃၄ ဦးတက်ရောက်ခဲ့ကြသည်။ အမှတ်စဉ်(၂/၂၀၀၇) သင်တန်းကို ၅-၃-၂၀၀၇ ရက်တွင် ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား ၄၁ ဦးတို့ တက်ရောက်လျက်ရှိကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့သည် နမ့်ဘော်ကျေးရွာ ၂၂၅ ဒသမ ၁ ဧကရော်ဘာစိုက်ခင်းသို့ ရောက်ရှိကြပြီး ဒေသခံ တိုင်းရင်းသားများအား ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ မိသားစုဝင်ငွေပိုမိုရရှိရေးအတွက် ရော်ဘာပင်များကို ယခုထက်ပိုမိုစိုက်ပျိုးကြရေး မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့သည် မိုင်းလားမြို့ ရော်ဘာကြိတ်စက်ရုံသို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့သည် ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ (၄) မိုင်းလားမြို့၌ မိုင်းလားမြို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံ တိုင်းရင်းသားများအား တွေ့ဆုံသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့သည် မိုင်းလားမြို့ ဒွေနဂရရွှေစေတီတော်မြတ်ကြီးသို့ရောက်ရှိကြပြီး ရုပ်ပွားတော်မြတ်ကြီးအား အမွှေးနံ့သာများဖြင့် ပူဇော်ကာ စေတီတော်အတွင်း လက်ယာရစ်တစ်ပတ် လှည့်လည်ကြည်ညိုကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့သည် ကျိုင်းတုံ-မိုင်းလားလမ်းတစ်လျှောက် လမ်းဘေးဝဲယာ၌ စိုက်ပျိုးထားသော ဒေသသီးနှံပြောင်း၊ လိုက်ချီး၊ နှင်းသီး၊ သရက်နှင့် ရော်ဘာပင်များစိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ညနေပိုင်းတွင် ကျိုင်းတုံမြို့သို့ ရောက်ရှိ၍ ညအိပ်ရပ်နားကြသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၅-၃-၂၀၀၇ ရက်

(ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၀	၅။	ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၈း၀၀	၆။	အဆိုပြိုင်ပွဲ
၈း၁၀	၇။	အကပဒေသာ
၈း၂၀	၈။	(၆၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈း၃၀	၉။	International News
၈း၄၅	၁၀။	Let's Go
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	English for Everyday Use
၁၆း၄၅	၄။	တေးဂီတအစီအစဉ်
၁၇း၀၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(ရူပဗေဒအထူးပြု) [ရူပဗေဒ]
၁၇း၁၅	၆။	ချစ်စရာ့အရွယ် ကကြိုးသွယ်
၁၇း၂၅	၇။	**"သတိနဲ့ယှဉ် အသိနဲ့ပြင်"** (အပိုင်း-၂) ဝါးခယ်မရဲမောင်၊ ဘုန်းလျှန်၊ မြတ်ကေသီအောင်၊ ရတနာခင်၊ ဟန်နီထွန်း၊ ပြည့်ဖူးခိုင်၊ နီနီရွှေရည်၊ ဆောင်းနှင်းဝေ၊ ဝိုင်းစုခိုင်သိန်း၊ အိုင်းရစ်လေပြေဦး (ဒါရိုက်တာ-မင်းအုပ်စိုး)
၁၇း၃၅	၈။	တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရတေးများ (၂၀၀၅ခုနှစ်)
၁၇း၄၅	၉။	ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၁၈း၀၀	၁၀။	ညနေခင်းသတင်း
၁၈း၂၀	၁၁။	မိုးလေဝသအခြေအနေ
၁၈း၂၅	၁၂။	သီရိဂေဟာ
၁၉း၀၀	၁၃။	Discovery
၁၉း၁၀	၁၄။	(၆၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၁၉း၂၀	၁၅။	စွမ်းရည်တိုးမြှင့် Online Booking စနစ် (မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း)
၁၉း၃၅	၁၆။	**"တို့တစ်ရွာလုံး ချမ်းသာပြီ"** ဆန်းထွဋ်၊ သုသုဟံသာ၊ အကယ်ဒမီဇော်ဦး၊ မိုးဒီ၊ ငွေတောင်၊ တက္ကသိုလ်ဂွမ်းပုံ [ဒါရိုက်တာ-တင်အောင်ရွှေ (သုတေသီ)]
၂၀း၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	နိုင်ငံခြားဇာတ်လမ်းတွဲ **"အကြင်နာရွှေဦး"** (အပိုင်း-၂၀)
	၂၁။	နောက်တစ်နေ့အစီအစဉ်
	၂၂။	အစီအစဉ်ပြီး၏။

တရုတ်နိုင်ငံ တန်ကျင်းမြို့ ဝန်းကျင်ရှိ သစ်တောစိုက်ခင်းများကို မတ် ၁၂ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

သစ်တော ဟက်တာ ငါးသန်းကျော် တရုတ်နိုင်ငံတွင် စိုက်ပျိုးထူထောင်ခဲ့

ပေကျင်း မတ် ၁၄

တရုတ်နိုင်ငံတွင် ပြီးခဲ့သည့် ၂၀၀၆ ခုနှစ်အတွင်း သစ်တောဟက်တာ ၅ ဒသမ ၂၃ သန်းစိုက်ပျိုးခဲ့ရာ နိုင်ငံအတွင်းတွင် သစ်တောဧရိယာအကျယ်အဝန်း ဟက်တာ ၁၇၅ သန်းသို့ ရောက်ရှိသွားကြောင်း နိုင်ငံတော် သစ်တောရေးရာ စီမံခန့်ခွဲမှုအဖွဲ့ (အက်စ်အက်ဖ်အေ)က မတ် ၁၁ ရက်တွင် ပြောကြားသည်။

သဲမုန်တိုင်းအန္တရာယ်မှ ကာကွယ်ရန် ပေကျင်းမြို့နှင့် တန်ကျင်းမြို့ ပတ်ဝန်းကျင်တွင် သစ်တောဟက်တာ ၃၇၅၂၀၀ စိုက်ပျိုးခဲ့သည်။ တရုတ်အမျိုးသား ပြည်သူ့ကွန်ဂရက်က နိုင်ငံတစ်ဝန်း သစ်ပင်များစိုက်ပျိုးရန် နှိုးဆော်မှုများ ပြုလုပ်ပြီးနောက် သစ်တောဖုံးလွှမ်းမှုမှာ ၁၉၈၁ ခုနှစ်က ၁၂ ရာခိုင်နှုန်းရှိခဲ့ရာမှ ပြီးခဲ့သည့် ၂၀၀၆ ခုနှစ်တွင် ၁၈ ဒသမ ၂၁ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့သည်။

ပြီးခဲ့သည့်နှစ်က ကျေးလက်ဒေသများတွင် သစ်တောဖုံးလွှမ်းမှုမှာ ၃၂ ဒသမ ၅၄ ရာခိုင်နှုန်းသို့ ရောက်ရှိခဲ့ပြီး ပြည်သူများ၏ အစိမ်းရောင်စိုက်ခင်း ဧရိယာမှာ ၂၀၀၅ ခုနှစ်က ၇ ဒသမ ၃၉ စတုရန်းမီတာ ရှိရာမှ ၂၀၀၆ ခုနှစ်တွင် ၇ ဒသမ ၈၉ စတုရန်းမီတာသို့ မြင့်တက်လာခဲ့သည်။

လာမည့် ၂၀၁၀ ပြည့်နှစ်တွင် တရုတ်နိုင်ငံအတွင်း သစ်တောဖုံးလွှမ်းမှု ၂၀ ရာခိုင်နှုန်းသို့ ရောက်ရှိလာနိုင်ကြောင်း အက်စ်အက်ဖ်အေမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

(၁၀)ကြိမ်မြောက် အင်န်ပီစီကွန်ဂရက် လူမှုရေးဆိုင်ရာဥပဒေများ ဦးစားပေး ပြဋ္ဌာန်းမည်

ပေကျင်း မတ် ၁၄

(၁၀)ကြိမ်မြောက် တရုတ်ပြည်လုံးဆိုင်ရာ ပြည်သူ့ကွန်ဂရက်(အင်န်ပီစီ)က ၂၀၀၇ခုနှစ်အတွင်းတွင် လူမှုရေးရာကိစ္စများကို အဓိကထားပြီး ဥပဒေပြုသွားမည်ဖြစ်ကြောင်း တရုတ်ပြည်လုံးဆိုင်ရာ ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌ ဝူဘန်ကူးက မတ် ၁၁ ရက်၌ ပြောကြားသည်။

စီးပွားရေးဆိုင်ရာ ဥပဒေပြုမှုကို မိမိတို့တိုးတက်ဆောင်ရွက်စဉ်တွင် သဟဇာတဖြစ်သော ဆိုရှယ်လစ်လူ့ဘောင် တည်ဆောက်ရေးအတွက် ခိုင်မာသော ဥပဒေအုတ်မြစ်ချမှတ်ရန် လူမှုရေးအစီအစဉ်များနှင့် ဆက်စပ်သည့်ဥပဒေပြုရေးကို မိမိတို့ အာရုံစိုက်ရမည်ဖြစ်ကြောင်း ဝူဘန်ကူးက ပြောကြားသည်။

တရုတ်ပြည်လုံးဆိုင်ရာ ပြည်သူ့ကွန်ဂရက် မျက်နှာစုံညီအစည်းအဝေးတွင် (အင်န်ပီစီ) အမြဲတမ်းကော်မတီ၏ ၂၀၀၇ခုနှစ်လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဝူဘန်ကူးက အထက်ပါအတိုင်းပြောကြားလိုက်ခြင်းဖြစ်သည်။

ပါဝင်

ယခုနှစ်ဥပဒေပြဋ္ဌာန်းရမည့်အဓိက လုပ်ငန်းများတွင် အလုပ်သမားငှားရမ်းသည့်ဥပဒေ၊ အလုပ်အကိုင်မြှင့်တင်ရေးဥပဒေ၊ လူမှုဖူလုံရေးဥပဒေ၊ ဝါဏိဇ္ဇပဋိပက္ခဖျန်ဖြေရေးဥပဒေ၊ အရေးပေါ်ကိစ္စများ တုံ့ပြန်ဖြေရှင်းရေး ဥပဒေ၊ ယုံကြည်မှုဖောက်ဖျက်မှုဥပဒေ၊ နိုင်ငံပိုင် ပစ္စည်းများ ဆိုင်ရာဥပဒေ၊ တရားမဝင် မူးယစ်ဆေးဝါးများတိုက်ဖျက်ရေးဥပဒေ၊ မြို့ပြနှင့် ကျေးလက်စီမံကိန်းဥပဒေ စသည်တို့ပါဝင်သည်။

အမ်အင်န်အေ၊ ဆင်ဟွာ

မင်္ဂလာဆောင်မှ ပြန်လာသော မော်တော်ယာဉ်တိမ်းမှောက်

နယူးဒေလီ မတ် ၁၄

အိန္ဒိယနိုင်ငံ ဩရိသပြည်နယ် အရှေ့ပိုင်း၌ မတ် ၁၁ ရက် မွန်းလွဲပိုင်းက ကုန်တင်ယာဉ်ငယ်တစ်စီး တိမ်းမှောက်ခဲ့ရာ အနည်းဆုံး လူကိုးဦးသေဆုံးပြီး အခြား ၃၀ ဒဏ်ရာရရှိသွားကြောင်း အင်ဒို-အာရှ နယူးဆားဗစ်တွင် သတင်းထုတ်ပြန်သည်။

တိမ်းမှောက်

လူပေါင်း ၃၉ ဦး လိုက်ပါလာသော အဆိုပါမော်တော်ယာဉ်သည် ယင်းပြည်နယ်ရှိ ဘားဂါးခရိုင် တယ်မင်ဒါအမည်ရှိကျေးရွာအနီး၌ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီက တိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့က ပြောကြားသည်။

ယင်းမော်တော်ယာဉ် တိမ်းမှောက်မှုကြောင့် လူခြောက်ဦးမှာ ပွဲချင်းပြီး သေဆုံး၍ အခြားသုံးဦးမှာ ဆေးရုံ၌ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ၎င်းရဲတပ်ဖွဲ့က ပြောကြားသည်။

ပြောကြား

ဒဏ်ရာရရှိထားသူများတွင် ၁၈ဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း၊ အဆိုပါခရီးသည်များသည် မင်္ဂလာဆောင်တစ်ခုမှ ပြန်လာကြသူများဖြစ်ကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ရုရှားသမ္မတပူတင် အီတလီသို့ ခရီးထွက်ခွာမည်

ရောမ မတ် ၁၄

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် လာမည့်သီတင်းပတ်အတွင်း အီတလီနိုင်ငံသို့ အလည်အပတ်ခရီး လာရောက်မည်ဖြစ်ကြောင်း အီတလီသတင်းဌာန အင်ဆာက မတ် ၁၀ ရက်၌ သတင်းထုတ်ပြန်လိုက်သည်။

ရုရှားသမ္မတ ပူတင်အနေဖြင့် လာမည့်သီတင်းပတ်တွင် အီတလီနိုင်ငံသို့ ရောက်ရှိသည့်အခါ အီတလီသမ္မတ ဂလိုဂီရို နာပိုလီတာနိုနှင့် ပထမဆုံး တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ရုရှားသမ္မတသည် အီတလီဝန်ကြီးချုပ် ရိုမာနိုပရိုဒီနှင့် အလုပ်သဘော ညစာစားပွဲ တက်ရောက်မည်ဖြစ်သည်။ ရုရှားသမ္မတနှင့် အီတလီဝန်ကြီးချုပ်တို့သည် လေးကြိမ်မြောက် အီတလီ-ရုရှားထိပ်သီး အစည်းအဝေးသို့ တက်ရောက်ရန် ဘာရီမြို့သို့ သွားရောက်ကြမည် ဖြစ်သည်။

ယင်း အီတလီ-ရုရှား ထိပ်သီး အစည်းအဝေးတွင်နိုင်ငံတကာကိစ္စရပ်များ၊ စွမ်းအင်ကိစ္စရပ်များ နှစ်နိုင်ငံအကြား အပြန်အလှန် ဆက်ဆံရေး၊ ရုရှားနှင့် ဥရောပသမဂ္ဂတို့၏ ဆက်ဆံရေးကိစ္စရပ်များကို ဆွေးနွေးကြမည်ဖြစ်သည်။

ဖလှယ်

ထို့အပြင် အရှေ့အလယ်ပိုင်းဆိုင်ရာကိစ္စရပ်များ၊ အာဖဂန်နစ္စတန်၊ အီရန်နှင့် အီရတ်ကိစ္စရပ်များအပေါ်တွင်လည်း အီတလီဝန်ကြီးချုပ်နှင့် ရုရှားသမ္မတတို့ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အင်အင်န်အေ၊ဆင်ဟွာ

ကူဝိတ်နှင့် အီရန်အကြား လေကြောင်းခရီးစဉ် တိုးချဲ့ပျံသန်းမည်

ကူဝိတ်စီးတီး မတ် ၁၄

ကူဝိတ်အခြေစိုက် ဂျာဇီရာလေကြောင်းလိုင်းက ကူဝိတ်နှင့် အီရန်နိုင်ငံအကြား သီတင်းတစ်ပတ်လျှင် သုံးကြိမ် တိုက်ရိုက်လေကြောင်း ပျံသန်းမှုကို လာမည့် မတ် ၂၆ ရက်မှ စတင်ကာ ပျံသန်းပြေးဆွဲတော့မည်ဖြစ်ကြောင်း ဂျာဇီရာလေကြောင်းလိုင်းက မတ် ၁၀ ရက်၌ သတင်းထုတ်ပြန်လိုက်သည်။

ဂျာဇီရာလေကြောင်းလိုင်းသည် ကူဝိတ်နှင့် တီဟီရန် ခရီးစဉ်ကို လွန်ခဲ့သည့် ၁၅လကတည်းက စတင်ပြေးဆွဲခဲ့ခြင်းဖြစ်ကြောင်း ဂျာဇီရာ လေကြောင်းလိုင်း ဥက္ကဋ္ဌ မာဝမ်ဘိုဒီက ပြောကြားသည်။

သတ်မှတ်

ထိုသို့ ကူဝိတ်နှင့်တီဟီရန်မြို့အကြား ပျံသန်းမည့်ခရီးစဉ်အတွက် လေယာဉ်လက်မှတ်ခများ အထူးလျှော့ချပေးသွားမည်ဖြစ်ရာ လက်မှတ်တစ်စောင်လျှင် ၃၇ ဒသမ ၄ ဒေါ်လာခန့်သာ ကုန်ကျရန် သတ်မှတ်ထားသည်။

ထုတ်ပြန်

ဂျာဇီရာလေကြောင်းလိုင်းမှ လေယာဉ်များအနေဖြင့် သီတင်းအပတ်စဉ် အင်္ဂါ၊ ဗုဒ္ဓဟူးနှင့် သောကြာနေ့များ၌ ပျံသန်းပြေးဆွဲသွားမည် ဖြစ်ကြောင်း ကူနာသတင်းဌာနက သတင်းထုတ်ပြန်သည်။

ပျံသန်းပြေးဆွဲ

ဂျာဇီရာလေကြောင်းလိုင်းသည် လောလောဆယ်တွင် အိန္ဒိယ၊ အီရန်၊ အီဂျစ်၊ ဂျော်ဒန်၊ ဆီးရီးယား၊ လက်ဘနွန်၊ ဘာရိန်းနှင့် ဒူဘိုင်းနိုင်ငံများသို့ လေယာဉ်များ ပျံသန်းပြေးဆွဲလျက်ရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကမ္ဘာ့အသေးငယ်ဆုံး စက်ရုပ်



ကမ္ဘာ့အသေးငယ်ဆုံး စက်ရုပ်တစ်ခုကို တွေ့ရစဉ်။ (ယာပုံ)

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ဂျပန်နိုင်ငံသား စီကိုအိဆွန်က ဒီဇိုင်းတီထွင်ထုတ်လုပ်လိုက်သော စက်ရုပ်လေးမှာ အင်းဆက်ပိုးတစ်ကောင်၏ အရွယ်အစားမျှသာရှိသည်။ ၎င်းစက်ရုပ်လေးမှာ အကျယ် ၁၃၆မီလီမီတာ၊ အမြင့် ၈၅မီလီမီတာနှင့် အလေးချိန် ၈ဒသမ ၆ဂရမ်သာရှိသည်။ ထိုစက်ရုပ်လေးမှာ လုံခြုံရေးနှင့် သဘာဝဘေးဒုက္ခများ ကယ်ဆယ်ရေးတို့၌ အသုံးပြုနိုင်ပြီး ကမ္ဘာပေါ်၌ အသေးငယ်ဆုံး စက်ရုပ်လေး ဖြစ်သည်။ **(အင်တာနက်)**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကမ္ဘာ့အသေးငယ်ဆုံး ခရစ်ကတ်ရိုက်တံနှင့် ဆုတံဆိပ်



ကမ္ဘာ့အသေးငယ်ဆုံး ခရစ်ကတ်ရိုက်တံ၊ ဘောလုံးနှင့် ဆုတံဆိပ်တို့အား တွေ့ရစဉ်။(ဝဲပုံ)

အိန္ဒိယနိုင်ငံ အနောက်မြောက်ပိုင်း အမ်ရစ်ဆာမြို့သား ဂျာပယ်ဆင်းကာလ်စီက တံဆိပ်ခေါင်းတစ်ခု၏ အရွယ်အစားမျှသာရှိသော သစ်သားပေါ်၌ ခရစ်ကတ်ရိုက်တံ၊ ဘောလုံးနှင့် ဆုတံဆိပ်တို့ကို ထုလုပ်ထားရာ ၎င်းသည် ကမ္ဘာပေါ်တွင် အသေးငယ်ဆုံး ခရစ်ကတ်ရိုက်တံ၊ ဘောလုံးနှင့် ဆုတံဆိပ်တို့ဖြစ်ကြောင်းသိရသည်။ **(အင်တာနက်)**

အမေရိကန်သည် အခြားနိုင်ငံများရှိ လူ့အခွင့်အရေးချိုးဖောက်မှုများကိုရှုတ်ချကာ ဆရာကြီးလုပ်နေ မိမိကိုယ်တိုင် လူ့အခွင့်အရေးချိုးဖောက်မှုများကို မသိကျိုးကျွံပြုလျက်ရှိ

အမေရိကန်၏လူ့အခွင့်အရေးချိုးဖောက်မှုများအကြောင်း တရုတ်နိုင်ငံ၏အစီရင်ခံစာက အသေးစိတ်ရေးသားဖော်ပြ

ရန်ကုန် မတ် ၁၄

အမေရိကန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနက ၆–၃–၂၀၀၇ရက် အင်္ဂါနေ့တွင် "၂၀၀၆ခုနှစ်အတွင်း နိုင်ငံအများအပြား၌ လူ့အခွင့်အရေးချိုးဖောက်မှုများ"ဟူသောအစီရင်ခံစာကို ထုတ်ပြန်ခဲ့သည်။ ယင်းအစီရင်ခံစာကို တုံ့ပြန်သောအားဖြင့် "အမေရိကန်နိုင်ငံ၏ ၂၀၀၆ခုနှစ်အတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများ"ဟူသောအစီရင်ခံစာအား တရုတ်နိုင်ငံက ၈–၃–၂၀၀၇ရက် ကြာသပတေးနေ့၌ ထုတ်ပြန်လိုက်သည်။

တရုတ်နိုင်ငံတော်ကောင်စီ ပြန်ကြားရေးဌာနကထုတ်ပြန်သော ယင်းအစီရင်ခံစာ၌ အမေရိကန်နိုင်ငံအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် အမေရိကန်က အခြားနိုင်ငံများတွင် လူ့အခွင့်အရေးဆိုင်ရာ ချိုးဖောက်မှုများ ကျူးလွန်ခဲ့ကြောင်း။

ယခင်နှစ်များကကဲ့သို့ပင် အမေရိကန်သည် တရုတ်အပါအဝင် နိုင်ငံပေါင်း ၁၉၀ ကျော်၌ လူ့အခွင့်အရေး ချိုးဖောက်မှုများရှိနေသည်ဟု လက်ညှိုးထိုး ပြောဆိုခဲ့သော်လည်း မိမိပြည်တွင်း၌ လူ့အခွင့်အရေး ချိုးဖောက်မှုများကိုမူ တစ်စွန်းတစ်စမျှ မဖွင့်ဟခဲ့ကြောင်း၊ ဤ "၂၀၀၆ခုနှစ်အတွင်း အမေရိကန်နိုင်ငံ၌ လူ့အခွင့်အရေးချိုးဖောက်မှုများ" အစီရင်ခံစာကိုထုတ်ဝေခြင်းဖြင့် လူအများ ပိုမိုသဘောပေါက်နားလည်လာကာ နိုင်ငံတကာလူ့အခွင့်အရေးကိစ္စများကို မြှင့်တင်ဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်ကြောင်း။

အမေရိကန်သည် မိမိ၏အင်အားတောင့်တင်းသော စစ်စွမ်းရည်ကို အားကိုးကာ အခြားနိုင်ငံများ၏ အချုပ်အခြာအာဏာအပေါ် ထိပါးကျူးလွန်ပြီး ထိုနိုင်ငံများတွင် လူ့အခွင့်အရေးများကို ချိုးဖောက်လျက်ရှိကြောင်း။

ဂျွန်ဟော့ပ်ကင်းတက္ကသိုလ် Bloomberg School of Public Health ကျောင်း၏ စစ်တမ်းတစ်ရပ်အရ ခန့်မှန်းခြေ အီရတ်လူမျိုး ၅၅၅၀၀၀ခန့် အီရတ်စစ်ပွဲစတင်ခဲ့သည့် ၂၀၀၃ခုနှစ် မတ်လမှယနေ့အထိ သေဆုံးခဲ့ကြရကြောင်း၊ ပျမ်းမျှအားဖြင့် တစ်နေ့လျှင် လူ၅၀၀ခန့် မမျှော်လင့်ဘဲ အသေဆိုးနှင့်သေကြရသည်ဟု ဝါရှင်တန်ပို့စ် သတင်းစာက ၁၁–၁၀–၂၀၀၆ရက်နေ့က ရေးသားဖော်ပြခဲ့ကြောင်း။

၁၉–၁၁–၂၀၀၅ရက်နေ့က အမေရိကန်ရေတပ်မှ တပ်စိတ်တစ်ခုသည် အီရတ်လူနေအိမ်များကို တစ်အိမ်တက်ဆင်း ဝင်ရောက်ရှာဖွေကာ အီရတ်အရပ်သား၂၄ဦးကို သတ်ဖြတ်ကြကြောင်း၊ အမေရိကန်ရေတပ်သား တစ်ယောက် ဟာဒီသာမြို့၌ လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် သေဆုံးခဲ့ရသဖြင့် ထိုသို့ပြုလုပ်ကြခြင်းဖြစ်ကြောင်း၊ အသတ်ခံရသူများအထဲတွင် အသက်(၇၆)နှစ်ရှိ မသန်မစွမ်းအဘိုးအို၊ အသက်သုံးနှစ်သား ကလေးတစ်ဦးနှင့် အမျိုးသမီးခုနစ်ဦးတို့လည်းပါဝင်သည်ဟု ၁၉–၁၁–၂၀၀၅ရက်နေ့ ဘီဘီစီသတင်းတစ်ရပ်အရ သိရကြောင်း။

အမေရိကန်သည် လူ့အခွင့်အရေးဆိုင်ရာ ဂျီနီဗာကွန်ဗင်းရှင်းကို ချိုးဖောက်ကြောင်း၊ အီရတ်စစ်ပွဲနှင့် အာဖဂန်စစ်ပွဲအတွင်း အကျဉ်းသားများအပေါ် စနစ်တကျလူ့အခွင့်အရေးကျူးလွန်ကာ ညှဉ်းပန်းနှိပ်စက်ခဲ့ကြောင်း။

၁၅–၂–၂၀၀၆ရက်နေ့တွင် သြစတြေးလျ SAS ရုပ်မြင်သံကြားမှ အဘူဂါရစ် အကျဉ်းထောင်အတွင်း ရိုက်ယူခဲ့သည့် ၁၀ပုံ မကသော ဓာတ်ပုံနှင့် ဗီဒီယိုပုံများကို ထုတ်လွှင့်ပြသခဲ့ကြောင်း၊ လည်ပင်းတွင် ကွင်းစွပ်ခံထားရသော လူတစ်ဦးက မီးလောင်ဒဏ်ရာများ၊ အချွန်ဖြင့်ထိုးဆွခံထားရသော ဒဏ်ရာများရှိသူအခြားတစ်ဦးကို ဖက်ထားပုံ၊ သွေးစွန်းသော စစ်ဆေးမေးမြန်းခန်းပုံ၊ မစင်များပေကျံနေသော စိတ်မနှံ့ပုံရသူတစ်ဦးပုံ စသဖြင့် ပုံများပါဝင်ခဲ့ကြောင်း။

အမေရိကန် ပြည်သူတို့၏ အသက်အိုးအိမ် စည်းစိမ်နှင့် လူမှုလုံခြုံရေးတို့ကို အမေရိကန်အစိုးရအနေဖြင့် ကောင်းစွာ မစောင့်ရှောက်နိုင်ခဲ့ကြောင်း။

အမေရိကန်နိုင်ငံ တရားရေးဌာနမှ ၁၀–၉–၂၀၀၆ရက်နေ့တွင် ထုတ်ဝေသော အစီရင်ခံစာကို ကိုးကား၍ အမေရိကန်ပြည်ထောင်စု၌ ၂၀၀၆ ခုနှစ်အတွင်း ပြစ်မှုပေါင်း ၅ဒသမ၂ သန်းရှိခဲ့ပြီး ယမန်နှစ်ကထက် ၂ဒသမ ၅ရာခိုင်နှုန်း တိုးပွားလာကြောင်း၊ ယမန်နှစ်က နှုန်းသည် လွန်ခဲ့သော ၁၅နှစ်အတွင်း အများဆုံးဖြစ်ကြောင်း။

၂၀၀၆ ခုနှစ်အတွက် ထုတ်ဝေသော ကိန်းဂဏန်းများအရ ၂၀၀၆ခုနှစ်တွင် အသက်(၁၂)နှစ်နှင့် အထက်ရှိ အမေရိကန်ပြည်သူများမှာ ပြစ်မှု ၂၃သန်းကို ကြုံတွေ့ခံစားကြရကြောင်း၊ အသက်(၁၂)နှစ်နှင့် အထက်ရှိ ကလေး၁၀၀၀တွင် တစ်ဦးသည် မုဒိမ်းကျင့်ခံရခြင်း သို့မဟုတ် လိင်မှုဆိုင်ရာ ကျူးလွန်စော်ကားခံရခြင်း၊ ကလေး၁၀၀၀ တွင် တစ်ဦးသည် အနာတရဖြစ်အောင် အစော်ကားခံရခြင်း၊ ကလေး၁၀၀၀တွင် သုံးဦးသည် လုယက်ခံရခြင်းတို့ ကြုံတွေ့ကြရကြောင်း။

အမေရိကန် ပြည်ထောင်စုတွင် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ပတ်သက်၍ ဥပဒေကို ကာကွယ်စောင့်ရှောက်သော အဖွဲ့အစည်းများနှင့် တရားရေးအဖွဲ့အစည်းများကပင် ပါဝင်ကျူးလွန်ကြသည်မှာ အဆန်းမဟုတ်တော့ကြောင်း၊ ၂၀၀၁ခုနှစ် စက်တင်ဘာ၁၁ရက် အဖြစ်အပျက်ကြီးဖြစ်ပွားပြီးနောက် FBI နှင့် အခြားအစိုးရဌာနများက လူပေါင်း၆၄၇၂ဦးကို တရားစွဲဆိုခြင်း၊ အကြမ်းဖက်မှုနှင့် စပ်လျဉ်း၍ စွဲချက်တင်ခြင်းများ ပြုလုပ်ခဲ့ကြကြောင်း။

ဆိုင်ရာကျေ့စ်တက္ကသိုလ် လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ ရှင်းလင်းရေးဌာနမှ ပြောကြားချက်အရ အကြမ်းဖက်သမားဟု သံသယရှိသူများအနက် သုံးပုံ တစ်ပုံကို အမေရိကန်ပြည်ထောင်စု၌ ဖမ်းဆီးထားပြီး ငါးနှစ်ကြာသည့်တိုင် သက်သေမခိုင်လုံသဖြင့် ရုံးတင်စစ်ဆေးမှု မပြုနိုင်ခဲ့ကြောင်း။

၄–၁၁–၂၀၀၆ရက်နေ့ထုတ် AFP သတင်းတစ်ရပ်အရ ထိုအမှုများအနက် ၆၄ရာခိုင်နှုန်းကို အစိုးရရှေ့နေများက တရားမစွဲဆိုလောက်ဟု ဆုံးဖြတ်ခဲ့ကြပြီး နောက်ထပ် ၉ရာခိုင်နှုန်းကို ရုံးတော်မှ လွှတ်ပေးခြင်း၊ အပြစ်မရှိကြောင်း စစ်ဆေးတွေ့ရှိရခြင်းတို့ ဖြစ်ခဲ့ကြောင်း။

မကြာသေးမီသောနှစ်များအတွင်း အမေရိကန်ပြည်သူများမှာ နိုင်ငံသားတစ်ဦးချင်းဆိုင်ရာ အခွင့်အရေးများအပေါ် ကျူးလွန်ထိပါးမှုများကို တိုး၍ ခံစားခဲ့ကြရကြောင်း၊ အဘယ်ကြောင့်ဆိုသော် အစိုးရက စက်တင်ဘာ ၁၁ရက်ဖြစ်ရပ် ဖြစ်ပွားပြီးနောက် အမေရိကန်နိုင်ငံသားတိုင်းကို အကြမ်းဖက်မှုစောင့်ကြည့်ရေး အစီအစဉ်တစ်ရပ်အနေဖြင့် အချိန်ပြည့် စောင့်ကြည့်နေခဲ့၍ပင် ဖြစ်ကြောင်း။

၂၀၀၆ ခုနှစ် ဒီဇင်ဘာလက ထုတ်ပြန်သော စစ်တမ်းတစ်ရပ်အရ အမေရိကန်ပြည်သူ သုံးပုံ နှစ်ပုံက FBI နှင့် အခြားအစိုးရအဖွဲ့အစည်းများသည် မိမိတို့၏ ပုဂ္ဂိုလ်ရေးလုံခြုံမှုကို ကျူးကျော်ဝင်ရောက်ကြကြောင်းပြောဆိုကြသည်ဟု ၁၃–၁၂–၂၀၀၆ရက်နေ့ထုတ် ဝါရှင်တန်ပို့စ် သတင်းစာက ရေးသားဖော်ပြခဲ့ကြောင်း ဖော်ပြထားသည်။

ထို့အပြင် အမေရိကန်၏ ကိုယ့်ကိုယ်ကို အမွှမ်းတင်သော ဒီမိုကရေစီကိုလည်း ဝေဖန်ထားသည်။ ရွေးကောက်ပွဲတွင် အမေရိကန်၏ ဒီမိုကရေစီပုံစံမှာ ငွေသာအဓိက ဖြစ်သည်ဟု ဆိုသည်။

၂၀၀၄ခုနှစ်က ပြည်သူ့ကိုယ်စားလှယ်အရွေးခံမည့်သူများတွင် ရန်ပုံငွေ ဒေါ်လာတစ်သန်းပြည့်မီအောင် မရှာနိုင်သူများမှာ အရွေးခံရဖို့ မလွယ်ချေဟု USA Today သတင်းစာက Center for Responsive Politics ဌာနမှ ပြောရေးဆိုခွင့်ရှိသူ၏ အဖြေကို ကိုးကား၍ ၂၉–၁၀–၂၀၀၆ရက်နေ့က ရေးသားဖော်ပြခဲ့ကြောင်း။

ဆီးနိတ်အမတ်အဖြစ် အရွေးခံရရေးမှာ ဒေါ်လာ ခုနစ်သန်းခန့် ကုန်ကျကြောင်း၊ ၂၀၀၆ခုနှစ်တွင် အမေရိကန်တစ်ပြည်လုံး၌ ရွေးကောက်ပွဲ ကုန်ကျစရိတ် စုစုပေါင်းဒေါ်လာ ၂ဒသမ ၄ ဘီလီယံခန့် ရှိမည်ဟု ခန့်မှန်းထားကြောင်း။

New Opinion သုတေသနစစ်တမ်းကို ဖြေကြားသူ ၇၄ရာခိုင်နှုန်းက ကွန်ဂရက်လွှတ်တော်သည် အမေရိကန်ပြည်သူများနှင့် မဆိုင်သလိုဖြစ်နေကြောင်းပြောသည်ဟု ၁၈–၁၀–၂၀၀၆ရက်နေ့ CNN သတင်းတစ်ရပ်အရသိရကြောင်း၊ ၇၉ရာခိုင်နှုန်းမှာအုပ်ချုပ်ရေးပိုင်းတွင် စီးပွားရေးလုပ်ငန်းရှင်ကြီးများက သြဇာလွှမ်းမိုးမှု များစွာရှိနေသည်ဟု ပြောခဲ့ကြောင်း။

အမေရိကန်ပြည်ထောင်စုအနေဖြင့် ပြည်သူတို့၏ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုအခွင့်အရေးများကို အာမခံချက်ကောင်းစွာ မပေးနိုင်ကြောင်း။

၂၉–၈–၂၀၀၆ရက်နေ့က အမေရိကန်ပြည်ထောင်စု သန်းခေါင်စာရင်းရုံးမှ ထုတ်ပြန်သောအစီရင်ခံစာအရ ၂၀၀၅ခုနှစ်တွင် ဆင်းရဲမွဲတေသူ ၃၇သန်းရှိခဲ့ပြီး ထိုပမာဏမှာ အမေရိကန်လူဦးရေ၏ ၁၂ဒသမ ၆ရာခိုင်နှုန်းရှိကြောင်း၊ ထိုအစီရင်ခံစာက ၂၀၀၅ခုနှစ်တွင် မိသားစုပေါင်း၇ဒသမ၇သန်း ဆင်းရဲမွဲတေနေကြောင်း၊ အမေရိကန်ရှစ်ဦးတွင် တစ်ဦးသည် ဆင်းရဲစွာနေထိုင်ကြရကြောင်း၊ တိုင်းရင်းသားလူနည်းစုများမှာ အမေရိကန်လူနေမှုအဆင့်တွင် အောက်ဆုံးသို့ ရောက်နေကြရကြောင်း။

၂၀၀၆ခုနှစ် နိုဝင်ဘာလတွင် ထုတ်ပြန်သော အမေရိကန်ပြည်ထောင်စု သန်းခေါင်စာရင်းရုံး၏ကိန်းဂဏန်းများအရ ၂၀၀၅ခုနှစ်တွင် အိမ်ထောင်စုတစ်စု၏ နှစ်စဉ်ပျမ်းမျှဝင်ငွေသည် လူဖြူများအတွက် ဒေါ်လာ ၅၀၆၂၂ဖြစ်ကြောင်း၊ စပိန်သွေးပါသူများအတွက် ဒေါ်လာ ၃၆၂၇၈ဖြစ်ကြောင်း၊ လူမည်းများအတွက် ဒေါ်လာ၃၀၉၄၀ဖြစ်ကြောင်း၊ လူဖြူများ၏ ဝင်ငွေမှာ လူမည်းများ၏ ဝင်ငွေထက် ၆၄ရာခိုင်နှုန်း သာလွန်ကြောင်း၊ စပိန်သွေးပါသူများထက် ရာခိုင်နှုန်း ၄၀ သာလွန်ကြောင်း။

လူမျိုးရေးခွဲခြားမှုမှာလည်း အမေရိကန်၏ ဥပဒေကိုကာကွယ်စောင့်ရှောက်သော အဖွဲ့အစည်းများနှင့် တရားရေးဆိုင်ရာ အဖွဲ့အစည်းများတွင် နက်ရှိုင်းစွာအမြစ်တွယ်နေကြောင်း။

National Urban League ၏ ကိန်းဂဏန်းများအရ ပြစ်မှုအမျိုးပေါင်း ၁၂မျိုးတွင် လူမည်းများကို လူဖြူများထက် ပြစ်ဒဏ်ပိုမိုချမှတ်ကြောင်း။

အမေရိကန်ပြည်ထောင်စုအတွင်း အမျိုးသမီးများ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ မသန်မစွမ်းသူများ၏ လူ့အခွင့်အရေး အခြေအနေများမှာ အလွန်စိုးရိမ်ဖွယ်ဖြစ်ကြောင်း။

အလုပ်အကိုင်ချင်းတူသော်လည်း အမေရိကန်အမျိုးသားများနှင့် အမျိုးသမီးတို့မှာ လုပ်ခတန်းတူ မရကြကြောင်း၊ အမျိုးသမီးများက အမျိုးသားများထက် လျော့နည်းပြီးရကြကြောင်း။

အလယ်အလတ်တန်းစားအမျိုးသားတစ်ယောက်၏ ဝင်ငွေမှာ ဒေါ်လာ ၄၂၀၀၀ဖြစ်ပြီး အမျိုးသမီးတစ်ယောက်၏ဝင်ငွေမှာ ဒေါ်လာ ၃၂၀၀၀ဖြစ်ကြောင်း၊ အမျိုးသမီး အမျိုးသားဝင်ငွေ အချိုးမှာ ၇၆ရာခိုင်နှုန်းဖြစ်ကြောင်း။

၂၀၀၆ ခုနှစ် သြဂုတ်လတွင် ထုတ်ပြန်သော အမေရိကန်ပြည်ထောင်စု သန်းခေါင်စာရင်းရုံး၏ ကိန်းဂဏန်းများ အရ ၂၀၀၅ခုနှစ် နှစ်ကုန်တွင် အသက်၁၈နှစ်အောက်ကလေး၁၂ဒသမ ၉သန်းမှာ ဆင်းရဲမွဲတေစွာနေကြရပြီး လူဦးရေ၏ ၁၇ဒသမ ၈ ရာခိုင်နှုန်းဖြစ်ကြောင်း ဆင်းရဲသူ ၃၇သန်း၏ ၃၅ဒသမ၂ရာခိုင်နှုန်းဖြစ်ကြောင်း။

၂၀၀၆ ခုနှစ်တွင် ထုတ်ပြန်သော အမေရိကန်ပြည်ထောင်စု သန်းခေါင်စာရင်းရုံး၏ ကိန်းဂဏန်းများအရ အသက် ၆၅နှစ်ကျော်သော သက်ကြီးရွယ်အို ဆင်းရဲသူများမှာ ၂၀၀၄ခုနှစ်တွင် ၃ဒသမ၅သန်းရှိခဲ့ရာမှ ၂၀၀၅ခုနှစ်တွင် ၃ဒသမ ၆သန်းရှိလာကြောင်း၊ ဆင်းရဲမှုနှုန်း ၁၀ဒသမ၁ရာခိုင်နှုန်း တိုးလာခြင်းဖြစ်ကြောင်း။

လော့စ်အိန်ဂျယ်လိစ်မြို့တွင် ကောက်ယူသောစစ်တမ်း၌ အိုးမဲ့အိမ်မဲ့ ၈၈၃၄၅ ဦး၏ ၄၉ ရာခိုင်နှုန်းမှာ ကာယပိုင်းဖြစ်စေ၊ စိတ်ပိုင်းဖြစ်စေ ချို့တဲ့သူများဖြစ်သည်ဟု နယူးယောက်တိုင်းမ်စ်သတင်းစာက ၁၅–၁–၂၀၀၆ရက်နေ့က ရေးသားဖော်ပြထားကြောင်း။

အမေရိကန်အစိုးရက လူ့အခွင့်အရေးကာကွယ်ရန်ဟူ၍ အသံကောင်းဟစ်ကာ လက်တွေ့တွင် လူ့အခွင့်အရေး ချိုးဖောက်နေမှုများကြောင့် အမေရိကန်၏ ပုံရိပ်သည် နိုင်ငံတကာအလယ်တွင် ဆိုးရွားနေပြီဖြစ်ကြောင်း။

၂၃–၁–၂၀၀၇ရက်နေ့က ထုတ်ပြန်သော BBC World Service စစ်တမ်းအရ ၂၅နိုင်ငံမှ လူ ၂၆၃၆၁ ဦးကို မေးခွန်းမေးမြန်းရာ အမေရိကန်အစိုး၏ အီရတ်စစ်ပွဲ ကိုင်တွယ်မှုကို ၇၃ရာခိုင်နှုန်းက သဘောမကျကြကြောင်း၊ ၄၉ရာခိုင်နှုန်းက အမေရိကန်အစိုးရသည် တစ်ကမ္ဘာလုံးနှင့်ဆန့်ကျင်လုပ်ရှားနေသည်ဟု ပြောကြားခဲ့ကြောင်း။

အရှေ့အလယ်ပိုင်း၌ အမေရိကန်ကျူးကျော်တိုက်ခိုက်မှုကြောင့်လည်းကောင်း၊ ဂွာတီမာလာပင်လယ်အော်တွင် မူလကြေညာထားသော တန်ဖိုး Values များနှင့် အမှန်တကယ်လုပ်ဆောင်မှုများ Actions အဆက်အစပ်မရှိမှုတို့ကြောင့်လည်းကောင်း၊ အမေရိကန်ကို အဆိုးမြင်လာကြသည်ဟု ကျွမ်းကျင်သူများက ဆိုကြောင်း၊ **ကမ္ဘာ့နိုင်ငံများ၌ လူ့အခွင့်အရေး ချိုးဖောက်မှုများစာရင်းကို နှစ်စဉ်ထုတ်ပြန်နေမှုမှာ ပြီးခဲ့သော စစ်အေးတိုက်ပွဲကာလကစတင်ခဲ့သည့် အမေရိကန်အစိုးရ၏ မဟာဗျူဟာတစ်ရပ်သာဖြစ်ကြောင်း။**

အမေရိကန်သည် အခြားနိုင်ငံများရှိ လူ့အခွင့်အရေးချိုးဖောက်မှုများကို ရှုတ်ချကာ ဆရာကြီးလုပ်နေပြီး မိမိကိုယ်တိုင် လူ့အခွင့်အရေးချိုးဖောက်မှုများကို မသိကျိုးကျွံပြုနေကြောင်း၊ ဤသည်ကပင် လူ့အခွင့်အရေးကိစ္စများနှင့် ပတ်သက်၍ အမေရိကန်၏ လိုတစ်မျိုး၊ မလိုတစ်မျိုးလုပ်ဆောင်မှုနှင့် ဗိုလ်ကျစိုးမိုးရေးဝါဒတို့ကိုသိသာစေကြောင်း။

အမေရိကန်အစိုးရအနေဖြင့် မိမိနိုင်ငံအတွင်းရှိ လူ့အခွင့်အရေး ပြဿနာများကို အသိအမှတ်ပြု၍ အရင်ဖြေရှင်းရန်နှင့် လူ့အခွင့်အရေးကိုအကြောင်းပြု၍ အခြားနိုင်ငံများ၏ ပြည်တွင်းရေး၌ ဝင်ရောက်စွက်ဖက်မှုမပြုရန် တိုက်တွန်းလိုက်ကြောင်းဖြင့် အစီရင်ခံစာက ဖော်ပြထားသည်။

အမေရိကန်၏နှစ်စဉ်အစီရင်ခံစာထုတ်ပြန်မှုအပေါ် တရုတ်နိုင်ငံက တုံ့ပြန်သည့် အစီရင်ခံစာကို နှစ်စဉ်ထုတ်ပြန်ခဲ့ရာ ယခုနှစ်သည် (၈)နှစ်မြောက်ဖြစ်ကြောင်းသိရသည်။ ။ **(အမ်အင်န်အေ/ဆင်ဟွာ)**

စက်မှုကုန်ကြမ်းရော်ဘာအပြင် ဒေသအတွင်းဖြစ်ထွန်းသည့် သီးနှံများစိုက်ပျိုး ကျေးရွာများအကျိုးရှိမည့်လုပ်ငန်းများကို ဒေသခံပြည်သူများနှင့်ပူးပေါင်းဆောင်ရွက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို မေတ္တာမြို့ တိုက်နယ်ပြည်သူ့ဆေးရုံကြီးတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၁၄

တနင်္သာရီတိုင်း ထားဝယ်မြို့၌ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတို့မှ တာဝန်ရှိသူများလိုက်ပါလျက် မတ်၁၂ရက် နံနက်ပိုင်းတွင် ထားဝယ်ခရိုင် မေတ္တာမြို့၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် အဖွဲ့ဝင်များနှင့်အတူ နံနက်စနာရီတွင် မေတ္တာမြို့ရဲတပ်ဖွဲ့ စခန်းသို့ရောက်ရှိပြီး ကြည့်ရှုစစ်ဆေး သည်။

မေးမြန်းဆွေးနွေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် မေတ္တာမြို့ အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းအုပ်ကြီး ဦးကြည်စွမ်းက အခြေခံပညာ အထက်တန်းကျောင်းနှင့်စပ်လျဉ်းသည်များကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ဆရာ ဆရာမများနှင့် တစ်ဦးချင်းတွေ့ဆုံကာ ပညာသင်ကြားရေး ဆိုင်ရာအခြေအနေများကို မေးမြန်း ဆွေးနွေးသည်။

ရှင်းလင်းပြသ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် အဖွဲ့ဝင်များနှင့်အတူ မေတ္တာမြို့ တိုက်နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး လူနာဆောင်၊ဆေးသိုလှောင်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ကျန်းမာရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ တင်မင်း၊ ဆေးရုံ အုပ်ဒေါက်တာ သန်းဝင်းနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

အင်ပြည့်အားပြည့်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက သိရှိလိုသည်များကို မေးမြန်း ဆွေးနွေးပြီး မိမိဒေသ ပြည်သူများ ကျန်းမာ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း များတွင် ပါဝင်ဆောင်ရွက်နိုင်ရန် ကျန်းမာရေး ဝန်ထမ်းများက ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို အင်ပြည့်အားပြည့် ထမ်းဆောင်ကြရန် လိုကြောင်းဖြင့် မှာကြားပြီး ဝန်ထမ်း များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် အဖွဲ့ဝင်များနှင့် အတူ မေတ္တာမြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီး ဌာနရုံးသို့ရောက်ရှိပြီး မေတ္တာမြို့မှ ဌာန ဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင် များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံ သည်။

တင်ပြ

ရှေးဦးစွာ မေတ္တာမြို့ အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနမှူး ဦးကျော် ဆွေက မေတ္တာမြို့၏ တည်နေရာနှင့် အကျယ်အဝန်း၊ ဒေသဝမ်းစာဖူလုံမှု၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးဆိုင် ရာများကို လည်းကောင်း၊ မေတ္တာ မြို့ မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း မန်နေဂျာ ဒေါ်မာမာဝင်းက မေတ္တာမြို့ စိုက်ပျိုး ရေးကဏ္ဍ၌ ဆောင်ရွက်မှုအခြေအနေ များကိုလည်းကောင်း ရှင်းလင်းတင်ပြ ကြရာ တိုင်းမှူး ဗိုလ်မှူးချုပ် ခင်ဇော်ဦး က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက မေတ္တာမြို့ တိုက်နယ် ပြည်သူ့ဆေးရုံ ဆေးပဒေသာပင် အတွက် အလှူငွေကျပ်၁၀သိန်း၊ တိုင်းမှူး ဗိုလ်မှူးချုပ် ခင်ဇော်ဦးက ဆေးပဒေသာ ပင်အတွက် အလှူငွေ ကျပ်သုံးသိန်း၊ အခြေခံပညာ အထက်တန်းကျောင်း စာသင်ခုံ အစုံ၄၀ အတွက် အလှူငွေကျပ် လေးသိန်း တို့ကို ပေးအပ်လှူဒါန်းကြရာ ဆေးရုံအုပ် ဒေါက်တာသန်းဝင်းနှင့် ကျောင်းအုပ်ကြီး ဦးကြည်စွမ်းတို့က လက်ခံကြသည်။

စိုက်ပျိုးရေးအခြေခံ

ဆက်လက်၍ မေတ္တာမြို့ရှိ ရပ်မိ ရပ်ဖများက ဖွံ့ဖြိုးတိုးတက်ရေးဆိုင် ရာများကို ဆွေးနွေးတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက သိရှိ လိုသည်များကို မေးမြန်းဆွေးနွေးပြီး အမှာစကားပြောကြားရာ၌ မေတ္တာ မြို့ရှိ ဒေသခံများ၏စီးပွားရေးသည် စိုက်ပျိုး ရေးလုပ်ငန်းကို အခြေခံထား လုပ်ကိုင် ကြကြောင်း၊ စိုက်ပျိုးရေးတွင် စက်မှု ကုန်ကြမ်းသီးနှံပင်ဖြစ်သည့် ရော်ဘာ အပြင် ဒေသတွင်းဖြစ်ထွန်းသည့် သီးနှံ ပင်များကိုလည်း စိုက်ပျိုးကြရန်လို ကြောင်း၊ ခြံစည်းရိုးကြက်ဆူပင်များ ကိုလည်း စိုက်ပျိုးကြစေလိုကြောင်း၊ ယင်းသီးနှံပင်များအပြင် ကုန်းမြင့် လယ်ယာစပါးများပါ စိုက်ပျိုးကြရမည် ဖြစ်ကြောင်းဖြင့် တိုက်တွန်းမှာကြားပြီး တက်ရောက် လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

စိုက်ပျိုးပြီး

အဆိုပါ မေတ္တာမြို့တွင် မိုးစပါး ၁၀၄၁၂ ဧက၊ နွေစပါး သုံးဧက၊ ရော်ဘာ ၃၇၆၈ ဧက၊ ငရုတ်ကောင်း ၄၃၈ ဧက၊ ခြံစည်းရိုးကြက်ဆူပင် ၅၉၈ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်းသိရှိရသည်။

တူးဖော်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် အဖွဲ့ဝင်များနှင့်အတူ လောင်းလုံမြို့နယ် စစ်ပြဲကျေးရွာအုပ် စုတွင် ကိုယ့်အားကိုယ်ကိုး ချောင်းကော မြောင်းကော တူးဖော်ခြင်းလုပ်ငန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ လောင်းလုံမြို့နယ် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်လှ က ကျေးရွာအုပ်စု လေးအုပ်စုရှိ ဒေသခံတောင်သူများနှင့်အတူ ချောင်း ကောမြောင်းကောတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို လည်း ကောင်း၊ ထားဝယ် ခရိုင်အေးချမ်းသာ ယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်မြင့်သန်းနှင့် ဆည်မြောင်းဦးစီး ဌာနမှ အင်ဂျင်နီယာ ဦးဝင်းဟန်တို့က စက်ယန္တရားဖြင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေကိုလည်းကောင်း ရှင်းလင်း တင်ပြကြရာ တိုင်းမှူး ဗိုလ်မှူးချုပ် ခင်ဇော်ဦးက ဖြည့်စွက်ရှင်းလင်းတင်ပြ သည်။

ညှိနှိုင်းဆောင်ရွက်ပေး

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ပေါင်း စပ်ညှိနှိုင်းဆောင်ရွက်ပေးပြီးအမှာစကား ပြောကြားရာတွင် ပြည်နယ်နှင့်တိုင်း ဒေသအသီးသီးတို့၌ ဒီမိုကရေစီနိုင်ငံ တော်သစ် ထူထောင်ရာတွင် ကိုက်ညီ မည့် အုပ်ချုပ်ရေးယန္တရားပြုပြင်ပြောင်း လဲမှုများ ပြုလုပ်ပြီး လေ့ကျင့်ပျိုးထောင် ပေးလျက်ရှိကြောင်း၊ ယခုစစ်ပြဲကျေးရွာ အပါအဝင်ကျေးရွာအုပ်စုများရှိ အုပ်ချုပ် ရေးတာဝန်ရှိသူများသည် ဒေသဖွံ့ဖြိုး ရေးလုပ်ငန်းများကို ဒေသခံပြည်သူများ နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ဒေသဆိုင်ရာ တာဝန်ရှိသူများက ပံ့ပိုး ကူညီဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ယခုစစ်ပြဲကျေးရွာ၊ လေးသွန်းခံကျေးရွာ၊ ဝေဒီကျေးရွာနှင့် ပြင်းထိန်ကျေးရွာအုပ် စုများရှိ ဒေသခံတောင်သူများ ပူးပေါင်း ၍ ကိုယ့်အားကိုယ်ကိုး ချောင်းကော မြောင်းကော တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးပါက ယင်းကျေးရွာများရှိ လယ်ဧက ၆၅၀၅ ဒသမ ၁၂ ဧကကို အကျိုးပြုနိုင်မည်ဖြစ်ကြောင်း၊ ကျေးရွာ အုပ်စု အုပ်ချုပ်ရေးတာဝန်ရှိသူများက ကျေးရွာများအတွက် အကျိုးရှိမည့် အကျိုးပြုမည့်လုပ်ငန်းများကို ဒေသခံ ပြည်သူများနှင့်ပူးပေါင်းဆောင်ရွက်ကြ ရန်လိုကြောင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူ များကလည်း တောင်သူများနှင့် ဒေသခံ ပြည်သူများအား ပံ့ပိုးကူညီကြရမည် ဖြစ်ကြောင်းဖြင့် တိုက်တွန်းပြောကြားပြီး ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် လောင်းလုံးမြို့နယ် စစ်ပြဲ ကျေးရွာအုပ်စုရှိ ပိန်းရှောင်ချောင်းကော အား စက်ယန္တရားဖြင့် တူးဖော်လုပ်ငန်း ဆောင်ရွက်နေမှုကို ရှုရပ်မှ ကြည့်ရှု စစ်ဆေးပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆီအုန်းစက်ရုံ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် အဖွဲ့ဝင်များနှင့် အတူ ထားဝယ်–ကျောက်နီမော် ကားလမ်း ဘေးရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်း လုပ်ငန်း၏ လောင်းလုံဆီအုန်းစက်ရုံ သို့ ရောက်ရှိပြီး စက်ရုံရှင်းလင်းဆောင် ၌ စက်ရုံမှူး ဦးဝင်းကိုဦးက တစ်နာရီ လျှင် ၁၅ တန်ကျ ဆီအုန်းဆီကြမ်း စက်ရုံ၏ ထုတ်လုပ်မှုအဆင့်ဆင့်ကို လည်းကောင်း၊ ဆီအုန်းခြံများတာဝန်ခံ မန်နေဂျာဦးစိုးဟန်နှင့် မန်နေဂျာဦးသန်း ထွန်းဝေတို့က လောင်းလုံ ဆီအုန်းခြံနှင့် ပုဂေါဇွန်း ဆီအုန်းခြံများ၌ နှစ်အလိုက် စိုက်ပျိုးမှု အခြေအနေများ ကိုလည်း ကောင်း ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦးက ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

လောင်းလုံဆီအုန်းခြံတွင် စိုက်ဧက ၁၆၀၀၊ ပုဂေါဇွန်းဆီအုန်းခြံတွင် စိုက် ဧက ၄၃၉၀ စိုက်ပျိုးထားရှိပြီး လောင်းလုံ ဆီအုန်းစက်ရုံသည် တစ်နှစ်လျှင် ဆီအုန်း ဆီကြမ်း တန် ၄၇၀ ခန့် ကြိတ်ဝါးနိုင် ကြောင်းသိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် ထားဝယ် မြို့၌ ရပ်နားကြသည်။ **(သတင်းစဉ်)**

✱ ရှေ့ဖုံးမှ

ဆက်လက်၍ ဆေးရုံ၏ခွဲစိတ်ခန်း၊ ဓာတ်မှန်ခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ် သည်များ မှာကြားဖြည့်ဆည်း ဆောင် ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် နံနက် ၈ နာရီတွင် ထီးချိုင့်–ကျောက် ကုန်းကားလမ်း မိုင်တိုင်(၁၇/၂)ရှိ တည်တောကျေးရွာအုပ်စု တည်တော ကျေးရွာ၌ ခြံစည်းရိုး ကြက်ဆူအစေ့ချ ပျိုးထောင်နေမှုကို ကြည့်ရှုစစ်ဆေး သည်။

အဆိုပါ တည်တောကျေးရွာ၏ ခြံစည်းရိုးကြက်ဆူ ပျိုးထောင်မှုမှာ အစေ့ချပျိုးပင် ၁၀ ဧကအတွက် ပျိုးပင် ၁၂၀၀၀ နှင့် ကိုင်းပျိုးပင် လေးဧက အတွက် ပျိုးပင်၄၈၀၀ တို့ကို ပျိုးထောင် ထားပြီးဖြစ်ကြောင်း သိရှိရသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မိုင်တိုင်(၁၆/၇)ရှိ မုခ်တစ်ထောင် စေတီတော်အနီး၌ တည်တောကျေးရွာ အုပ်စုတစ်အုပ်တစ်မခြံစည်းရိုး ကြက်ဆူ ဧက ၁၁၀ စိုက်ခင်း၌ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ ခြံစည်းရိုးကြက်ဆူပင် ပေါင်းရှင်း၊ မြေ ပြုပြင်နေမှုကို လည်းကောင်း၊ ထီးချိုင့်မြို့ အမှတ်(၅)ကြက်သွန်ခင်းရပ်ကွက်ရှိ မြို့ပေါ်ရပ်ကွက်များ၏ခြံစည်းရိုးကြက်ဆူ စုပေါင်းပျိုးခင်း ငါးဧကအတွက် ပင်ရေ ၆၀၀၀ ပျိုးထောင်ထားရှိမှုအခြေအနေ ကိုလည်းကောင်း လှည့်လည် ကြည့်ရှု စစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် က လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

တင်ပြ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ထီးချိုင့်မြို့နယ် အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေး ခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ ဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံ ရာ ရှေးဦးစွာ ထီးချိုင့်မြို့နယ် ဥက္ကဋ္ဌ ဦးဌေးလွင်က မြို့နယ်၏ အုပ်ချုပ်ရေး၊ လူမှုရေးနှင့်စီးပွားရေးအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ် သာအေးက ဖြည့်စွက်ရှင်းလင်းတင်ပြ သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်အား ဌာနဆိုင်ရာ တာဝန်ရှိသူ များက ဒေသဖွံ့ဖြိုးရေးအတွက် လုပ်ငန်း ကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို အသီးသီး ရှင်းလင်းတင်ပြကြသည်။

ဖြည့်ဆည်းပေး

ထို့နောက် တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ညှိနှိုင်း ဖြည့်ဆည်း ပေးပြီး အမှာစကားပြောကြားရာတွင် စစ်ကိုင်းတိုင်းမှ ကချင်ပြည်နယ်အထိ ဆက်သွယ်သွားလာမှု ကောင်းမွန်ရေး အတွက် နိုင်ငံတော်အကြီးအကဲက စစ်ကိုင်း–ရွှေဘို–မြစ်ကြီးနားလမ်း၊ မန္တလေး–ငါးအိုး–ရွှေကူ–ဗန်းမော်– မြစ်ကြီးနားလမ်းများအပြင် ဧရာဝတီ မြစ်အနောက်ဘက်ကမ်းတွင် ဧရာဝတီ မြစ်နှင့်ယှဉ်၍ စစ်ကိုင်းမှကသာ–မြစ် ကြီးနားအထိ ခရိုင်ချင်းဆက်လမ်း ဖောက်လုပ်ရန်လမ်းညွှန်မှုနှင့်အညီ ယခု ခရိုင်ချင်းဆက်လမ်း အမှတ်(၃) ဖောက် လုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ယခင်က သွားလာရေး ခက်ခဲခဲ့သော ဤဒေသရှိ ကျေးရွာများ ယခုအခါ သွားလာရေးလွယ်ကူလာပြီး ဒေသနေ ပြည်သူများ စီးပွားဖွံ့ဖြိုးလာကာ လူနေမှု ဘဝ မြင့်မားလာကြပြီဖြစ်ကြောင်း။

အခမ်းအနားရုပ်သိမ်း

လမ်းပန်းဆက်သွယ်မှု ကောင်းမွန် လာပြီဖြစ်၍ အထူးသဖြင့် နိုင်ငံ့ဝန်ထမ်း များသည် ဒေသဖွံ့ဖြိုးရေး လုပ်ငန်း များကို ဖိဖိစီးစီး လုပ်ဆောင်ကြရန် ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် ဒေသ၏လိုအပ်ချက်များကို ဆောင် ရွက်ရန် တာဝန်ပေးအပ်ထားမှုအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် တိုးတက်မှုအခြေ အနေများကို အမြဲစိစစ် ဆန်းစစ်၍ ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းဖြင့် မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်း လိုက်သည်။

အလေးထားစိုက်ပျိုး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ထီးချိုင့်မြို့မှ ခရိုင်ချင်းဆက် လမ်း အမှတ်(၃)အတိုင်း ထွက်ခွာ၍ မိုင်တိုင် (၁၆၁/၃)နေရာ၌ ဧရာဝတီမြစ်ဘေးရှိ ကိုင်းသီးနှံစိုက်ခင်းများကို ကြည့်ရှု စစ်ဆေးသည်။

ထိုမှတစ်ဆင့် မိုင်တိုင်(၁၆၂/၃) အနီး ကျောက်မော်ကျေးရွာအုပ်စု ဇီးကုန်းကျေးရွာသို့ ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဒေသခံ များအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ ကျောက်မော် ကျေးရွာအုပ်စုမှ ကျောင်း သား ကျောင်းသူများ အတွက် ကျောင်းသုံး ဗလာစာအုပ်များ၊ ကျေး လက်လူငယ်များအတွက် အားကစား ပစ္စည်းများထောက်ပံ့ပေးအပ်ပြီး တာဝန် ရှိသူများအား ဒေသဖွံ့ဖြိုးရေး၊ စိမ်းလန်း စိုပြည်ရေးတို့အတွက် ခြံစည်းရိုးကြက် ဆူပင်များ၊ စားသုံးသီးပင်နှင့် အရိပ်ရ ပင်များကို အလေးထားစိုက်ပျိုးသွား ကြရန် မှာကြားသည်။

ပိုင်းဝန်းထိန်းသိမ်း

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မိုင်တိုင်အမှတ်(၁၇၂/၅) အနီးရှိ ထီးချိုင့် မြို့နယ်အဆုံးနှင့် ကသာမြို့နယ်အစ နေရာ မဲဟင်းစံပြကျေးရွာသို့ ရောက် ရှိကြရာ ဒေသခံများအား ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်က ဖောက်လုပ်ပေး ထားသော ခရိုင်ချင်းဆက်လမ်းကို ရေရှည်တည်တံ့ အသုံးပြုသွားနိုင်ရန် ပိုင်းဝန်းထိန်းသိမ်းပြုပြင်သွားကြရန် မှာကြားသည်။

မေးမြန်းဆွေးနွေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မိုင်တိုင်အမှတ်(၁၇၃/၇)အနီး သာဂရ လေး ကျေးရွာအုပ်စု အစုကြီးကျေးရွာ သို့ ရောက်ရှိကြရာ ဒေသခံများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို မေးမြန်းဆွေးနွေးသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဒေသနေ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံး ဗလာစာအုပ်များကို သာ ဂရလေးကျေးရွာ အခြေခံပညာမူလ တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးညွန့်လွင်ထံပေးအပ်သည်။

ထောက်ပံ့

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မိုင်တိုင် အမှတ်(၁၈၂/၁) အနီး၌ စက် ယန္တရား ဖြင့် မြေညှိလုပ်ငန်းဆောင်ရွက် နေမှုကိုလည်းကောင်း၊ သံပုရာကျေးရွာ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအခြေစိုက် စခန်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေး ပြီး ကျောင်းသား ကျောင်းသူများ အတွက် ကျောင်းသုံးဗလာစာအုပ်များ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ခရိုင်ချင်းဆက် လမ်းအမှတ်(၃) ထီးချိုင့်–ကသာ လမ်းပိုင်း အတိုင်း ဆက်လက်ထွက်ခွာ၍ လမ်းပိုင်းအခြေ အနေ၊ ခရိုင်ချင်းဆက်လမ်းနှင့် ဆက် သွယ်ထားသော လမ်းဆုံများ၊ ပတ်ဝန်း ကျင်ရှိ ဒေသသီးနှံ စိုက်ခင်းများနှင့် ကြံစိုက်ခင်းများကို ကြည့်ရှုစစ်ဆေး ပြီး ကသာမြို့သို့ရောက်ရှိကြသည်။

ထီးချိုင့်–ကသာလမ်း

အဆိုပါ အမှတ်(၃)ခရိုင်ချင်းဆက် လမ်းရှိ ထီးချိုင့်–ကသာလမ်းသည် အရှည် (၃၆/၃)မိုင်ရှိပြီး ယခင်က ထီးချိုင့်–ကျောင်းကုန်း၊ နဘား–ကသာ လမ်းကြောင်းအတိုင်း သွားလာခဲ့ရာ (၆၃/၀)မိုင်ရှိသဖြင့်(၂၆/၅)မိုင် ခရီးတို တောင်းသွားသည့်အပြင် ၎င်းလမ်း ကြောင်းပေါ်ရှိ ကျေးရွာပေါင်း ၃၆ ရွာ အတွက်လမ်းပန်းဆက်သွယ်မှု၊ကုန်စည် ရောင်းဝယ်မှုများ များစွာအကျိုးရှိ ကြောင်း သိရှိရသည်။

(သတင်းစဉ်)

15-3 (06) 1 3/15/07, 4:41 PM

အမရပူရမြို့နယ် ထုံးဘို-မြစ်ငယ် ဖြတ်လမ်း (ဒွေးလမ်း) ဖောက်လုပ်ရေးလုပ်ငန်း တိုင်းမှူးဗိုလ်ချုပ်ခင်ဇော် စစ်ဆေး၊ သတ်မှတ်ဝန်ခံနိုင်အောင် ဆောင်ရွက်ရန် မှာကြား

ရန်ကုန် မတ် ၁၄

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်သည် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်ထွဋ်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၂၄ ရက် နံနက် ၁၁ နာရီက အမရပူရမြို့နယ် မြစ်ငယ်တံတား မန္တလေးဘက်ခြမ်းသို့ ရောက်ရှိကြသည်။

တိုင်းမှူးနှင့်အဖွဲ့သည် မြစ်ငယ်တံတား မန္တလေးဘက်ခြမ်း လမ်းဘေးဝဲယာတွင် လေးပေအကျယ် ရေမြောင်းတူးခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း တံတား တည်ဆောက်ရေးလုပ်ငန်း အထူးအဖွဲ့(၁၂)မှ လက်ထောက်အင်ဂျင်နီယာ ဦးစောစိန်သန်းက လိုက်လံရှင်းလင်းပြသပြီး တိုင်းမှူးက ရေမြောင်းအား ရေစီးရေလာကောင်းမွန်အောင် ဖောက်လုပ်ရန်နှင့် မြေထိန်းနံရံများ တည်ဆောက်ရေး၊ မြစ်ရေလျှံချိန်တွင် လူနေရပ်ကွက်များအတွင်းသို့ ရေမဝင်ရောက်စေရေးအတွက် ရေထိန်းတံခါးများ ထားရှိရန် မှာကြားသည်။

လိုက်လံရှင်းလင်းပြသ

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့သည် အမရပူရမြို့နယ် ထုံးဘို-မြစ်ငယ် ဖြတ်လမ်း (ဒွေးလမ်း)ဖောက်လုပ်ရေး လုပ်ငန်းခွင် မြစ်ငယ်လမ်းဆုံသို့ရောက်ရှိပြီး မြေကြီးတာပေါင်ဖို့ခြင်းလုပ်ငန်းနှင့် မြေညှိစက်၊ မြေသိပ်စက်များဖြင့် လမ်း မြေပြင် ညှိခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ **(အပေါ်ပုံ)** အေးရှားဝေါလ်ကုမ္ပဏီလီမိတက် ထုံးဘို-မြစ်ငယ်ဖြတ်လမ်း(ဒွေးလမ်း)ဖောက်လုပ်ရေးလုပ်ငန်း မန်နေဂျာ ဦးလှတင့်က လိုက်လံ ရှင်းလင်းပြသပြီး တိုင်းမှူးက လမ်းကို မြေသားအမာခံလုပ်ငန်း ဆောင်ရွက်ရာတွင် ကုန်တင်ယာဉ်ကြီးများ သတ်မှတ်ဝန်ခံနိုင်အောင် ဆောင်ရွက်သွားရန် မှာကြားသည်။

တည်ဆောက်

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် မိုင်တိုင်အမှတ် (၀/၄)သို့ရောက်ရှိပြီး ဒွေးလမ်းအား ဖြတ်သန်း၍ ဆည်တော်ကြီးရေသောက်၊ ရေသွယ်မြောင်း တည်ဆောက်ရေးလုပ်ငန်းအား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို စိုက်ပျိုးမြေများအား နွေစပါးအချိန်မီစိုက်ပျိုးရာတွင် ရေပေးဝေနိုင်ရေးအတွက် ရေသွယ်မြောင်းကို အမြန်ဆုံးပြီးစီးအောင် တည်ဆောက်သွားရန် မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့သည် လမ်းကြောင်းတစ်လျှောက် မြေကြီးတာပေါင်ဖို့ခြင်း၊ မြေညှိခြင်း လုပ်ငန်းများ၊ ရေပြွန်တံတားများတည်ဆောက်ပြီးစီးမှုနှင့် လမ်းဘေး ဝဲယာတွင် ကုလားပဲ၊ နေကြာသီးညှပ်စိုက်ခင်းများ စိုက်ပျိုးဖြစ်ထွန်းမှုကို ကြည့်ရှုစစ်ဆေးပြီး မိုင်တိုင်အမှတ်(၇/၀)ရှိ ထုံးဘို-မြစ်ငယ် ဖြတ်လမ်း(ဒွေးလမ်း)ဖောက်လုပ်ရေး လုပ်ငန်းခွင် ရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

ရှင်းလင်းတင်ပြ

တိုင်းမှူးအားလုပ်ငန်းခွင်ရှင်းလင်းဆောင်တွင် အေးရှားဝေါလ်ကုမ္ပဏီလီမိတက်၊ ထုံးဘို-မြစ်ငယ် ဖြတ်လမ်း (ဒွေးလမ်း) ဖောက်လုပ်ရေး လုပ်ငန်း မန်နေဂျာ ဦးလှတင့်က ထုံးဘို-မြစ်ငယ် ဖြတ်လမ်း (ဒွေးလမ်း)တွင် မြေကြီးတာပေါင်ဖို့ခြင်းနှင့် မြေညှိခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ရေပြွန်နှင့် တံတားများတည်ဆောက်ပြီးစီးမှု၊ တည်ဆောက်ရေးလုပ်ငန်းတွင် အသုံးပြုသောစက်၊ ယန္တရားများအခြေအနေနှင့် လမ်းတစ်ခုလုံး ဆောင်ရွက်ပြီးစီးမည့် ကာလတို့ကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက မြေကြီးလုပ်ငန်းများ ဆောင်ရွက်ပြီးချိန် မိုးရာသီတွင်လမ်းများ ပျက်စီးမှုမရှိစေရေးအတွက် ရေပိတ်လွှာခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် လမ်းကြောင်းတစ်လျှောက် လမ်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးပြီးပြန်လည်ထွက်ခွာသွားသည်။

တည်ဆောက်ပြီးစီး

အေးရှားဝေါလ်ကုမ္ပဏီလီမိတက်မှ တည်ဆောက်လျက်ရှိသော ထုံးဘို-မြစ်ငယ်ဖြတ်လမ်း (ဒွေးလမ်း)သည် လမ်းအရှည် ကိုးမိုင်၊သုံးဖာလုံရှိပြီး လမ်းအမျိုးအစားမှာ ၁၈ပေအကျယ် နိုင်လွန်ကတ္တရာလမ်းဖြစ်သည်။ တည်ဆောက်ရေးလုပ်ငန်းတွင် ရေပြွန် ၁၄ခုရှိရာ ၁၃ခု တည်ဆောက်ပြီးစီး၍ ရှစ်ပေတံတားတစ်စင်း၊၁၁ ပေတံတားတစ်စင်း၊ ၂၈ပေ တံတားတစ်စင်း၊ ပေ၂၀တံတားတစ်စင်းနှင့် ၅၅ ပေ တံတားတစ်စင်းတို့မှာ ၁၀၀ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးကာ ၄၂ ပေတံတားတစ်စင်းမှာ ၄၂ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးကြောင်း သိရသည်။ **(သတင်းစဉ်)**

ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ပကြံစံပြ-ဖားတီမာ ကျေးရွာချင်းဆက် ကျောက်ချောလမ်းဖွင့်ပွဲ တက်ရောက်

ရန်ကုန် မတ် ၁၄

(၆၂)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လှိုင်ကော်မြို့နယ် ပကြံစံပြ-ဖားတီမာ ကျေးရွာချင်းဆက် ကျောက်ချောလမ်းဖွင့်ပွဲ အခမ်းအနားကို မတ်၁၂ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များဖြစ်သည့် သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်၊ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးညွန့်တင်တို့ တက်ရောက်အားပေးကြသည်။ (အပေါ်ပုံ)

ထို့နောက် ဗဟိုအလုပ်အမှုဆောင်များ၊ ပြည်နယ်ဥက္ကဋ္ဌနှင့် အဖွဲ့သည် ပကြံစံပြကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဆရာတော် သဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တစန္ဒိမာအား သာသနာရေးဆိုင်ရာကိစ္စများလျှောက်ထား၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်၍ တည်ဆောက်နေသည့် ရွှေတိဂုံပုံတူပြည်လုံးချမ်းသာဆုတောင်းပြည့်စေတီတော် တည်ဆောက်မှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးကြသည်။

ကွန်ပျူတာတစ်စုံပေးအပ်

ထို့နောက်ဗဟိုအလုပ်အမှုဆောင်များ၊ ပြည်နယ်ဥက္ကဋ္ဌနှင့် အဖွဲ့သည် လှိုင်ကော်သာသနာ့ ကက်သလစ်ဆရာတော်ကျောင်းတိုက်၌လှိုင်ကော်သာသနာ့ ဂိုဏ်းအုပ်ဆရာတော်ဆိုတေးရီဖာမော၊ ဖယ်ခုံသာသနာ့ ဂိုဏ်းအုပ်ဆရာတော် ပီတာလှ၊ ခရစ္စတူး သခင်ဘုရားကျောင်း၊ နှစ်ချင်း ခရစ်ယာန်အသင်းတော်၊ အင်္ဂလန်ကန်အသင်းတော်၊ ကယားဖူးအသင်းတော်၊ ယေဇူးရွှေနှလုံးတော်ကျောင်းမှ ကျောင်းထိုင်ဘုန်းကြီးများ၊ ကက်သလစ်အသင်းတော်မှသာသနာ့ အကျိုးတော်ဆောင်များနှင့် တွေ့ဆုံကြသည်။ ထိုသို့တွေ့ဆုံရာတွင် သာသနာ ရေးဝန်ကြီးဌာန ဝန်ကြီးက ဂိုဏ်းအုပ် ဆရာတော်အား ကွန်ပျူတာတစ်စုံ ပေးအပ်သည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က ဂိုဏ်းအုပ်ဆရာတော်များနှင့် ဘုန်းတော်ကြီးများ၊ စစ္စတာများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ပြီး ဘုရားကျောင်းအတွင်းရှိကယားရိုးရာ ယဉ်ကျေးမှုပြခန်းကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်များ၊ ပြည်နယ် ဥက္ကဋ္ဌနှင့် အဖွဲ့သည် လှိုင်ကော်မြို့နယ် မင်္ဂလာရပ်ရှိ သာဝတ္ထိပရိယတ္တိစာသင်တိုက်၌ ပဓာနနာယက ဆရာတော် ဓမ္မာစရိယဘဒ္ဒန္တပိဏ္ဍောလဝံသအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီးက စိတ်ထားဖြူစင်ပါရမီရှင် အသင်းမှ လှူဒါန်းသည့် ရာသက်ပန် ဆွမ်းပဒေသာပင်အတွက် အလှူငွေ ကျပ်သိန်း၂၀ ကို ပေးအပ်လှူဒါန်းသည်။

အလှူငွေများပေးအပ်

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်များ၊ ပြည်နယ်ဥက္ကဋ္ဌနှင့် အဖွဲ့သည် လှိုင်ကော်မြို့ ပြည်နယ်ဘိုးဘွားရိပ်သာသို့ ရောက်ရှိပြီး ဘိုးဘွားများနှင့် ဘိုးဘွားရိပ်သာ၌ အသုံးပြုရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်ပြီး ဗဟိုအလုပ်အမှုဆောင်များ၊ ပြည်နယ်ဥက္ကဋ္ဌနှင့် အဖွဲ့သည် လှိုင်ကော်မြို့ သီရိမင်္ဂလာပုံ (ဟော်ကြီး)ကျောင်း၌ ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒိမာအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဗဟိုအလုပ်အမှုဆောင်များ၊ပြည်နယ်ဥက္ကဋ္ဌနှင့်အဖွဲ့သည် မတ်၁၁ ရက် ညပိုင်းတွင် ကယားပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ် အတွင်းရေးမှူးများ၊အလုပ်အမှုဆောင်များနှင့် ရပ်ကွက်နှင့် ကျေးရွာစည်းရုံးရေးမှူးများနှင့် တွေ့ဆုံပွဲအခမ်းအနားကို တက်ရောက် အမှာစကားပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မရမ်းကုန်းမြို့နယ် အမကကျောင်းများ သင်ယူပြီးမြောက်ခြင်း လက်မှတ်ချီးမြှင့်

ရန်ကုန် မတ် ၁၄

မရမ်းကုန်းမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာန လူငယ်သင်တန်းကျောင်းများအတွင်းရှိ မရမ်းကုန်းမြို့နယ် အမက (၁၅)၊ (၂၁)နှင့် (၂၈) ကျောင်းများ၏ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် မူလတန်းဆင့် ပညာသင်ယူပြီးမြောက်ခြင်း လက်မှတ် ချီးမြှင့်ပွဲကို မတ် ၁၁ရက် နံနက်က ကျိုက်ဝိုင်း လူငယ်သင်တန်းကျောင်း လူမှုဝန်ထမ်းဦးစီးဌာနခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းသား ကျောင်းသူများအား သင်ယူပြီးမြောက်ခြင်း လက်မှတ်များ ပေးအပ်ချီးမြှင့်ပြီး အလှူရှင်များက ကျောင်းသား ကျောင်းသူများအား ကျောင်းသုံးဖတ်စာအုပ်၊ ဗလာစာအုပ်များနှင့် နံနက်စာတို့ဖြင့် ကျွေးမွေးလှူဒါန်းကြသည်။ ထို့နောက် မရမ်းကုန်းမြို့နယ် အမက (၂)ကျောင်းသား ကျောင်းသူများက ယဉ်ကျေးမှုပဒေသာကပွဲဖြင့် ဧည့်ခံဖျော်ဖြေကြောင်းသိရသည်။ **(အပေါ်ပုံ)** **(က-ပ)**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း စက္ကူနှင့်ပျော့ဖတ်စက်ရုံများ(သာပေါင်း)သို့ ရောက်ရှိစစ်ဆေး

နေပြည်တော် မတ် ၁၄

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် မတ် ၁၂ ရက် နံနက် ၇ နာရီခွဲတွင် ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ် ပန်တိုင်ကျေးရွာသို့ မော်တော်ယာဉ်ဖြင့်ရောက်ရှိရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

တွေ့ဆုံ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် သာပေါင်းမြို့သို့ ရောက်ရှိကြပြီး မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ပြည်အေးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း၏စက္ကူနှင့်ပျော့ဖတ်စက်ရုံများ(သာပေါင်း)သို့ရောက်ရှိပြီး ကြည့်ရှုစစ်ဆေးကြသည်။

ဖြန့်ဝေမည်

တစ်နေ့တန်(၅၀)ကျ အဆင့်မြင့်စက္ကူစက်ရုံသည် စက်ရုံတွင် စက်တပ်ဆင်မှုမှာ ၉၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ရာ စက္ကူ ထုတ်လုပ်မှုလုပ်ငန်းများ မကြာမီ စတင်နိုင်တော့မည်ဖြစ်ကြောင်း၊ အဆိုပါစက်ရုံမှ Copier paper, Art paper နှင့် အခြားအဆင့်မြင့် စက္ကူချောများအား နိုင်ငံခြားစံချိန်မီထုတ်လုပ်၍ ပြည်တွင်း၌ ဖြန့်ဝေနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် စိန်တောင်ဒေသရှိ ပုသိမ်တပ်နယ်မှ တပ်ရင်းတပ်ဖွဲ့များ၏ ရော်ဘာစိုက်ခင်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အနောက်တောင်တိုင်း စစ်ဌာနချုပ် နယ်မြေ စိန်တောင်ဒေသရှိ ရော်ဘာစိုက်ဧက ၈၅၀ အပါအဝင် တပ်ရင်းတပ်ဖွဲ့များ၏ ရော်ဘာစိုက်ပျိုးနိုင်မှုမှာ စုစုပေါင်းဧက ၁၇၀၀ ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

တိုင်းရင်းသားပြည်သူတစ်ရပ်လုံး “ဖွံ့ဖြိုးတိုးတက်မှုရပိုင်ခွင့်” ဟူသည့် အခြေခံလူ့အခွင့်အရေးများ ပိုမိုတိုးမြှင့်ရရှိရေးအတွက် နိုင်ငံတော်အစိုးရက ကြိုးပမ်းဖော်ဆောင်ပေးလျက်ရှိသော ပကတိဖြစ်ရပ်မှန်များ

အသက်အိုးအိမ်စည်းစိမ် လုံခြုံရေး

* ၁၉၈၈-၉၀ ကာလတစ်ဝိုက်က မြန်မာနိုင်ငံ၏နယ်စပ်ဒေသများတွင် လက်နက်ကိုင်ပဋိပက္ခများ ထူပြောခဲ့သည်။
* တပ်မအဆင့်တိုက်ပွဲကြီးများ၊ လေကြောင်းပစ်ကူ၊ အမြောက်ပစ်ကူဖြင့်တိုက်ခိုက်ရသော တိုက်ပွဲကြီးများ ပြင်းထန်စွာဖြစ်ပွားခဲ့သဖြင့် ဒေသခံတိုင်းရင်းသားများမှာ အတိဒုက္ခရောက်ခဲ့ကြရသည်။
* တိုက်ပွဲများကင်းစင်ပပျောက်ပြီး ငြိမ်းချမ်းရေးအခြေခံဒေသများ တည်ဆောက်နိုင်ရေးအတွက် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်ခဲ့သည်။
* အတွင်းပိုင်းဒေသများ၌လည်း ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ဖော်ဆောင်ပေးခဲ့သည်။
* ယခင်အစိုးရအဆက်ဆက်ကို လက်နက်စွဲကိုင်ဆန့်ကျင်ခဲ့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၇ဖွဲ့နှင့် အဖွဲ့ငယ်အများအပြား နိုင်ငံတော်နှင့်လက်တွဲပြီး ငြိမ်းချမ်းရေးတည်ဆောက်ခဲ့ကြသည်။
* နိုင်ငံတော်အစိုးရနှင့်လက်တွဲ၍ ငြိမ်းချမ်းရေးတည်ဆောက်ကာ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်နေသောအင်အားမှာ တစ်သိန်းခန့်ရှိသည်။
* ငြိမ်းချမ်းရေးတည်ဆောက်နိုင်ခဲ့သော နယ်စပ်ဒေသများတွင် ဖွံ့ဖြိုးတိုးတက်မှုမှာ အခြေခံကောင်းများ ရရှိဖြစ်ထွန်းအောင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ချမှတ်ဖော်ဆောင်ပေးခဲ့သည်။
* နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကျပ်သန်းပေါင်း ၉၇၆၉၉ သန်း အကုန်အကျခံ တည်ဆောက်ပေးထားပြီးဖြစ်သည်။
* နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနကို တိုးချဲ့ဖွဲ့စည်းပြီး နယ်စပ်ဒေသများနှင့်တကွ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကိုပါ ဖော်ဆောင်ပေးလျက်ရှိသည်။
* နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်ရေးနှင့်အတူ မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်မှုကင်းစင်ပပျောက်ရေးကိုပါ စီမံကိန်းချမှတ်၍ ဆောင်ရွက်ပေးနေသည်။
* ၁၉၈၈ခုနှစ်မှ ၁၉၉၈ခုနှစ်အထိ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးစစ်ဆင်ရေးများဆင်နွှဲခဲ့ရာ တပ်မတော်သား ၂၅၉ဦး အသက်စွန့်လွှတ်ခဲ့ရပြီး ၉၃၇ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။
* ၁၉၉၁ခုနှစ်မှစတင်ပြီး မြန်မာနိုင်ငံမူးယစ်ဆေးဝါးပပျောက်ရေး ၁၅နှစ် စီမံကိန်းကို ချမှတ်ဆောင်ရွက်ခဲ့ရာ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု သိသာထင်ရှားစွာ လျော့နည်းကျဆင်းခဲ့သည်။
* ပြည်ပမှထိရောက်သည့်အကူအညီမရသော်လည်း ထိုစီမံကိန်းအတွက် ငွေကျပ်သန်းပေါင်း ၃၃၅၈၈ ဒသမ ၁၄သန်းနှင့် အမေရိကန်ဒေါ်လာ သန်း၁၅၀လျာထားသတ်မှတ် သုံးစွဲလျက်ရှိသည်။
* ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄)မိုင်းလား၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁)ကိုးကန့်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၂) ‘ဝ’ဒေသတို့တွင် ဘိန်းစိုက်ပျိုးမှုကင်းမဲ့ဇုန်များ ကြေညာနိုင်ခဲ့သည်။
* အမေရိကန်နှင့်ပူးတွဲပြီး ၁၀ကြိမ်တိုင်းတာမှုအရ ၁၉၉၃ မှ ၂၀၀၄ ခုနှစ်အတွင်း ဘိန်းစိုက်ပျိုးမှု ၈၀ ရာခိုင်နှုန်း၊ ဘိန်းထုတ်လုပ်မှု ၈၉ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း တရားဝင်ထုတ်ပြန်ကြေညာနိုင်ခဲ့သည်။
* UNODC နှင့် ပူးပေါင်းဆောင်ရွက်သည့်တိုင်းတာမှုအရ ၂၀၀၂ မှ ၂၀၀၅ခုနှစ်အတွင်း ဘိန်းစိုက်ပျိုးမှု ၅၉ ရာခိုင်နှုန်းနှင့် ဘိန်းအထွက်နှုန်း ၆၁ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း တရားဝင်ထုတ်ပြန်ကြေညာနိုင်ခဲ့သည်။
* နိုင်ငံတကာမူးယစ်ဂိုဏ်းများနှင့် သောင်းကျန်းသူများပူးပေါင်းလုပ်ဆောင်သည့် စိတ်ကြွရူးသွပ်ဆေးပြားထုတ်လုပ်မှုများကိုလည်း ဖော်ထုတ်ဖမ်းဆီး အရေးယူနိုင်ခဲ့သည်။
* ၁၉၈၈ခုနှစ်မှ ၂၀၀၆ခုနှစ်အထိ ဖမ်းဆီးရမိမူးယစ်ဆေးဝါးများကို ၃၉ ကြိမ်တိုင်တိုင် မီးရှို့ဖျက်ဆီးနိုင်ခဲ့သည်။

နယ်စပ်ဒေသ အားလုံးနီးပါးတွင် မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်ထုတ်လုပ်မှုဈေးကွက်နှင့် လက်နက်မှောင်ခို ရောင်းဝယ်မှုဈေးကွက်များ ကင်းစင်ပပျောက်အောင် တိုက်ဖျက်နိုင်ခဲ့သဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေးကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်လျက်ရှိသည်။

စားနပ်ရိက္ခာ ဖူလုံပိုလျှံရေး

* ၁၉၈၈ခုနှစ်တွင် မြန်မာပြည်သူများ၏အခြေခံစားကုန်ဖြစ်သည့် ဆန်စပါးထွက်ရှိမှုမှာ တင်း၆၅၃သန်းသာရှိခဲ့သည်။ ထိုစဉ်က လူဦးရေမှာ ၄၂သန်းခန့်သာရှိသည်။ နှစ်စဉ်လူဦးရေ ၂ဒသမ၂ရာခိုင်နှုန်းတိုးတက်လျက်ရှိရာ နောင်တိုးပွားလာမည့် လူဦးရေအတွက်မျှော်မှန်းပြီး စိုက်ပျိုးရေးကဏ္ဍဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တီထွင်ကြံဆတည်ဆောက် ပေးခဲ့ရသည်။ တစ်နှစ်ပတ်လုံးစိုက်ပျိုးရေရရှိရေးအတွက် ရေလှောင်တမံအသစ် ၂၀၀နီးပါး၊ မြစ်ရေတင်စီမံကိန်း၃၀၀ခန့်နှင့် အသေးစားဆည်တမံ ၁၀၀၀ခန့်ကို စုဖွဲ့တည်ဆောက်ပေးခဲ့သည်။ ထို့ကြောင့် ယခင်က အသားတင်စိုက်ဧက ၁၉ဒသမ ၉သန်းသာ ရှိခဲ့ရာမှ ယခုအခါ၂၉ဒသမ ၃သန်းအထိတိုးတက်လာခဲ့သည်။ ရေသွင်းစိုက်ပျိုးနိုင်မှု ပမာဏသည် အသားတင်စိုက်ဧက၏ ၁၉ရာခိုင်နှုန်းအထိရှိလာခဲ့သည်။ ယခင်ကစုစုပေါင်းသီးနှံစိုက်ဧက ၂၃ဒသမ ၈သန်းသာရှိခဲ့ရာမှ ယခုအခါ၄၆ဒသမ၉သန်းအထိ တိုးတက်လာခဲ့သည်။ ၁၉၈၈ ခုနှစ်က သီးနှံစိုက်စွမ်းအား ၁၁၉ဒသမ၆ရာခိုင်နှုန်းသာရှိခဲ့ရာမှ ယခုအခါ ၁၅၇ဒသမ ၃ရာခိုင်နှုန်းအထိတိုးတက်လာခဲ့သည်။ ထို့ကြောင့် ၂၀၀၅-၂၀၀၆ခုနှစ်တွင် ဆန်စပါးတင်းသန်းပေါင်း ၁၃၆၀အထိ တိုးတက်ထုတ်လုပ်နိုင်ခဲ့ပြီ ဖြစ်သည်။ အလားတူ အခြားသီးနှံများကိုလည်း ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်လျက်ရှိသည်။ တစ်နိုင်ငံလုံးရှိကျေးရွာများအနက် သန့်ရှင်းသော သောက်သုံးရေလိုအပ်သည့် ကျေးရွာပေါင်း ၅၂၀၀၀အနက် ကျေးရွာပေါင်း ၄၀၄၂၉ရွာတွင် သန့်ရှင်းသောသောက်သုံးရေရရှိရေးလုပ်ငန်းများဆောင်ရွက်ပေးနိုင်ခဲ့သည်။
* နိုင်ငံတော်လူဦးရေ၏ ၇၀ရာခိုင်နှုန်းသည် ကျေးလက်ဒေသပြည်သူများဖြစ်ကြပြီး အဓိကစီးပွားရေးလုပ်ငန်းမှာစိုက်ပျိုးရေးဖြစ်သည်။
* နိုင်ငံတော်က အသားတင်စိုက်ဧကများ တိုးတက်အောင်ဆောင်ရွက်ပေးထားပြီး စိုက်ပျိုးရေ ရရှိရေးလုပ်ငန်းများ ယှဉ်တွဲဖော်ဆောင် ပေးထားသဖြင့် ခေတ်မီ စိုက်ပျိုးရေး နည်းပညာနှင့် ဓာတ်မြေဩဇာ ပိုမိုသုံးစွဲလာနိုင်သည်နှင့်အမျှ နောင်လေးငါးနှစ်အတွင်း မြန်မာနိုင်ငံသည် ဆန်အဓိကတင်ပို့သည့် ထိပ်တန်းနိုင်ငံဖြစ်လာနိုင်ကြောင်း မျှော်မှန်းတွက်ဆ ပုံဖော်၍ရနေပြီဖြစ်၏။

အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိရေး

* စိုက်ပျိုးရေးကဏ္ဍကို အခြေခံ၍ စက်မှုလက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် စက်ရုံအလုပ်ရုံသစ်များ တိုးချဲ့တည်ထောင်ဖွင့်လှစ်ပေးလျက်ရှိသည်။
* ပုဂ္ဂလိက အလုပ်ရုံစက်ရုံများကို စုစည်းပြီး စက်မှုဇုန် ၁၈ ဇုန် တည်ထောင်၍ ပုဂ္ဂလိက ကဏ္ဍကို ခွင့်ပြုအားပေးနေသည်။
* ထို့ကြောင့် စက်ရုံအလုပ်ရုံ ၆၆၁၀ အပါအဝင် စက်ရုံအလုပ်ရုံ အလုပ်ဌာနပေါင်း ၄၂၀၀၀ကျော်အထိ တည်ရှိလာခဲ့သည်။
* မြန်မာနိုင်ငံ၏ အလုပ်အကိုင်အခွင့်အလမ်းများလည်း ပွင့်လန်းတိုးတက်လာရာ အလုပ်လုပ်သော လူဦးရေ ၃၄ဒသမ ၇သန်းကျော်အထိ ရှိလာခဲ့သည်။ ၁၉၈၈ခုနှစ်နှင့် နှိုင်းယှဉ်ပါက နှစ်ဆကျော် တိုးတက်မြင့်မားလာခြင်းဖြစ်သည်။
* လယ်ယာအလုပ်သမား ၂၂ဒသမ၃ သန်းကျော်၊ စက်မှုအလုပ်သမား ၄ဒသမ၈သန်းကျော်၊ ဝန်ဆောင်မှုအလုပ်သမား ၇ဒသမ၅သန်းကျော်ရှိနေပြီ ဖြစ်သည်။
* အလုပ်အကိုင်အခွင့်အလမ်းအနေဖြင့် လယ်ယာကဏ္ဍတွင်နှစ်ဆကျော်၊ စက်မှုလက်မှုကဏ္ဍတွင် နှစ်ဆခွဲကျော် ဝန်ဆောင်မှုကဏ္ဍတွင်နှစ်ဆနီးပါး တိုးတက်ခဲ့ခြင်းဖြစ်သည်။
* ပြည်ပအလုပ်အကိုင်အခွင့်အလမ်းရယူလိုသူများအတွက်လည်း စနစ်တကျစီမံဆောင်ရွက်ပေးလျက်ရှိသည်။
* အထူးစီးပွားရေးဇုန်များ ထူထောင်ဖွင့်လှစ်တော့မည်ဖြစ်ရာ စက်မှုနိုင်ငံတော်အဖြစ်ပေါ်ထွန်းလာမည့် အလားအလာကောင်းများကို မျှော်မှန်းပုံဖော်ကြည့်၍ရနေပြီဖြစ်သည်။

လျှပ်စစ်ဓာတ်အား တိုးမြှင့်သုံးစွဲနိုင်ရေး

* ပြည်သူလူထု၏ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားရေးနှင့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်မှုကိုလည်း တည်ဆောက်မြှင့်တင်ပေးလျက်ရှိသည်။
* ၁၉၈၈ ခုနှစ်က လျှပ်စစ်ဓာတ်အား ၆၇၈ မဂ္ဂါဝပ်သာသုံးစွဲနိုင်ခဲ့သည်။ ယခုအခါ သုံးဆနီးပါး တိုးတက်သုံးစွဲနိုင်ရေးအတွက် ၁၇၂၆ မဂ္ဂါဝပ်အထိ တိုးမြှင့်ထုတ်လုပ်ပေးနေသည်။
* ထို့အပြင်ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တွင် ကျေးလက်မီးလင်းရေးလုပ်ငန်းကိုပါ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ ရေအားဇီဝဓာတ်ငွေ့၊ ဆန်စပါးခွံဓာတ်ငွေ့၊ လေအား၊ နေရောင်ခြည်အားတို့ဖြင့် ကျေးရွာပေါင်း ၂၄၉၃ ရွာ မီးလင်းအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။
* တည်ဆောက်ဆဲရေအားလျှပ်စစ်စီမံကိန်း ၂၀ ရှိနေရာ စီမံကိန်းအားလုံးပြီးစီးသွားပါက လျှပ်စစ်ဓာတ်အား ၅၈၆၃ မဂ္ဂါဝပ်အထိ ရရှိသုံးစွဲတော့မည်ဖြစ်သည်။

ပညာသင်ယူမှုအခွင့်အလမ်းများ ပွင့်လန်းတိုးတက်ရေး

* တစ်မျိုးသားလုံးပညာရည်မြင့်မားရေးဦးတည်ချက်ဖြင့် ပညာရေးကဏ္ဍကို မြှင့်တင်ပေးလျက်ရှိသည်။
* နိုင်ငံတစ်ဝန်းလုံးပညာသင်ယူမှုအခွင့်အလမ်းများ တစ်ပြေးညီပွင့်လန်းရုံမက အဆင့်အတန်းမြင့်မားအောင် ထူထောင်ပေးနေရာ ကျေးလက်နှင့်နယ်စပ်အထိ ပညာသင်ယူနိုင်ရေး စီမံဆောင်ရွက်ပေးထားသည်။
* ၁၉၈၈ ခုနှစ်၌ မူလတန်းကျောင်း ၃၁၃၂၉ ကျောင်းသာရှိခဲ့ရာမှ ယခု ၃၅၈၉၃ ကျောင်းအထိရှိလာသည်။
* ၁၉၈၈ ခုနှစ်၌ အလယ်တန်းကျောင်း ၁၆၉၆ ကျောင်းသာရှိခဲ့ရာမှ ယခု ၂၆၀၀ အထိရှိလာသည်။
* ၁၉၈၈ ခုနှစ်၌ အထက်တန်းကျောင်း ၇၂၂ ကျောင်းသာ ရှိခဲ့ရာမှ ယခု ၂၀၄၅ ကျောင်းအထိ ရှိလာသည်။
* ပညာသင်ယူမှု ခါးဆက်မပြတ်ရေးအတွက် အလယ်တန်းကျောင်းခွဲများနှင့် အထက်တန်းကျောင်းခွဲများကိုလည်း တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိသည်။
* တစ်နိုင်ငံလုံး၌ အခြေခံပညာကျောင်းပေါင်း ၄၁၈၁၆ကျောင်းဖွင့်လှစ်ပေးထားရာ ကျေးရွာငါးရွာတွင် ကျောင်းသုံးကျောင်းနှုန်း တစ်မိုင်ခွဲအကွာအဝေးတိုင်း၌ စာသင်ကျောင်းတစ်ကျောင်းနှုန်း ရှိနေပြီဖြစ်သည်။
* ၁၉၈၈ခုနှစ်က တစ်နိုင်ငံလုံး၌ တက္ကသိုလ်ကောလိပ် ၃၂ ခုသာရှိခဲ့ရာအများစု မှာ ရန်ကုန်၊မန္တလေး စသည့်မြို့ကြီးများ၌သာရှိနေပြီး ကျောင်းသားအရေအတွက်ကိုလည်း အကန့်အသတ်ဖြင့်သာ လက်ခံနိုင်ခဲ့သည်။
* ယခုအခါ တက္ကသိုလ်ကောလိပ် ၁၆၀ ကျော်အထိ တစ်နိုင်ငံလုံး ဖြန့်ကြက်ဖွင့်လှစ်ပေးထားနိုင်ပြီ ဖြစ်သည်။
* ပြည်နယ်/တိုင်းအသီးသီး၌ အထူးဖွံ့ဖြိုးရေးဒေသ ၂၄ခုသတ်မှတ်ဆောင်ရွက်ပြီး ဒေသတိုင်း၌ ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်တစ်ခု၊ နည်းပညာတက္ကသိုလ်တစ်ခု၊ ကွန်ပျူတာ တက္ကသိုလ်တစ်ခုစီ တည်ဆောက်ဖွင့်လှစ်ပေးထားနိုင်ခဲ့သည်။
* ၁၉၈၈ခုနှစ်၌ အဆင့်မြင့်ပညာ သင်ကြားသူ ကျောင်းသားဦးရေ၃၆၀၀၀သာရှိခဲ့ရာ ယခု ၄၂၈၀၀၀အထိ တိုးတက်လာသည်။
* ယခင်ကဘွဲ့ရသူ ဦးရေ ၄၅၈၀၀၀သာရှိခဲ့ရာမှ ယခု ၁ဒသမ ၂၂သန်းအထိ တိုးတက်လာခဲ့သည်။
* နောင်လေးငါးနှစ်ကာလအတွင်း မြန်မာ့လူ့စွမ်းအားအရင်းအမြစ်၏ နည်းပညာကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည် အဆင့်အတန်းအံ့မခန်း တိုးတက်လာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော် တည်ဆောက်ရေးတွင် စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်နိုင်တော့မည်ကို တွေးမြင်ပုံဖော်ကြည့်နိုင်မည်ဖြစ်သည်။

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး

* တစ်မျိုးသားလုံးရောဂါဘယကင်းစင်ပြီး လူ့သက်တမ်းစေ့နေနိုင်ရေးအတွက် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုကို တစ်နိုင်ငံလုံးလွှမ်းခြုံအောင် ဖော်ဆောင်ပေးလျက်ရှိသည်။
* တစ်နိုင်ငံလုံးတွင် ၁၉၈၈ခုနှစ်က ဆေးရုံ ၆၃၁ ရုံသာရှိခဲ့ရာမှ ယခု ၈၃၂ ရုံအထိ တိုးမြှင့်ဖွင့်လှစ်ပေးထားသည်။
* ယခင်က အထူးကုဆေးရုံကြီး ၆၇ ရုံသာရှိခဲ့ရာမှ ယခု ၉၄ရုံအထိ ရှိလာသည်။
* အထူးဖွံ့ဖြိုးရေး ဒေသ ၂၄ခု၌ အနည်းဆုံး ခုတင် (၂၀၀)ဆံ့ ဆေးရုံတစ်ရုံ ဖွင့်လှစ်ပေးလျက်ရှိပြီး နယ်စပ်ဒေသဆေးရုံဆေးခန်းနှင့် ကျေးလက်ကျန်းမာရေးဌာနများကိုလည်း တိုးချဲ့ဖွင့်လှစ်ပေးနေသည်။
* အနာကြီးရောဂါကို ပြည်သူ့ကျန်းမာရေး ပြဿနာတစ်ရပ်အဖြစ်မှ ဖယ်ရှားနိုင်ခဲ့သည်။
* ပိုလီယိုရောဂါ ကင်းစင်သော နိုင်ငံအဖြစ် ကြေညာနိုင်ခဲ့သည်။
* ကြက်ငှက်တုပ်ကွေးရောဂါ မကျရောက်အောင် ကြိုတင်ကာကွယ်နှိမ်နင်းနိုင်လျက်ရှိသည်။
* အိုင်အိုဒင်း ချို့တဲ့မှုကင်းစင်ကြောင်း ကြေညာနိုင်မည့်အခြေအနေ ရောက်ရှိနေပြီဖြစ်သည်။
* အဓိကရောဂါကြီးသုံးမျိုးဖြစ်သည့် အေအိုင်ဒီအက်စ်၊ တီဘီနှင့်ငှက်ဖျားရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ပြည်တွင်းပြည်ပ ပူးပေါင်းဆောင်ရွက်မှုဖြင့် တိုးချဲ့လုပ်ဆောင်လျက်ရှိသည်။
* မူးယစ်ဆေးသုံးစွဲမှု ပပျောက်ရေးလုပ်ငန်းကိုလည်း မျက်ခြည်မပြတ် ဆောင်ရွက်ပေးနေသည်။
* ပြည်သူလူထု၏မျှော်မှန်းနိုင်သော သက်တမ်း (Life Expectancy)သိသိသာသာ မြင့်မြင့်မားမား တိုးတက်လာလျက်ရှိသည်။

ဘာသာရေးလွတ်လပ်ခွင့်

* မြန်မာနိုင်ငံတွင် ဘာသာပေါင်းသုံးပါးကို ငြိမ်းချမ်းလွတ်လပ်စွာ အတူယှဉ်တွဲကိုးကွယ်ခွင့် ပြုလျက်ရှိသည်။
* ခရစ်ယာန်ဘာသာဝင်ပေါင်း ၂၈၇၃၉၄၅ဦးရှိပြီး ခရစ်ယာန်ဘုရားရှိခိုးကျောင်း ၆၃၁၈ကျောင်းရှိသဖြင့် ခရစ်ယာန် ဘာသာဝင် ၄၅၅ဦးလျှင် ဘုရားရှိခိုးကျောင်း တစ်ကျောင်းရှိနေသည်။
* အစ္စလမ်ဘာသာဝင်ပေါင်း ၁၉၁၉၃၀၃ဦးရှိပြီး ဗလီပေါင်း၂၇၅၁ရှိသဖြင့် အစ္စလမ်ဘာသာဝင် ၆၉၈ဦးလျှင် ဗလီကျောင်း တစ်ကျောင်းရှိနေသည်။
* ဟိန္ဒူဘာသာဝင်ပေါင်း ၃၆၅၄၁၀ရှိပြီး ဟိန္ဒူဘုရားကျောင်း၇၈၇ကျောင်းရှိသဖြင့် ဟိန္ဒူဘာသာဝင် ၄၆၄ဦးလျှင် ဟိန္ဒူဘုရားကျောင်း တစ်ကျောင်းရှိနေသည်။
* ဗုဒ္ဓဘာသာဝင်ပေါင်း ၄၆၆၂၃၅၄၁ဦးရှိပြီး ဘုန်းတော်ကြီးကျောင်း ၆၃၂၉၇ကျောင်းရှိသဖြင့် ဗုဒ္ဓဘာသာဝင် ၇၃၇ဦးလျှင် ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းရှိနေသည်။

လူမှုရေးကာကွယ်စောင့်ရှောက်ပေးမှုများ

* မြန်မာအမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကိုဖွဲ့စည်းပြီး ရည်ရွယ်ချက် (၇)ရပ်ချမှတ်ကာ နိုင်ငံတစ်ဝန်းလုံးတွင် ဖော်ဆောင်ပေးလျက်ရှိသည်။
* ကလေးသူငယ်များနှင့် အမျိုးသမီးများ လူကုန်ကူးမှုမခံရရေးအတွက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ ပူးပေါင်းကာကွယ်စောင့်ရှောက်ပေးလျက်ရှိသည်။
* အရွယ်မရောက်သေးသူကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှကာကွယ်တားဆီးထိန်းသိမ်းရေးအတွက် ကော်မတီတစ်ရပ်ဖွဲ့စည်းလျက် စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်စေ၍ ကြပ်မတ်ကွပ်ကဲလျက် ရှိသည်။
* မိခင်နှင့်ကလေးသူငယ်များပြုစုပျိုးထောင်စောင့်ရှောက်ရေးအတွက် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။
* တရားဥပဒေကိုဖောက်ဖျက်ကျူးလွန်သဖြင့် ဥပဒေအရပြစ်ဒဏ်ကျခံနေရသော အကျဉ်းသားဟူသမျှကိုလည်း လူသစ်စိတ်သစ်ဖြင့် တိုင်းကျိုးပြည်ကျိုးပါဝင်သယ်ပိုးနိုင်ရေးအတွက် စိတ်ပိုင်းဆိုင်ရာ အားပေးပျိုးထောင်မှုနှင့် ရုပ်ပိုင်းဆိုင်ရာ ကူညီထောက်ပံ့မှုများကို လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများ၏ပူးပေါင်းကူညီမှုဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။
* သို့ဖြစ်၍ နိုင်ငံတော်အစိုးရက တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အမျိုးသားရေးအကျိုးစီးပွားကို ဖော်ဆောင်ပေးနေခြင်းဖြစ်ရာ တစ်မျိုးသားလုံး ငြိမ်းချမ်းသာယာဝပြောရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို ကျောသားရင်သားမခွဲခြားဘဲ တရားမျှတစွာဖြင့် နည်းလမ်းတကျဘက်စုံ၊ ကဏ္ဍစုံဆောင်ရွက်ပေးနေကြောင်း တွေ့ရှိရမည်ဖြစ်သည်။

ကချင်ပြည်နယ်တွင် ခရစ်ယာန်များကိုကန့်သတ်ခြင်းခွဲခြားဆက်ဆံခြင်းစွပ်စွဲချက်မမှန်ကန် ဘုရားကျောင်းကို လွတ်လွတ်လပ်လပ်သွား၍ရ၊ ကိုယ်ယုံကြည်ရာကို ကိုးကွယ်ခွင့်ရှိ

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူများ ဗန်းမော်ခရိုင်နှင့် ဗန်းမော်မြို့နယ် အတွင်းရှိ ကျောင်းသူများ၊ အိမ်ထောင်ရှင်အမျိုးသမီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့အသီးသီးမှ အမျိုးသမီးများနှင့် အမျိုးသမီးငယ်ရွယ်များနှင့်တွေ့ဆုံပြီး မိသားစုအသွင် စကားဝိုင်းများဖွဲ့၍ ရင်းရင်းနှီးနှီး ဆွေးနွေးကြစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၁၄

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး တွေ့ဆုံဆွေးနွေးပွဲကို မတ်၈ရက် နံနက်၈နာရီတွင် မြစ်ကြီးနားမြို့ရှိ မြို့တော်ခန်းမဥ္စကျင်းပရာ ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၏ဇနီး ဒေါ်နုနုဆွေ၊ ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်အုန်းနှင့် ပြည်နယ်၊ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်၊ကျေးရွာအဆင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ လူမှုရေး အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဘာသာရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ စုစုပေါင်းအင်အား ၈၅၀ကျော် တက်ရောက်ကြသည်။

ရှေးဦးစွာ သဘာပတိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူးအဖွဲ့ အဖွဲ့ဝင် ဒေါ်ထူးရော်က လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီက "အမျိုးသမီးဘဝဖွံ့ဖြိုးတိုးတက်ရေး" နှင့်စပ်လျဉ်း၍လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးအဖွဲ့ ဒုတိယအဖွဲ့ခေါင်းဆောင် ဒေါ်ခင်မျိုးမြင့်က "အမျိုးသမီးများဘဝ လုံခြုံရေးဆိုင်ရာလုပ်ငန်းများအတွက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားရေးရာ လုပ်ငန်းအဖွဲ့ဝင် ဒေါက်တာဒေါ်လတန်ခွန်က "တိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်းလုံးညီညွတ်ရေးအတွက် ဆောင်ရွက်ချက်များ"နှင့် စပ်လျဉ်း၍ လည်းကောင်း အသီးသီး ရှင်းလင်းဆွေးနွေးကြသည်။

တင်ပြဆွေးနွေး

ဆက်လက်၍ တက်ရောက်လာကြသူများက ပြန်လည်ဆွေးနွေးကြရာ မြစ်ကြီးနားမြို့ ဓိလွန်ရပ်ကွက်မှ ဒေါ်ရွယ်ဂျာ၊ မြစ်ကြီးနားမြို့ ဧရာရပ်ကွက်မှ ဒေါ်ကေထုအောင်၊ မြစ်ကြီးနားမြို့ ဗေသလ ခရစ်ယာန်ဘုရားကျောင်းမှ နှစ်ခြင်းခရစ်ယာန် အတွင်းရေးမှူးအသင်းတော် ဦးဂေါ်လူဆိုင်းအောင်၊ မြစ်ကြီးနားမြို့ သီတာရပ်ကွက်မှ ဒေါ်စိုးစိုးထွန်းတို့ကလည်းကောင်း တင်ပြဆွေးနွေးသွားကြပြီး တွေ့ဆုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

လက်မခံ

ထို့နောက် မြစ်ကြီးနားမြို့ ဧရာရပ်ကွက်မှ ဒေါ်ကေထုအောင်က "မိမိသည် အမျိုးသမီးရေးရာအဖွဲ့ဝင်တစ်ဦးဖြစ်ပြီး နိုင်ငံဖွံ့ဖြိုးရေး၊ ဒေသဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ အားသွန်ခွန်စိုက် ပါဝင်ကြိုးပမ်းလျက်ရှိကြောင်း၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရာတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် အခြေခံကျကြောင်း၊ တိုင်းရင်းသားများစည်းလုံးညီညွတ်ပြီး ငြိမ်းချမ်းမှ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း၊ ကချင်ပြည်နယ်တွင် ခရစ်ယာန်များကို ကန့်သတ်ခြင်း၊ ခွဲခြားဆက်ဆံခြင်း၊ နှိပ်ကွပ်ခြင်းဆိုသည့် စွပ်စွဲချက်များမမှန်မကန်ကြောင်း၊ကချင်ပြည်နယ်၌ ခရစ်ယာန်ဘာသာဝင်များ ဘုရားကျောင်းကို လွတ်လွတ်လပ်လပ်သွား၍ရကြောင်း၊ ကိုယ်ယုံကြည်ရာကို ကိုးကွယ်ခွင့်ရှိကြောင်း၊ ဗုဒ္ဓဘာသာဘုန်းတော်ကြီးများနှင့်ကချင်ခရစ်ယာန်များ ချစ်ချစ်ခင်ခင် ရှိနေကြကြောင်း၊ ခရစ်ယာန်ဘာသာဝင်နှင့် ဘုရားကျောင်းများ ဆောက်လုပ်ခြင်းကို သာသနာရေးဝန်ကြီးဌာနက မည်သည့်အခါကမျှ ပိတ်ပင်ခြင်းမရှိပါကြောင်း၊ မြစ်ကြီးနားတွင် ခရစ်ယာန်ဘုရားကျောင်း ၁၆၁ကျောင်း၊ ခရစ်ယာန်ဘာသာဝင် တစ်သိန်းကျော်ရှိကြောင်း၊ ကချင်ပြည်နယ်တစ်ခုလုံးမှာ ခရစ်ယာန်ဘာသာဝင် ငါးသန်းနှင့် ခရစ်ယာန်ဘုရားကျောင်းပေါင်း ၁၂၀၀ကျော်ရှိကြောင်း၊ ဘာသာရေးအရ ပိတ်ပင်မှု နှိပ်ကွပ်မှုမရှိကြောင်း၊ CSW၏ စွပ်စွဲချက်များမှာ မမှန်မကန်စွပ်စွဲချက်များဖြစ်၍ ကချင်ပြည်နယ် အမျိုးသမီးများက လုံးဝလက်မခံပါကြောင်း" တင်ပြဆွေးနွေးသွားသည်။

ပြဿနာမရှိ

ဆက်လက်၍ မြစ်ကြီးနားမြို့ ဗေသလခရစ်ယာန် ဘုရားကျောင်းမှ နှစ်ခြင်းခရစ်ယာန် အတွင်းရေးမှူး အသင်းတော် ဦးဂေါ်လူဆိုင်းအောင်က "မိမိတို့ ဗေသလဘုရားကျောင်းကို ၂၀၀၀ပြည့်နှစ်က စတင်ဆောက်လုပ်ရာတွင် လုပ်ထုံးလုပ်နည်း မညီသည့်အတွက် ပိတ်ပင်ခြင်းခံခဲ့ရကြောင်း၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ပြန်လည်တင်ပြတောင်းခံသည့်အခါ ဆောက်လုပ်မိန့်ရရှိခဲ့ပြီး ယခုအခါ ဆောက်လုပ်ပြီးစီးခဲ့ပြီးဖြစ်ကြောင်း၊ အနုမောဒနာတင်ခြင်းအမှုကိုလည်းပြုလုပ်ပြီးပြီဖြစ်ကြောင်း၊ ကချင်ပြည်နယ်အတွင်းမှာ ပြည်ပကစွပ်စွဲသည့် ပြဿနာမျိုးလုံးဝမရှိကြောင်း"ဆွေးနွေးတင်ပြသွားသည်။

အခြေအနေမှန်

ယင်းနောက် မြစ်ကြီးနားမြို့ သီတာရပ်ကွက်မှ ဒေါ်စိုးစိုးထွန်းက "မိမိမှာ မွန်လူမျိုး ဗုဒ္ဓဘာသာကိုးကွယ်သူဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ မည်သည့်အရပ်ဒေသမှာမဆို ဘာသာလူမျိုးမခွဲခြားဘဲ ချစ်ခင်စွာပေါင်းစည်းနေထိုင်သည့် ချစ်စရာမြန်မာ့ဓလေ့ထုံးတမ်းရှိကြောင်း၊ ကချင်ပြည်နယ်၌ ခရစ်ယာန်ဘာသာဝင်၊ ဗုဒ္ဓဘာသာဝင်များအပြင် ဘာသာပေါင်းစုံရှိကြောင်း၊ ပြည်ပမှာလည်း ဘာသာပေါင်းစုံရှိကြောင်း၊ ဘာသာမရွေး ဘာသာရေးပွဲတော်များကိုဖိတ်ကြားခံရသည့်အခါတိုင်း မဆိုင်းမတွ ပျော်ပျော်ရွှင်ရွှင် ပါဝင်ဆင်နွှဲလေ့ရှိကြောင်း၊ မိမိအနေဖြင့် အခြေအနေမှန်များကိုတင်ပြခြင်းသာဖြစ်ကြောင်း" တင်ပြဆွေးနွေးသွားပြီး တွေ့ဆုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

မတ် ၉ရက် နံနက် ၈နာရီတွင် ဗန်းမော်မြို့ မြို့တော်ခန်းမ၌ ဗန်းမော်ခရိုင်နှင့် ဗန်းမော်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်တို့ တွေ့ဆုံဆွေးနွေးပွဲကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် အတွင်းရေးမှူးအဖွဲ့ အဖွဲ့ဝင် ဒေါ်ထူးရော်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ လုပ်ငန်းစဉ်များ ဆောင်ရွက်မှုနှင့် ရှေ့လုပ်ငန်းစဉ်များကိုလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီက အမျိုးသမီးဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးအဖွဲ့ ဒုတိယအဖွဲ့ခေါင်းဆောင် ဒေါ်ခင်မျိုးမြင့်က အမျိုးသမီးများဘဝလုံခြုံရေးနှင့် စပ်လျဉ်း၍လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားရေးရာ လုပ်ငန်းအဖွဲ့ဝင် ဒေါက်တာဒေါ်လတန်ခွန်က တိုင်းရင်းသားဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်းလုံးညီညွတ်ရေးနှင့်စပ်လျဉ်း၍လည်းကောင်း အသီးသီး ရှင်းလင်းဆွေးနွေးကြသည်။

မိသားစုအသွင်

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူများသည် ဗန်းမော်ခရိုင်နှင့် ဗန်းမော်မြို့အတွင်းရှိ ကျောင်းသူများ၊ အိမ်ထောင်ရှင်အမျိုးသမီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့အသီးသီးမှ အမျိုးသမီးများနှင့် အမျိုးသမီးငယ်ရွယ်များနှင့် တွေ့ဆုံပြီး မိသားစုအသွင်စကားဝိုင်းများဖွဲ့၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

အဆိုပါ ခရီးစဉ်အတွင်း မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူးအဖွဲ့ဝင် ဒေါ်ထူးရော်နှင့်အဖွဲ့သည် ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်နုနုဆွေနှင့်အတူ မြစ်ကြီးနား၊ ဗန်းမော်နှင့် ဒေါ့ဖုန်းယန်မြို့များရှိ ခရစ်ယာန်အသင်းတော်များသို့ သွားရောက်၍ အလှူငွေပေးအပ်ပြီး သင်တန်းကျောင်းများသို့ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လူ့အခွင့်အရေးကိုစွပ်စွဲပြီး NLD နှင့်တွေ့ဆုံဆွေးနွေးရေးကိုသာဦးစားပေးနေ အမေရိကန်အစိုးရ၏လုပ်ရပ်သည် မှန်ကန်၍တရားမျှတသောလုပ်ရပ် မဟုတ်သဖြင့် အမှန်တရားဘက်မှရပ်တည်နေသူပြည်သူများအနေဖြင့် စိုးရိမ်ပူပန်ဖွယ်မရှိ

■ **ကျော်ဖုံးမှ**

အလားတူ ၂၀၀၇ခုနှစ် မတ် ၇ရက်တွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း ၁၉၀ကျော်၏ ၂၀၀၆ခုနှစ် လူ့အခွင့်အရေးအခြေအနေနှင့် ပတ်သက်သည့်အစီရင်ခံစာကို ထုတ်ပြန်ခဲ့ရာ၌လည်း ယခင်နှစ်များကကဲ့သို့ပင် မြန်မာနိုင်ငံနှင့်စပ်လျဉ်းပြီး အခြေအမြစ်အထောက်အထားခိုင်လုံမှုမရှိသည့် လူ့အခွင့်အရေးချိုးဖောက်သည်ဆိုသော စွပ်စွဲချက်များကို ထပ်မံဖော်ပြစွပ်စွဲခဲ့သည်။

အဆိုပါအစီရင်ခံစာတွင် မြန်မာနိုင်ငံ၌ တရားဥပဒေနှင့်အညီ စီရင်ခြင်းမပြုဘဲ သတ်ဖြတ်မှု၊ အကျဉ်းထောင်အတွင်း သေဆုံးမှု၊ ပျောက်ဆုံးမှု၊ အဓမ္မပြုကျင့်မှုနှင့် နှိပ်စက်ညှဉ်းပန်းမှု၊ မတရားဖမ်းဆီးမှု၊ အတင်းအဓမ္မပြောင်းရွှေ့စေမှု၊ ကလေးစစ်သားအဓမ္မစုဆောင်းမှု၊ အဓမ္မအလုပ်ခိုင်းစေမှု၊ တိုင်းရင်းသားလူနည်းစုများ၏ ကျေးရွာများအား စစ်တပ်မှ တိုးမြှင့်တိုက်ခိုက်မှု၊ နိုင်ငံရေးအကျဉ်းသားများအား ဆက်လက်ထိန်းသိမ်းထားမှု၊ သတင်းလွတ်လပ်ခွင့်၊ ဘာသာရေးလွတ်လပ်ခွင့်၊ လွတ်လပ်စွာသွားလာခွင့်စသည်တို့အပေါ် ထိန်းချုပ်မှုကဲ့သို့သော လူ့အခွင့်အရေးချိုးဖောက်မှုများရှိနေသည်ဟု မမှန်မကန် သိမ်းကျုံးစွပ်စွဲထားကြောင်း တွေ့ရှိရသည်။

မြန်မာနိုင်ငံအနေဖြင့် အမေရိကန်အစိုးရ၏ အဆိုပါစွပ်စွဲချက်အားလုံးသည် မဟုတ်မမှန် လုပ်ကြံစွပ်စွဲမှုများသာဖြစ်ကြောင်းကို သံတမန်များနှင့် ပြည်တွင်းပြည်ပသတင်းစာဆရာများအား ဖိတ်ခေါ်၍ သတင်းစာရှင်းလင်းပွဲများဖြင့်လည်းကောင်း၊ လေ့လာရေးခရီးစဉ်များဖြင့်လည်းကောင်း လိုက်လံရှင်းလင်းပြသခြင်း၊ သတင်းများ၊ သတင်းဓာတ်ပုံများ၊ သတင်းဆောင်းပါးများ၊ ရုပ်မြင်သံကြားအစီအစဉ်များ ထုတ်လွှင့်ဖော်ပြခြင်းတို့ဖြင့် စဉ်ဆက်မပြတ် ပြန်ကြားအသိပေးလျက်ရှိသည်။

သိရှိထား

ထို့ကြောင့် အမေရိကန်အစိုးရက မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ်စွပ်စွဲထားသည့် လူ့အခွင့်အရေးချိုးဖောက်နေသည်ဆိုသော အကြောင်းပြချက်များသည် အစိုးရဆန့်ကျင်ရေးအဖွဲ့များနှင့် ဥပဒေပြင်ပတွင် ကျန်ရှိနေသည့် လက်ကျန်သောင်းကျန်းသူအဖွဲ့များထံမှပေးပို့ရရှိသည့် သတင်းအချက်အလက်အမှားများကိုသာအခြေပြုထားကြောင်း၊ ယင်းသတင်းအချက်အလက်အားလုံးသည် မဟုတ်မမှန် လုပ်ကြံသတင်း ဖြန့်ချိမှုများသာဖြစ်ကြောင်းကို ပြည်သူလူထုက လည်းကောင်း၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများကလည်းကောင်း၊ မိတ်ဆွေနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများကလည်းကောင်း သိရှိထားကြပြီးဖြစ်သည်။

သို့ဖြစ်၍ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ နိုင်ငံခြားရေးဝန်ကြီးဌာနက အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့သည့် ၂၀၀၆ခုနှစ်အတွက် လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အစီရင်ခံစာပါ မြန်မာနိုင်ငံ၏လူ့အခွင့်အရေး အခြေအနေအပေါ် တစ်ဖက်စောင်းနင်း အကဲဖြတ်ချက်များကို လုံးဝလက်မခံဘဲ ပယ်ချလိုက်ကြောင်း ၉-၃-၂၀၀၇ရက်နေ့တွင် သတင်းထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်သည်။

ထို့အတူ ၂၀၀၇ခုနှစ် မတ်လ ၆ရက်နေ့ကပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ Assistant Secretary of State for Democracy, Human Rights and Labour ဖြစ်သူ မစ္စတာဘယ်ရီလိုဝင်ခရွန်က ဧပြီလတွင်ကျင်းပမည့်လူ့အခွင့်အရေးကောင်စီတွင် မြန်မာနိုင်ငံနှင့်ပတ်သက်သည့် အထူးအစည်းအဝေးကျင်းပကာ စုံစမ်းရေးကော်မရှင်တစ်ရပ် ဖွဲ့စည်းနိုင်ရေးကြိုးပမ်းသွားမည်ဟု အမေရိကန်၏ ရည်ရွယ်ချက်ကို ပြောင်ပြောင်တင်းတင်း ဖွင့်ဟပြောကြားလိုက်ခြင်းသည် အမေရိကန်အစိုးရက မြန်မာနိုင်ငံအပေါ် ရန်သူလိုသဘောထားပြီး ဖိုမိုဖိအားပေးရန် လုပ်ဆောင်ခြင်းပင်ဖြစ်ကြောင်း တွေ့ရှိရသည်။

လူ့အခွင့်အရေးကောင်စီ၏ လုပ်ထုံးလုပ်နည်းအရ အထူးအစည်းအဝေးဆိုသည်မှာ လူ့အခွင့်အရေးကို ဆိုးဆိုးရွားရွားဖောက်ဖျက်မှုများ ဖြစ်ပေါ်သောအရေးပေါ်ကိစ္စရပ်များအတွက်သာ ပြုလုပ်ရသည့် အစည်းအဝေးဖြစ်ရာ မြန်မာနိုင်ငံ၏ အရေးမှာ မည်သည့်နည်းနှင့်ဖြစ်စေ၊ မည်သို့ပင် စဉ်းစားသုံးသပ်သည်ဖြစ်စေ အထူးအစည်းအဝေးခေါ်ယူကျင်းပရမည့် အရေးကိစ္စမျိုးမဟုတ်ကြောင်း သုံးသပ်တွေ့ရှိနိုင်သည်။

သက်သေထူ

အမေရိကန်အစိုးရ၏ ရည်မှန်းကြိုးပမ်းနေမှုများသည် လူ့အခွင့်အရေးကို မြှင့်တင်လို၍မဟုတ်ဘဲ မြန်မာနိုင်ငံအပေါ် နိုင်ငံရေးအရ ဖိအားပေးရေးသာဖြစ်ကြောင်းကို အဆိုပါ အမေရိကန်နိုင်ငံခြားရေးဌာန သတင်းစာရှင်းလင်းပွဲ၌ သတင်းထောက်တစ်ဦး၏ မေးခွန်းအား ပြန်လည်ဖြေကြားခဲ့သော မစ္စတာဘယ်ရီလိုဝင်ခရွန်၏ အောက်ပါရှင်းလင်းချက်က သိသာထင်ရှားစွာ သက်သေထူလျက်ရှိသည်။

သတင်းထောက်တစ်ဦးက အမေရိကန်အနေဖြင့် ဧပြီလကုန်၌ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီတွင် မြန်မာနိုင်ငံနှင့် စပ်လျဉ်း၍ အထူးအစည်းအဝေးကျင်းပပြီး စုံစမ်းရေးကော်မရှင်တစ်ရပ်ဖွဲ့စည်းရေးဆုံးဖြတ်ချက်ချမှတ်ရန် အလွတ်သဘောညှိနှိုင်းနေသည်ဟုသိရကြောင်း၊လုံခြုံရေးကောင်စီတွင် မြန်မာနိုင်ငံဆိုင်ရာဆုံးဖြတ်ချက်မူကြမ်းအတည်ပြုနိုင်ရေး အမေရိကန်၏ကြိုးပမ်းမှု အရေးနိမ့်သွားခဲ့ပြီးဖြစ်၍ ယခုကိစ္စဖြစ်နိုင်မည်ဟုထင်ပါသလားဟု မေးမြန်းခဲ့သည်။

ပြောကြား

ယင်းမေးမြန်းချက်ကို မစ္စတာဘယ်ရီလိုဝင်ခရွန် ပြန်လည်ဖြေကြားရာတွင် လွန်ခဲ့သည့်တစ်နှစ်လောက်တွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက "ဒီကိစ္စကို ပုံမှန်ဆက်လုပ်နေလို့ မရနိုင်တော့ဘူး၊ မြန်မာနိုင်ငံမှာ အပြောင်းအလဲ ဖြစ်လာအောင်၊ အောင်ဆန်းစုကြည် လွတ်လာအောင်၊ သူမရဲ့တောင်းဆိုချက်တွေရလာအောင်၊ သူမတောင်းဆိုထားတဲ့ တွေ့ဆုံဆွေးနွေးရေး dialouge ရလာအောင် ဘက်စုံနည်းမျိုးစုံသုံးချင်တယ်"ဟု ပြောကြားခဲ့ကြောင်း၊ ယင်းသို့ပြောကြားခဲ့သည့်အတိုင်း ဘက်စုံ နည်းမျိုးစုံဖြင့် လုပ်ဆောင်ခဲ့၍ မြန်မာနိုင်ငံကိစ္စကို လုံခြုံရေး ကောင်စီအထိ တင်နိုင်ခဲ့ကြောင်း၊ ရုရှားနှင့်တရုတ်တို့က ဗီတိုအာဏာသုံးပြီး ပယ်ချခဲ့၍သာ အရေးနိမ့်ခဲ့ရခြင်းဖြစ်ကြောင်း၊ ယခုလည်း လူ့အခွင့်အရေးကောင်စီက မြန်မာနိုင်ငံအပေါ် ဖိအားပေးရေးအပါအဝင် မိမိတို့ ဘက်စုံ နည်းမျိုးစုံ အသုံးပြုသွားမည် ဖြစ်ကြောင်း ဖြေကြားသွားသည်ကို တွေ့ရှိရသည်။

ယင်းဖြေကြားချက်ကိုကြည့်ပါက အမေရိကန်အစိုးရအနေဖြင့် မြန်မာနိုင်ငံတွင် ၎င်းတို့အလိုကျ ၎င်းတို့၏ သြဇာခံရုပ်သေးအစိုးရ တင်နိုင်ရေးအတွက် ပြည်တွင်းမှ NLDပါတီနှင့် အပေါင်းအပါများ၏ တောင်းဆိုချက်အတိုင်း တွေ့ဆုံဆွေးနွေးရေး dialogue ရလာအောင် လုံခြုံရေးကောင်စီအားလည်းကောင်း၊ လူ့အခွင့်အရေးကောင်စီအားလည်းကောင်း ခုတုံးလုပ်အသုံးချရန် ကြိုးပမ်းနေခြင်းဖြစ်သည်မှာ ပေါ်လွင်ထင်ရှားလျက်ရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတာဝန်ယူခဲ့ရချိန်မှစ၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး "ဖွံ့ဖြိုးတိုးတက်မှုရပိုင်ခွင့်"ဟူသော အခြေခံလူ့အခွင့်အရေး တိုးမြှင့်ရရှိရေးအတွက် အစွမ်းကုန် ကြိုးပမ်းဖော်ဆောင်ပေးလျက်ရှိနေသည်မှာ ငြင်းကွယ်၍မရသော လက်တွေ့ဖြစ်ရပ်များပင်ဖြစ်သည်။ ပြည်သူတစ်ရပ်လုံး၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် တိုင်းရင်းသားလူမျိုးများ အများစုနေထိုင်ရာနယ်စပ်ဒေသများအပါအဝင် နိုင်ငံတစ်ဝန်းလုံးတွင် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် မနားမနေ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသဖြင့် တိုင်းရင်းသားလူမျိုးများ အပါအဝင် ပြည်သူတစ်ရပ်လုံး၏ လူနေမှုအဆင့်အတန်းနှင့် စီးပွားရေး၊ လူမှုရေး အခြေခံကောင်းများ ပိုမိုတိုးတက်ရရှိခံစားလျက်ရှိနေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်ရမည်ဖြစ်သည်။

အခိုင်အမာယုံကြည်

ထို့ပြင် မြန်မာနိုင်ငံအနေဖြင့် လူ့အခွင့်အရေးကောင်စီ (Human Rights Council) ကို ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဌာနခွဲတစ်ခုအဖြစ် တည်ထောင်လိုက်ခြင်းအပေါ် ထောက်ခံအားပေးခဲ့သည်။ ထိုသို့တည်ထောင်ခြင်းကြောင့် လူ့အခွင့်အရေးကိစ္စများကို စဉ်းစားသုံးသပ်ရာတွင် တစ်ကမ္ဘာလုံးနှင့်သက်ဆိုင်စေခြင်း၊ ဓမ္မဓိဋ္ဌာန်ကျခြင်းနှင့် လိုရာဆွဲပြီး ထင်ရာစိုင်းမှုကင်းရှင်းခြင်းတို့ကို အာမခံနိုင်လိမ့်မည်ဟုလည်းမျှော်လင့်ထားခဲ့သည်။ ထို့ပြင် စံနှစ်မျိုးထားပြီး လိုတစ်မျိုး မလိုတစ်မျိုးလုပ်မှုနှင့် နိုင်ငံရေးသဘော သက်ဝင်စေမှုတို့ ပပျောက်စေရန်လည်း အာမခံနိုင်လိမ့်မည်ဟု မျှော်လင့်ထားသည်။

ထိုမျှော်လင့်ချက်များနှင့်အညီ တစ်ကမ္ဘာလုံးစုပေါင်း၍ ဓမ္မဓိဋ္ဌာန်ကျသည့် ခိုင်လုံသောသတင်းအချက်အလက်များ အပေါ်မူတည်ပြီး ကာလအပိုင်းအခြားအလျောက် သုံးသပ်ခြင်းဖြင့် လူ့အခွင့်အရေးကောင်စီ၏ ရည်မှန်းချက်အတိုင်း အကောင်အထည်ဖော်နိုင်လိမ့်မည်ဟု မြန်မာနိုင်ငံက အခိုင်အမာယုံကြည်လျက်ရှိသည်။

သို့ရာတွင် မြန်မာနိုင်ငံအပေါ် နိုင်ငံရေးဖိအားပေးရန်အလို့ငှာ လူ့အခွင့်အရေးကောင်စီကိုအသုံးချမည်ဟု အတိအလင်း ကြေညာလာသော အမေရိကန်အစိုးရ၏လုပ်ရပ်က မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများ၏ လူ့အခွင့်အရေးဆိုင်ရာ ယုံကြည်မျှော်လင့်ချက်များနှင့် အခြေခံလူ့အခွင့်အရေးတိုးမြှင့်ရရှိစေရန် ကြိုးပမ်းအားထုတ်မှုများကို ထိပါးချိုးဖျက်လိုက်ခြင်းပင်ဖြစ်ကြောင်း တွေ့ရှိရသည်။

ဖွဲ့စည်းဆောင်ရွက်

ယခင်ကလည်း ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင်၏ ကောင်းမွန်သောလုပ်ရပ်များသည် ယင်းသို့ နိုင်ငံရေးအရ အသုံးချမှုစံနှစ်မျိုးထားရှိကာ လိုတစ်မျိုး မလိုတစ်မျိုးလုပ်မှုနှင့် လိုရာဆွဲ၍ ထင်ရာစိုင်းမှုများကြောင့် သေးသိမ်ပျက်ပြားသွားခဲ့ရခြင်းဖြစ်သည်။ ထို့ကြောင့် ယခင်လူ့အခွင့်အရေးကော်မရှင်ကိုဖျက်သိမ်းပြီး လူ့အခွင့်အရေးကောင်စီကို အဖွဲ့ဝင် ၄၇ နိုင်ငံဖြင့် အသစ်ဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံအစိုးရနှင့်ပြည်သူတို့လက်တွဲဖော်ဆောင် အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများကို အမေရိကန်အစိုးရက ဖုံးကွယ်ပုံဖျက်ပြီး မဟုတ်မမှန်လုပ်ကြံစွပ်စွဲမှုများဖြင့် မြန်မာနိုင်ငံအရေးကိစ္စကို လူ့အခွင့်အရေးကောင်စီတွင်ဆွေးနွေးရန် ကြိုးပမ်းအားထုတ်လာခြင်းမှာ မှန်ကန်၍တရားမျှတသော လုပ်ရပ်မဟုတ်သဖြင့် အမှန်တရားဘက်မှရပ်တည်နေသူ ပြည်သူများအနေဖြင့် စိုးရိမ်ပူပန်စရာမလိုအပ်ကြောင်းတွေ့ရှိရသည်။

ထို့အတူ သမာသမတ်ကျပြီး အမှန်တရားကိုလိုလားသော လူ့အခွင့်အရေးကောင်စီအဖွဲ့ဝင် နိုင်ငံများနှင့် တကွ ဘက်မလိုက်နိုင်ငံများအနေဖြင့် မြန်မာနိုင်ငံ၏ ပကတိဖြစ်ရပ်မှန်များကို ပိုမိုနားလည် သိရှိလာစေရန်အတွက် သက်ဆိုင်ရာက သံတမန်ရေးရာနည်းလမ်းများဖြင့် ရှင်းလင်းဆွေးနွေးအသိပေးလျက်ရှိရာ မြန်မာနိုင်ငံ၏ပကတိဖြစ်ရပ်မှန်များအပေါ် ပိုမိုနားလည်သိရှိလာသည်နှင့်အမျှ အမေရိကန်က မြန်မာနိုင်ငံအား နိုင်ငံရေးအရ တစ်ဖက်စောင်းနင်း ဖိအားပေးလုပ်ကြံနေခြင်း အကြောင်းရင်းကို ပိုမိုသဘောပေါက်လျက်ရှိကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

15-3 (09) 1 3/15/07, 4:41 PM

အသင်းဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

နေပြည်တော် မတ် ၁၄

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မတ် ၉ ရက် မွန်းလွဲ ၂ နာရီတွင် စစ်ကိုင်းတိုင်း ချောင်းဦးမြို့နယ် အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိပြီး ချောင်းဦးမြို့ရှိ (၆)ရပ်ကွက်နှင့် မှန်ဘို၊ ငါးလုံးတင်၊ မကျီးခွ၊ ငါးရှန်၊ အောင်ချမ်းသာ၊ နတ်ရေကန်၊ ခင်မွန်နှင့် ကင်ပွန်းတောင်ကျေးရွာတို့မှ ပြည်သူလူထုများနှင့်တွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးကိစ္စများကို ဆွေးနွေးမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မင်းတိုင်ပင်စံပြကျေးရွာ ကျေးလက်ကျန်းမာရေးဆေးပေးခန်း အဆောက်အအုံသစ် တည်ဆောက်ရေးလုပ်ငန်းခွင်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ ချောင်းဦးမြို့နယ် အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက ရာသက်ပန်ပြည်ထောင်စုသီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် ချောင်းဦးမြို့နယ်မှ မြို့မိမြို့ဖ ဦးသန်းထိုက်က ချောင်းဦးမြို့နယ်၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေးအခြေအနေများကိုလည်းကောင်း၊ ချောင်းဦးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါက်တာလှစိန်က အသင်းအဆင့်ဆင့် ဖွဲ့စည်းမှုနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ထားမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဒေသဖွံ့ဖြိုးရေးကိစ္စများကို ဆွေးနွေးမှာကြားပြီး ချောင်းဦးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းဆောင်သစ်ဆောက်လုပ်ရန်နှင့် စာသင်ခုံများပြုလုပ်ရန် ငွေကျပ်သုံးသိန်းကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်လှူဒါန်းသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မတ် ၁၀ ရက် နံနက် ၁၀ နာရီတွင် ၎င်း၏စည်းရုံးမှုဖြင့် အလှူရှင်တစ်ဦးက ဆောက်လုပ်လှူဒါန်းမည့် မင်းတိုင်ပင်စံပြကျေးရွာ ကျေးလက်ကျန်းမာရေး ဆေးပေးခန်းအဆောက်အအုံသစ် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိ၍ အလျားပေ ၅၀၊ အနံ ၂၄ ပေရှိ ကျေးရွာဆေးပေးခန်း တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ကျေးလက်ပြည်သူများနှင့် တွေ့ဆုံကာ ဆေးပေးခန်းအမြန်ပြီးစီးအောင် ဆောင်ရွက်ရန်နှင့် ဆေးပေးခန်းပြီးစီးပါက ဆေးငွေပဒေသာပင်တစ်ရပ် ထူထောင်ပေးမည်ဖြစ်ပြီး ဆင်းရဲနွမ်းပါးသူများအား အဆိုပါဆေးငွေပဒေသာပင်က အခမဲ့ကုသပေးရေးတို့ကို တာဝန်ရှိသူများအား မှာကြား၍ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ ဒေသဖွံ့ဖြိုးရေးကိစ္စများကို ဆွေးနွေးမှာကြားသည်။

ညှိနှိုင်းဆောင်ရွက်

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီးသည် ပုလဲ-ဂန့်ဂေါလမ်းရှိ ကန်ဒေါင့်ကျေးရွာအနီးတွင် ဒေသဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကန်ဒေါင့်ကျေးလက် ဆည်တည်ဆောက်ရေးလုပ်ငန်းသို့ ရောက်ရှိ၍ တာဝန်ရှိသူများနှင့်အတူ တမံတောရှင်းခြင်းလုပ်ငန်း၊ နတ်တူချောင်းအား ယာယီရေတားတမံပိတ်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ကန်ဒေါင့်ကျေးလက်ဆည်သည် မြေသားတမံအမျိုးအစားဖြစ်ပြီး ရေထိန်းတမံအမြင့်မှာ ၇၇ ပေ၊ အလျားပေ ၁၀၀၀ ရှိ၍ လယ်မြေဧက ၂၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

တက်ရောက်ချီးမြှင့်

ထိုမှတစ်ဆင့် ဗဟိုအတွင်းရေးမှူးဝန်ကြီးသည် မကွေးတိုင်း ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် အိုင်းမကျေးရွာသို့ ရောက်ရှိပြီး အိုင်းမကျေးရွာအလင်းရောင်စာကြည့်တိုက်ဖွင့်ပွဲသို့ တက်ရောက်ချီးမြှင့်အားပေးသည်။

ရှေးဦးစွာ အိုင်းမကျေးရွာ အလင်းရောင်စာကြည့်တိုက်ကို အိုင်းမကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်လင်းက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အလင်းရောင်စာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးကာ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် အိုင်းမကျေးရွာ သီရိမင်္ဂလာကျောင်းတိုက်သို့သွားရောက်၍ သီရိမင်္ဂလာကျောင်းဆရာတော် ဘဒ္ဒန္တဝေသာရတ္တအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီးသည် အဆိုပါကျောင်းတိုက်တွင် ရွှေဂုံတိုင်၊ ညောင်ကန်၊ အုန်းတော၊ ကြာဥယျာဉ်နှင့် အကြည်ဝါးဘင်းကျေးရွာအုပ်စုတို့မှ ပြည်သူလူထုအင်အား ၉၀၀ ကျော်တို့နှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးကိစ္စများကို ဆွေးနွေးပြောကြားရာတွင် တပ်မတော်အစိုးရတာဝန်ယူသည့် ၁၈နှစ်ကာလအတွင်း နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ကို မျက်ဝါးထင်ထင် သိမြင်တွေ့ရှိနိုင်မည် ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းကျိုးပြည်ပြုလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

တက်ရောက်ချီးမြှင့်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ထီးလင်းမြို့နယ် အိုင်းမကျေးရွာ အလင်းရောင်စာကြည့်တိုက်ဖွင့်ပွဲသို့ တက်ရောက်ချီးမြှင့်အားပေးစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်း အောင်မြင်ရန်အတွက် ရေရရှိမှုက အရေးကြီးကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံတစ်ဝန်းတွင် တည်ဆောက်၍ရရှိနိုင်မည့်နေရာများ၌ ဆည်မြောင်းတာတမံများ၊ မြစ်ရေတင်စီမံကိန်းများ၊ မြေအောက်ရေတွင်းများကို တူးဖော်တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း။

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရန်လည်းလိုအပ်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍအနေဖြင့် မြန်မာနိုင်ငံ၏ အရှေ့၊ အနောက်၊ တောင်၊ မြောက် ဆက်သွယ်ထားသည့်လမ်းမကြီးများကိုလည်း ဆက်သွယ်ဖောက်လုပ်ပေးထားပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံ တောင်ဘက်စွန်းကော့သောင်းမြို့မှ မြန်မာနိုင်ငံမြောက်ပိုင်း ပူတာအိုမြို့အထိ ကားဖြင့်ဆက်သွယ်သွားလာနိုင်ပြီးဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးတွင် လမ်း၊ တံတားများကို ကွန်ရက်သဖွယ် ဖောက်လုပ်ထားပြီးဖြစ်ကြောင်း၊ ရထားလမ်းပိုင်းအသစ်များ တိုးချဲ့ဖောက်လုပ်ပေးပြီးဖြစ်၍ ဒေသခံပြည်သူများ လွယ်ကူစွာဖြင့် သွားလာနိုင်ကြပြီး ကုန်စည်စီးဆင်းမှုများ ပိုမိုမြန်ဆန်လာပြီဖြစ်ကြောင်း။

ပညာရေးကဏ္ဍတွင်လည်း ကျေးရွာတိုင်းလိုလို အခြေခံပညာမူလတန်းကျောင်းများ၊ မူလတန်းလွန်ကျောင်းများ ဖွင့်လှစ်ပေးထားပြီးဖြစ်ကြောင်း၊ မြို့နယ်တိုင်း၌ အခြေခံပညာအထက်တန်းကျောင်းများရှိပြီး ပြည်နယ်နှင့်တိုင်းအနှံ့တွင် တက္ကသိုလ်၊ ကောလိပ်သိပ္ပံများကို တိုးချဲ့ဖွင့်လှစ်ပြီးဖြစ်ကြောင်း၊ ယခုအခါ နည်းပညာကောလိပ်များနှင့် ကွန်ပျူတာကောလိပ် ၄၉ ခုတို့ကို တက္ကသိုလ်အဖြစ်လည်းကောင်း၊ ဒီဂရီကောလိပ်သုံးခုကို တက္ကသိုလ်များအဖြစ်လည်းကောင်း၊ အစိုးရစက်မှုလက်မှုသိပ္ပံလေးခုကို နည်းပညာကောလိပ်အဖြစ်သို့လည်းကောင်း တိုးမြှင့်ပေးခဲ့ပြီးဖြစ်ကြောင်း၊ မကြာမီဂန့်ဂေါမြို့တွင် အစိုးရနည်းပညာကောလိပ်တစ်ခုကိုလည်းကောင်း၊ လက်ရှိဆေးရုံကို ခုတင်(၁၀၀)ဆေးရုံအဖြစ်လည်းကောင်း တိုးမြှင့်ဖွင့်လှစ်ပေးတော့မည်ဖြစ်ရာ ဂန့်ဂေါဒေသပြည်သူများအနေဖြင့် မိမိတို့ဒေသအတွင်း၌ပင် အင်ဂျင်နီယာပညာရပ်ကို လွယ်လင့်တကူ သင်ကြားနိုင်တော့မည်ဖြစ်သည့်အပြင် ကျန်းမာရေးစောင့်ရှောက်မှုများကိုပါ ပိုမို၍အပြည့်အဝရရှိခံစားရတော့မည်ဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများ အသိပညာမြင့်မားစေရန်အတွက် သာမက ကျေးလက်ပြည်သူများပါ ဗဟုသုတတိုးပွားစေရန်အတွက်ပါ ကျေးလက်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကိုလည်း ကျေးရွာအားလုံး၌ ဖွင့်လှစ်ပေးထားပြီးဖြစ်ကြောင်း။

ယခုအခါနိုင်ငံတော်အစိုးရက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သောအခြေခံအဆောက်အအုံ အားလုံးနီးပါးကို တည်ဆောက်ပေးထားပြီးဖြစ်၍ အနာဂတ်ကာလတွင် နိုင်ငံတော်၏အခြေအနေသည် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာတော့မည်မှာ သေချာကြောင်း။

တိုင်းပြည်နှင့်လူမျိုး ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ကို မလိုလားကြသော ပြည်တွင်းပြည်ပ အဖျက်သမားများက ပြည်တွင်းဆူပူမှုများဖြစ်အောင် ဖန်တီးနေကြကြောင်း၊ နိုင်ငံတော်၏ တည်ငြိမ်တိုးတက်မှုကို ဟန့်တားနှောင့်ယှက်လျက်ရှိကြကြောင်း၊ ပြည်တွင်းရှိအဖွဲ့အစည်းတစ်ခုက ပိတ်လေးပိတ်ဖြင့် ဆောင်ရွက်ရေး၊ အလုံးစုံပျက်စီးရေးနှင့် အမိန့်ဟူသမျှ ဖီဆန်ကြမှုတို့ကို ကျင့်သုံးနေကြကြောင်း၊ ပြည်တွင်းပြည်ပအဖျက်သမားများက မြေပေါ်တိုက်ကွက်၊ မြေအောက်တိုက်ကွက်နှင့် နိုင်ငံရေးတိုက်ကွက်တို့ဖြင့် သုံးဖက်သုံးတန် ညှပ်တိုက်နေကြကြောင်း၊ ထိုအခြေအနေများကို ပြည်သူတစ်ရပ်လုံးက သတိပြုပြီး အဖျက်သမားများ၏ အန္တရာယ်ကို နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့နှင့်အတူ လက်တွဲ၍ အဖျက်သမားများ၏ ရန်ဟူသမျှကို တားဆီးကာကွယ် ချေမှုန်းကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသွားသည်။ ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းထံ အိုင်းမကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာ ၃၅၀ ကို ကျေးရွာစည်းရုံးရေးမှူးက ပေးအပ်သည်။

လက်ဆင့်ကမ်း

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီးက အိုင်းမကျေးရွာအတွက် ရုပ်မြင်သံကြားပြစက်နှင့် ဆက်စပ်ပစ္စည်းများ၊ ကျေးရွာအုပ်စုအတွင်းရှိ ကျောင်းများအတွက် ကျောင်းသုံးပြဋ္ဌာန်းစာအုပ် အစုံပေါင်း ၁၂၅ စုံနှင့် ဗလာစာအုပ် ဒါဇင် ၅၀ ကိုလည်းကောင်း၊ ကျေးရွာရှိ သက်ကြီးရွယ်အိုများအတွက် ဆပ်ပြာများကိုလည်းကောင်း၊ ကျေးရွာစာကြည့်တိုက်အတွက် မဂ္ဂဇင်း၊ ဂျာနယ်နှင့် စာအုပ်စာတမ်းများကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။ ကျောင်းသုံးဖတ်စာအုပ်များမှာ လာမည့် ၂၀၀၇-၂၀၀၈ ခုပညာသင်နှစ်မှစတင်၍ ကျောင်းအလိုက်ဆင်းရဲနွမ်းပါးသော ကျောင်းသား ကျောင်းသူများအတွက် တစ်နှစ်ပြီးတစ်နှစ် လက်ဆင့်ကမ်း သုံးစွဲသွားရန်ဖြစ်ကြောင်းနှင့် ၎င်းလက်ဆင့်ကမ်းစနစ်ကို ကျောင်းအလိုက်ကော်မတီဖြင့် ကြပ်မတ်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း သိရှိရသည်။

ဆွေးနွေးမှာကြား

ထိုမှတစ်ဆင့် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဂန့်ဂေါမြို့နယ် ကျောကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိ၍ ဂန့်ဂေါခရိုင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့မှ တာဝန်ရှိသူများ၊ ကျောကျေးရွာမှ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကျေးရွာလူမှုရေး အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေး ကိစ္စများကို ဆွေးနွေးမှာကြားသည်။

ဆောင်ရွက်

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ကျောကျေးရွာ ကျော-ရေမျက်နီ ရထားလမ်းအနီး၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျောကျေးရွာ ကိုယ့်အားကိုယ်ကိုး ရေအားလျှပ်စစ်ဆောက်လုပ်မည့်နေရာသို့ ရောက်ရှိရာ ဂန့်ဂေါမြို့နယ်နှင့် ကျောကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့မှ တာဝန်ရှိသူများက ကျောချောင်းရေကို သွယ်ယူမည့် အရှည်ပေ ၈၀၀၊ အနက်ခုနစ်ပေရှိ ရေသွယ်မြောင်းတူးဖော်ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြကြပြီး ဗဟိုအတွင်းရေးမှူး ဝန်ကြီးက တူးဖော်ပြီးစီးနေသည့် ရေသွယ်မြောင်းနှင့် ရေအားလျှပ်စစ်တာဘိုင် တည်ဆောက်မည့်နေရာများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါကျောကျေးရွာ ကိုယ့်အားကိုယ်ကိုး ရေအားလျှပ်စစ်လုပ်ငန်းသည် စက်တပ်ဆင်အင်အား ကီလိုဝပ် ၄၀ စက်တစ်လုံးတပ်ဆင်မည်ဖြစ်ပြီး ကျောကျေးရွာရှိ အိမ်ခြေ ၃၀၀ခန့်ကို လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

15-3 (10) 1 3/15/07, 4:41 PM

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ရေနံချောင်းစက်မှုဇုန်နှင့် သဘာဝပိုဇိုလန်ထုတ်လုပ်ရေးစက်ရုံ စစ်ဆေး

နေပြည်တော် မတ် ၁၄

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် မတ် ၁ ရက် နံနက်ပိုင်းက မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ စည်းရုံးရေးမှူးများနှင့် တွေ့ဆုံရာ တိုင်းအတွင်းရေးမှူး ဦးမောင်မောင်ဌေးက အသင်း၏စည်းရုံးရေးလုပ်ငန်းများ၊ လူမှုရေးလုပ်ငန်းများ၊ ဆောင်ရွက်ချက်များကို တင်ပြပြီး တွဲဖက်အထွေထွေအတွင်းရေးမှူးက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နွေရာသီ လူငယ်သင်တန်းများ၊ အသင်းကြီး၏ ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဆောင်ရွက်ရန်များကို ဆွေးနွေးမှာကြားသည်။

ဖြည့်ဆည်းပေး

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် ရေနံချောင်းစက်မှုဇုန်၌ ရေနံချောင်းစက်မှုဇုန်ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် လုပ်ငန်းရှင်များအား တွေ့ဆုံရာ စက်မှုဇုန်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအုံ့မော်က ရေနံချောင်းစက်မှုဇုန်က မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးဆိုင်ကယ်များ ထုတ်လုပ်နိုင်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ရွှေနဂါးမော်တော်ဆိုင်ကယ် ထုတ်လုပ်ရေးစက်ရုံသို့ ရောက်ရှိကြပြီး ဆိုင်ကယ်ကိုယ်ထည်များ၊ ဆိုင်ကယ်တွင်တပ်ဆင်မည့် ဆက်စပ်ပစ္စည်းများ ထုတ်လုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။ ဆက်လက်၍ ငွေစကြာ မော်တော်ယာဉ် ထုတ်လုပ်ရေးစက်ရုံသို့ ရောက်ရှိကြပြီး ပုံဖိစက်ဖြင့် မော်တော်ယာဉ်သုံး ပစ္စည်းများ ဖိနှိပ်ပုံသွင်းနေမှုကိုလည်းကောင်း၊ တပ်ဆင်လျက်ရှိသော မော်တော်ယာဉ်ကိုလည်းကောင်း၊ မော်တော်ယာဉ်သုံး ဆက်စပ်ပစ္စည်းများ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်းနှင့်အဖွဲ့သည် တာဝန်ရှိသူများ လိုက်ပါ၍ ပုပ္ပားမြို့၏ နှစ်မိုင်ခန့်အကွာရှိ သဘာဝပိုဇို လန်ထုတ်လုပ်ရေးစက်ရုံသို့ ညနေပိုင်းတွင် ရောက်ရှိပြီး P1-13 mine site ၌ ပိုဇိုလန်ကုန်ကြမ်းများကို စက်ယန္တရားကြီးများဖြင့် တူးဖော်နေမှု၊ ကုန်ကြမ်း သိုလှောင်ရုံ(၃)၊ (၄)၊ (၅) တို့၌ ကုန်ကြမ်းသိုလှောင်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် သဘာဝပိုဇိုလန် ထုတ်လုပ်ရေးစက်ရုံသို့ ရောက်ရှိပြီးနောက် Ball Mill Line(A)မှ ထုတ်ယူ စစ်ဆေးထားသည့် Grinding Ball များကို လည်းကောင်း၊ပြည်တွင်းလုပ် ချိန်းလိုင်းများကို လည်းကောင်း၊ မန္တလေးစက်မှုဇုန်နှင့် ရေနံချောင်း စက်မှုဇုန်တို့မှ ထုတ်လုပ်ပေးသော ပြည်တွင်းလုပ် Rotor Tip များကို လည်းကောင်း၊ စက်ရုံ Workshop မှ ထုတ်လုပ်ပေးသော Screw Conveyor တို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေး၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

မှာကြား

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် (R.C.C) ကွန်ကရစ် အရည်အသွေးစမ်းသပ်ခန်း၌ အရည်အသွေး စမ်းသပ်စစ်ဆေးနေမှုကို လည်းကောင်း၊ စက်ရုံမှ ထွက်ရှိလာသော ပိုဇိုလန်ကုန်ချောများအား Bulk Cement Truck ကားများ၌ ထည့်သွင်းနေမှုနှင့် ထုပ်ပိုးအိတ်များဖြင့် ထုပ်ပိုးနေမှုတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးပြီး ဝန်ကြီးက သဘာဝပိုဇိုလန်ကုန်ချောများကို စက်စွမ်းအားပြည့် ထုတ်လုပ်ပေးနိုင်ရေး၊ ခြိုးခြံချွေတာရေးနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးတို့ကို မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကောလင်းမြို့ ဒေါ်သန်းရီ၊ သား-ကို ကျော် လွင် ဦးဦးဆောင်သော ဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့က ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီး အတွက် အလှူတော်ငွေကျပ် တစ်သိန်းကို ရွှေစင်တိပိဋကရေ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) လက်ထောက်အုပ်ချုပ်ရေးမှူး ဦးထိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပြည်သူများ ကျန်းမာရေးနှင့် သန့်ရှင်းသာယာလှပရေး သန့်ရှင်းရေးနှင့် ရေစီးရေလာကောင်းမွန်ရေး စဉ်ဆက်မပြတ်ဆောင်ရွက်

ရန်ကုန် မတ် ၁၄

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်း၊ ဌာနမှူးများနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယမန်နေ့ နံနက်ပိုင်းက စမ်းချောင်းမြို့နယ် စလင်းအားကစားကွင်းအနီး လမ်းဝဲ/ယာတစ်လျှောက် ရေနုတ်မြောင်းများနှင့် ဗဟိုလမ်းဖြတ်မြေအောက်ရေနုတ်မြောင်း ရေစီးရေလာကောင်းမွန်ရေး၊ မိုးရာသီ၌ လမ်းပေါ်ရေတင်မှုများ မရှိစေရေးတို့အတွက် ရေနုတ်မြောင်းများနှင့် ရေဆင်းနှာပေါက်များရှိ အမှိုက်နှင့်နုန်းများ ဆယ်ယူရှင်းလင်းနေမှု၊ ထွက်ရှိလာသည့်အမှိုက်နှင့်နုန်းများကို ယာဉ်များဖြင့်သိမ်းဆည်းနေမှုနှင့် ရေနုတ်မြောင်းများအတွင်း ခြင်၊ ယင်များ ပေါက်ပွားမှု မရှိစေရန် ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်မည့်အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်စွာနေထိုင်နိုင်ရေးနှင့် မြို့တော်ကြီးသန့်ရှင်းသာယာလှပစေရေးတို့အတွက် သန့်ရှင်းရေးလုပ်ငန်းနှင့် ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ကြရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် အင်းစိန်လမ်း အဆင့်မြင့်ရေးနှင့် ယာဉ်သွားလာမှု လွယ်ကူချောမွေ့စေရေးတို့အတွက် လှိုင်မြို့နယ် ပါရမီလမ်းဆုံမှ ကမာရွတ်မြို့နယ် လှည်းတန်းလမ်းဆုံအထိ စက်ယန္တရားများဖြင့် ကတ္တရာကွန်ကရစ် ထပ်ပိုးခင်း နေမှုနှင့် မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်း အဆင့်မြင့်ရေးနှင့် ယာဉ်သွားလာမှု လွယ်ကူချောမွေ့စေ ရေးတို့အတွက် စက်ယန္တရားများဖြင့် ကတ္တရာကွန်ကရစ် ထပ်ပိုးခင်းနေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

မှာကြား

ထို့နောက် မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းနှင့် အင်းစိန်လမ်းထောင့်ရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီပိုင် (RC) ခုနစ်ထပ် အဆောက်အအုံသို့ ရောက်ရှိရာ မြို့တော်စည်ပင် ဆေးရုံဖွင့်လှစ်ဆောင်ရွက်ရန် ပြင်ဆင်မွမ်းမံဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများနှင့်စပ်လျဉ်း၍ တာဝန်ရှိသူတို့၏ ရှင်းလင်းတင်ပြချက်များအပေါ် မြို့တော်ဝန်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း လှိုင်မြို့နယ် ပါရမီလမ်းဆုံမှ ကမာရွတ်မြို့နယ် လှည်းတန်းလမ်းဆုံအထိ စက်ယန္တရားများဖြင့် ကွန်ကရစ်ကတ္တရာ ထပ်ပိုးခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့တော်စည်ပင်)

နှလုံးသွေးကြောကျဉ်း ရောဂါကုသရေး ကုထုံးနှင့် ဆေးဝါးများ ရှင်းလင်း

ရန်ကုန် မတ် ၁၄

ရန်ကုန်ဆေးရုံကြီး နှလုံးရောဂါဌာနနှင့် USV Limited တို့ ပူးပေါင်း၍ စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေး အစီအစဉ်အရ နှလုံးသွေးကြောကျဉ်းရောဂါ ကုသရေးနှင့်စပ်လျဉ်း၍ နောက်ဆုံးတွေ့ရှိသော ရောဂါကုထုံးများ၊ နှလုံးရောဂါနှင့် စပ်လျဉ်းသည့် ဆေးဝါးများအကြောင်း ရှင်းလင်းဟောပြောပွဲကို မတ် ၁၁ ရက် ညနေပိုင်းက ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်ဆေးရုံကြီး နှလုံးရောဂါဌာန ပါမောက္ခ ဒေါက်တာဒေါ်ခင်မေစန်းက သဘာပတိအဖြစ် ဆောင်ရွက်ပြီး နှလုံးသွေးကြောကျဉ်း ရောဂါဖြစ်ပွားမှု အခြေအနေများကို ပဏာမရှင်းလင်းဆွေးနွေးသည်။

ရှင်းလင်းဆွေးနွေး

ဆက်လက်၍ ရန်ကုန်ဆေးရုံကြီး နှလုံးရောဂါဌာန တွဲဖက် ပါမောက္ခ ဒေါက်တာမျိုးဝင်းက နောက်ဆုံးတွေ့ရှိသော နှလုံးသွေးကြောကျဉ်း ရောဂါနှင့် နှလုံးရောဂါဆေးဝါးများနှင့် ကုသနည်းများကိုလည်းကောင်း၊ ကထိက နှလုံးအထူးကုဆရာဝန်ကြီး ဒေါက်တာတင်လတ်က နှလုံးသွေးကြောကျဉ်းရောဂါ လူနာတစ်ဦးချင်းအား ကုသနည်းဆိုင်ရာ အမျိုးမျိုးကို ရှင်းလင်းဆွေးနွေး ဟောပြောကြသည်။

ပြန်လည်ရှင်းလင်း

ထို့နောက် USV Limited မှ General Manager, Ms. Jaswinder Gill က Cardimax. SR နှင့် နောက်ဆုံးထုတ် နှလုံးသွေးကြောကျဉ်းရောဂါနှင့် နှလုံးရောဂါ ဆေးဝါးများအကြောင်းကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းသည်။

နှလုံးသွေးကြောကျဉ်း ရောဂါကုသရေး၊ ကုထုံးနှင့် နောက်ဆုံးပေါ် ဆေးဝါးများအကြောင်းကို သိရှိလိုပါက USV Limited No. 3. B.4 , 3F ရန်ကင်းစင်တာ ရန်ကုန်မြို့ ဖုန်း- ၅၅၈၀၄၇ သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဆွေးနွေးဟောပြော

နှလုံး သွေးကြောကျဉ်းရောဂါ ကုသရေးနှင့် စပ်လျဉ်းသည့် ဟောပြောပွဲတွင် USV Limited **မှ** General Manager, Ms. Jaswinder Gill **ဆွေးနွေး ဟောပြောစဉ်။** (သတင်းစဉ်)

ပန်းတစ်ပွင့်တောင် တောရသာသနာ့နယ်မြေ လျှပ်စစ်မီးအတွက် ပါဝင်လှူဒါန်းနိုင်

ရန်ကုန် မတ် ၁၄

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင် တောရသာသနာ့နယ်မြေ၌ ပန်းတစ်ပွင့်တောင်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာရက ကြီးမှူးပြုပြင်သည့် ရှေးဟောင်းစေတီတော်များ၊ အသစ်တည်ထားသည့်စေတီတော်များနှင့် သာသနိကအဆောက်အအုံများကို မကြာမီလျှပ်စစ်မီးများ သွယ်တန်းပူဇော်မည်ဖြစ်သည်။

အရှည်ပေ ၁၀၀ အခန်း ၁၀၈ခန်းတို့အတွက် မီးတိုင်(ကျောက်တိုင်နှင့် ကြေးကြိုးများ၊ အလှူရှင်များကမွည်းထိုးပြီး)ကို တစ်ခန်းလျှင် ငွေကျပ်သုံးသိန်းဖြင့် ပန်းတစ်ပွင့်တောင်ဆရာတော် ဖုန်း-၀၅၅-၂၀၅၃၃၊ ၀၅၅-၂၀၂၅၉၊ ဦးမြင့်စိုး ဖုန်း-၆၆၂၃၂၈၊ ဦးစံဦး ဖုန်း-၀၉၅-၀၁၇၈၈၇၊ ဦးကျော်ဝင်း ဖုန်း- ၆၂၂၆၂၅၊ ဦးကျော်လွင် ဖုန်း- ၆၉၀၃၁၉၊ ဒေါ်တင်တင်ဝင်း ဖုန်း- ၆၄၃၅၈၁၊ ဒေါ်ထက်ထက်အေး ဖုန်း- ၅၇၉၈၀၅၊ ဒေါ်လိန်လိန်(သံချေး) ဖုန်း-၂၁၂၀၆၆(လိုင်းခွဲ-၃၂၅)နှင့် ဒေါ်ခင်မိုးလွင် ဖုန်း-၅၀၃၉၉၃ နှင့် ဝေယျာဝစ္စအဖွဲ့ဝင်များသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

● ***ကျောဖုံးမှ***

တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့ဝင် ဒေါ်ဟယ်လင်လွန်ပုမ်၊ တိုင်းရင်းသားရေးရာ လုပ်ငန်းအဖွဲ့ဝင် ဒေါက်တာ ဒေါ်အေးအေးငွန်နှင့် ချင်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရွယ်ဂျာတို့က ဆောင်ရွက်ကြသည်။

ပွင့်ပွင့်လင်းလင်း

ရှေးဦးစွာ သဘာပတိ ဒေါက်တာ ဒေါ်သက်သက်ဇင်က နှုတ်ခွန်းဆက်စကားပြောကြားပြီး ချင်းပြည်နယ်ရှိ တိုင်းရင်းသူ အမျိုးသမီးများနှင့်တွေ့ဆုံ၍ အဖွဲ့ချုပ်၏လုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားရန်၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့က ဆောင်ရွက်နေသော လုပ်ငန်းများကို လေ့လာသိရှိနိုင်ရန်နှင့် ဒေသတွင်းရှိ အမျိုးသမီးများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးရန်တို့အတွက် မိမိတို့လာရောက်ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်နယ်ရှိ အမျိုးသမီးများကလည်း ပွင့်ပွင့်လင်းလင်း ပြန်လည်ဆွေးနွေးကြရန် တိုက်တွန်းဖိတ်ခေါ်ပါကြောင်းဖြင့် ပြောကြားသည်။

ချမှတ်ခဲ့

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် ပတ်သက်သည့် အချက်အလက်များကို အကျဉ်းချုပ်ရှင်းလင်းရာတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်က ဖွဲ့စည်းခဲ့သည်ကို အားလုံးသိရှိကြမည်ဖြစ်ကြောင်း၊ ဤအဖွဲ့ချုပ်သည် အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံတစ်ဝန်းလုံး လွှမ်းခြုံမှုရစေရန် အမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့် ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာအထိ အမျိုးသမီးရေးရာအဖွဲ့များကို စည်းရုံးဖွဲ့စည်း ဆောင်ရွက်လျက်ရှိကြောင်း။

ရည်ရွယ်ချက်

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ အဓိကရည်ရွယ်ချက်မှာ အမျိုးသမီးများ၏ ဘဝလုံခြုံရေးကို ကာကွယ်စောင့်ရှောက်ပေးရန်နှင့် အမျိုးသမီးထုတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်စေရန်ဖြစ်ကြောင်း၊ ဤရည်ရွယ်ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ရည်ရွယ်ချက်(၇)ရပ် ချမှတ်ထားကြောင်း၊ ယခုဆိုလျှင် မြန်မာတစ်နိုင်ငံလုံး၌ အဖွဲ့ဝင်များ သုံးသန်းကျော်ရှိနေပြီး ချင်းပြည်နယ်အနေဖြင့်လည်း အဖွဲ့ဝင်ပေါင်း သုံးသောင်းကျော်ရှိနေကြောင်း၊ ယင်းကဲ့သို့ အဖွဲ့အစည်း ဖွဲ့စည်းပြီးသည့်အခါ လုပ်ငန်းများကို စနစ်တကျ အောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်ရန်အတွက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ဌာနကြီးခြောက်ခုနှင့် လုပ်ငန်းအဖွဲ့ ခြောက်ဖွဲ့တို့ဖြင့် ဖွဲ့စည်းခဲ့ကြောင်း၊ ၂၀၀၇ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးတွင်လည်း ရှေ့လုပ်ငန်းစဉ်(၉)ရပ်ကို ချမှတ်ခဲ့ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ရှင်းလင်းဆွေးနွေး

ထို့နောက် အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသော လုပ်ငန်းများနှင့်ပတ်သက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားရေးရာ လုပ်ငန်းအဖွဲ့ဝင် ဒေါ်ဟယ်လင်လွန်ပုမ်က မြန်မာနိုင်ငံ၏ လူဦးရေထက်ဝက်ကျော်ဖြစ်သော မြန်မာအမျိုးသမီးများ၏ ဖွံ့ဖြိုးတိုးတက်မှုကို ရည်ရွယ်ပြီး ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍနှင့် စီးပွားရေးကဏ္ဍများအပြင် ရိုးရာယဉ်ကျေးမှုကဏ္ဍများပါမကျန် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက် အကောင်အထည်ဖော်မှုများ၊ သီးသန့်အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးသည်။

ပညာသင်ပေး

ဆက်လက်၍ နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များကို တင်ပြရာတွင် နယ်စပ်ဒေသများ၌ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၂၇ ကျောင်းကို ဖွင့်လှစ်ထားရှိရာ ချင်းပြည်နယ်၌ မင်းတပ်၊ မတူပီ၊ ကန်ပက်လက်၊ ဟားခါး၊ ဖလမ်း၊ တီးတိန်၊ တွန်းဇံ၊ ထန်တလန်မြို့များ၌ အမျိုးသားများသာမက အမျိုးသမီးလေးများကိုလည်း လက်ခံပြုစုစောင့်ရှောက်ပြီး ပညာသင်ကြားပေးလျက်ရှိကြောင်း။

အဆင့်လိုက်ရွေးချယ်

အဆိုပါ လူငယ်သင်တန်းကျောင်းများ၌ မူလတန်းမှ တက္ကသိုလ်ဝင်တန်း အောင်မြင်သည်အထိ ပြုစုပေးပြီး ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း)၊ ပညာရေးတက္ကသိုလ်၊ သူနာပြုတက္ကသိုလ်၊ သားဖွားနှင့် သူနာပြုသင်တန်းများသို့ တက်ရောက်လိုပါက ဝင်ခွင့်ရရှိရေးအတွက် မိဘမဲ့၊ ဆင်းရဲနွမ်းပါးသူများကို အဆင့်အလိုက် ရွေးချယ်လက်ခံပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်း။

လေ့ကျင့်သင်ကြား

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနကလည်း နယ်စပ်ဒေသများ၌ စာပေသင်ကြားမှုများအပြင် သက်မွေးပညာဆည်းပူးပြီး ဘဝရပ်တည်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တိုင်းရင်းသူ အမျိုးသမီးငယ်များအတွက် အမျိုးသမီး သက်မွေးမှုပညာသင်ကျောင်း ၃၄ ကျောင်းအနက် ချင်းပြည်နယ်၌ မင်းတပ်၊ မတူပီ၊ ကန်ပက်လက်၊ ဟားခါး၊ ဖလမ်းနှင့် တီးတိန်တို့၌ ကျောင်းများဖွင့်လှစ်ထားရှိပြီး သင်တန်းသူများအား စရိတ်ငြိမ်းသင်ကြားပေးလျက်ရှိကြောင်း၊ ယနေ့အထိ တစ်နိုင်ငံလုံးတွင် သင်တန်းသူ စုစုပေါင်း ၂၀၈၄၄ ဦးတို့အား လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ကြောင်း ဆွေးနွေးသည်။

လက်တွဲဆောင်ရွက်

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီး ဒုတိယခေါင်းဆောင် ဒေါ်သိန်းသိန်းညွန့်က အမျိုးသမီးများ၏ ဘဝလုံခြုံရေးအတွက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဆောင်ရွက်ချက်များကို တင်ပြရာတွင် အမျိုးသမီးများ၏ ဘဝဖွံ့ဖြိုးရေးကို အနှောင့်အယှက် အဟန့်အတားဖြစ်စေသော အမျိုးသမီးများအား အကြမ်းဖက်မှု၊ အမျိုးသမီးများနှင့် ကလေးသူငယ်များအား လူကုန်ကူးမှု စသည့် အမျိုးသမီးများ၏ ဘဝလုံခြုံရေးကို ထိပါးစေသောအန္တရာယ်များ မကျရောက်စေရေးအတွက် ကာကွယ်စောင့်ရှောက်ပေးရန်နှင့် သားကောင်ဖြစ်ရသော အမျိုးသမီးများနှင့် ကလေးသူငယ်များအား ပြန်လည်ထူထောင်ပေးခြင်း၊ ပြုစုပျိုးထောင်ပေးခြင်းလုပ်ငန်းများကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

လုပ်ငန်းစဉ်

အမျိုးသမီးများအား အကြမ်းဖက်မှုမှကာကွယ်စောင့်ရှောက်ရေးကဏ္ဍတွင် ယခု ၂၀၀၇ ခုနှစ်အတွက် လျာထားချမှတ်ခဲ့သည့် လုပ်ငန်းစဉ်များမှာ–

- **ယခု လက်ရှိဆောင်ရွက်လျက်ရှိသည့် မီဒီယာမျိုးစုံမှ အသိပညာပေးမှုများကို ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့ဆောင်ရွက်သွားရန်၊**
- **နှစ်သိမ့်ဆွေးနွေး အကြံပေးရေးအဖွဲ့များကိုလည်း တိုးချဲ့ဖွဲ့စည်း ဆောင်ရွက်သွားရန်၊**
- **စေတနာ့ဝန်ထမ်း ဥပဒေပညာရှင်အဖွဲ့ ဖွဲ့စည်းပြီး အကြမ်းဖက်ခံရသည့် အမျိုးသမီးများအား ဥပဒေဆိုင်ရာ အကူအညီပေးရန်၊ တရားရုံး၊ ဥပဒေရုံး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူမှုဝန်ထမ်းဌာနတို့မှ ပုဂ္ဂိုလ်များပါဝင်သော တိုင်စာစိစစ်ရေးအဖွဲ့များ ဖွဲ့စည်းပြီး အကြမ်းဖက်ခံရသည့် အမျိုးသမီးများ၏ တိုင်စာများကို စိစစ်၍ လိုအပ်သကဲ့သို့ ကူညီပေးသည့်လုပ်ငန်းများကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရန်၊**
- **အကြမ်းဖက်မှုဖြစ်ပွားစေရန်လှုံ့ဆော်ပေးသည့် ညစ်ညမ်းဗီဒီယိုပြသမှုများကို ထိရောက်စွာအရေးယူနိုင်ရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိအဖွဲ့အစည်းများသို့ သတင်းပေးပို့ ပူးပေါင်းဆောင်ရွက်ရန်နှင့် အကြမ်းဖက်ခံရသူ အမျိုးသမီးများအတွက် ယာယီစောင့်ရှောက်ရေးဌာနများ ဖွင့်လှစ်စောင့်ရှောက်ပေးရန် စသည်တို့ ဖြစ်ကြောင်း။**



မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး တွေ့ဆုံဆွေးနွေးပွဲကို ချင်းပြည်နယ် ဟားခါးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ သဘာပတိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူးအဖွဲ့ အဖွဲ့ဝင် ဒေါက်တာ ဒေါ်သက်သက်ဇင် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ (သတင်းစဉ်)

အစွမ်းကုန်ကြိုးပမ်း

လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းများနှင့်စပ်လျဉ်းပြီး ၂၀၀၇ ခုနှစ်အတွက် လျာထားချမှတ်သည့် ရှေ့လုပ်ငန်းစဉ်များကို တင်ပြရလျှင်–

- **လက်ရှိဆောင်ရွက်လျက်ရှိသည့် အသိပညာပေးမှုများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားရန်၊ လူကုန်ကူးမှုကျူးလွန်ရန် သွေးဆောင်ဖြားယောင်းသူများအား စုံစမ်းဖော်ထုတ်ရာတွင် သက်ဆိုင်ရာအစိုးရဌာနများကို ပူးပေါင်းကူညီဆောင်ရွက်ရန်၊**
- **လူကုန်ကူးခံရသူ၏ နေရပ်လိပ်စာ အတည်ပြုရာတွင် အမျိုးသမီးရေးရာအဖွဲ့အဆင့်ဆင့်က ဆက်သွယ်အတည်ပြုပေးရန်၊ မိဘအုပ်ထိန်းသူများထံ စနစ်တကျ ပြန်လည်အပ်နှံပေးခြင်းနှင့် လိုအပ်သည့်ကူညီမှုများပေးခြင်းတို့ကို ပိုမိုပူးပေါင်းဆောင်ရွက်သွားရန်၊**
- **လူကုန်ကူးခံရသူ အမျိုးသမီးများအတွက် ယာယီစောင့်ရှောက်ရေးဌာနများ ဖွင့်လှစ်စောင့်ရှောက်ပေးရန်၊ လူကုန်ကူးခံရသူများ နောက်တစ်ကြိမ် လူကုန်ကူးမခံရရေးအတွက် ဘဝရပ်တည်မှုရရှိစေမည့် လုပ်ငန်းထူထောင်ပေးရန်နှင့် နောက်ဆက်တွဲ အမျိုးသမီးထုတစ်ရပ်လုံးကို ကိုယ်စားပြုသည့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် မွန်မြတ်သောရည်ရွယ်ချက်များ ချမှတ်ပြီး အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးသာမက အမျိုးသမီးများ၏ ဘဝသာယာချမ်းမြေ့ လုံခြုံစေရေးအတွက် နိုင်ငံတော်အစိုးရက ချမှတ်ထားသည့် မူဝါဒများ၊ လမ်းစဉ်များနှင့်အညီ အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဆွေးနွေးသည်။**

တိုင်းရင်းသားစည်းလုံးရေး

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားရေးရာ လုပ်ငန်းအဖွဲ့ဝင် ဒေါက်တာ ဒေါ်အေးအေးမွန်က တိုင်းရင်းသားရေးရာ လုပ်ငန်းအဖွဲ့၏ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့၏ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့်ပတ်သက်ပြီး ဦးတည်ချက်နှင့် ဆောင်ရွက်ချက်များကို တင်ပြဆွေးနွေးမည်ဖြစ်ကြောင်း။

ပထမဆုံး တိုင်းရင်းသားရေးရာ လုပ်ငန်းအဖွဲ့၏ တာဝန်ဝတ္တရားများကို တင်ပြလိုကြောင်း၊ ၎င်းတို့မှာ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ဦးတည်ဆောင်ရွက်ရန်၊ တိုင်းရင်းသားများ၏ နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေး ပညာပေးစည်းရုံးရန်၊ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်လေးစားမှု ရရှိရေး ဆောင်ရွက်ရန်၊ တိုင်းရင်းသားအသီးသီး၏ ဓလေ့ထုံးတမ်း၊ ရိုးရာယဉ်ကျေးမှု ရှင်သန်ပြန့်ပွားရေးဆောင်ရွက်ရန်၊ တိုင်းရင်းသားအားလုံး၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားရေးများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ဦးတည်ဆောင်ရွက်ရန်တို့ဖြစ်ကြောင်း တိုင်းရင်းသားရေးရာ လုပ်ငန်းအဖွဲ့၏ ရှေ့လုပ်ငန်းစဉ်များမှာ–

- **တိုင်းရင်းသားလူမျိုးနွယ်စုလေးများ၏ ဓလေ့ထုံးစံယဉ်ကျေးမှုများကို ကွင်းဆင်း လေ့လာသုတေသနပြုလုပ်ရန်၊ စာတမ်းပြုစုရန်၊**
- **အာဆီယံ တိုင်းရင်းသားရိုးရာပွဲတော်များ၌ မြန်မာတိုင်းရင်းသားမျိုးနွယ်စုများ၏ ဓလေ့ထုံးစံ၊ ယဉ်ကျေးမှုများကို တင်ပြနိုင်သည့်အဆင့်အထိ ဆောင်ရွက်ရန်တို့ဖြစ်ကြောင်း။**

ရှင်းလင်းဆွေးနွေးပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှု သမိုင်းကြောင်းအကျဉ်း၊ မျက်မှောက်ကာလ နိုင်ငံတော်အစိုးရ၏ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကြိုးပမ်းမှုများနှင့် အောင်မြင်မှုများ နိုင်ငံတော်အစိုးရ၏ တိုင်းရင်းသားဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များကိုလည်း ဆွေးနွေးပြောကြားသည်။

ဖန်တီး

ယင်းနောက် ပြည်ပနိုင်ငံများက တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ပျက်ပြားစေရန် ကြိုးပမ်းဆောင်ရွက်မှုများကို ဆွေးနွေးတင်ပြရာတွင် အနောက်အင်အားကြီးနိုင်ငံအချို့က မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရန် ရည်ရွယ်ချက်ဖြင့် ပြည်ပရောက် တရားမဝင်အဖွဲ့အစည်းအချို့နှင့်ပူးပေါင်းပြီး လူမျိုးရေးဖိနှိပ်ခြင်း၊ ဘာသာရေးဖိနှိပ်ခြင်း၊ မတရားစေခိုင်းမှုများ အနိုင်အထက်ပြုမှုများ ဆောင်ရွက်နေခြင်းဟု စွပ်စွဲသည့် အစီရင်ခံစာအမျိုးမျိုး ဖန်တီး၍ နိုင်ငံတကာတွင် သိက္ခာကျစေရန်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားပြီး ပြည်တွင်းတည်ငြိမ်မှုပျက်ပြားစေရန် ဖန်တီးခဲ့ကြကြောင်း။

ကိုယ်စားမပြု

အစီရင်ခံစာ၌ပါသည့် စွပ်စွဲချက်များမှာ တိုင်းရင်းသူ အမျိုးသမီးများနှင့် ပတ်သက်သည့် စွပ်စွဲချက်များ ပါရှိသည့်အတွက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများအနေဖြင့် စွပ်စွဲချက်များ မှန်ကန်မှုရှိ၊ မရှိ သက်ဆိုင်ရာ ဒေသများကို ကိုယ်တိုင်ကွင်းဆင်းပြီး လေ့လာစုံစမ်းမှုများ ပြုလုပ်ခဲ့ရာ၌ စွပ်စွဲချက်များမှာ လုံးဝ မှန်ကန်မှုမရှိသည့်အပြင် စွပ်စွဲသည့် ပြည်ပရောက် အမျိုးသမီးအဖွဲ့အစည်းများသည် မြန်မာနိုင်ငံတွင်းရှိ တိုင်းရင်းသူ အမျိုးသမီးထုကို ကိုယ်စားပြုသော အဖွဲ့အစည်းများမဟုတ်သည်ကို တွေ့ရှိခဲ့ရကြောင်း။

ပယ်ချ

ယင်းဖန်တီးမှုများကို အထောက်အထားပြုပြီး မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေးချိုးဖောက်မှု များပြားနေသည်ဆိုပြီး ကုလသမဂ္ဂကို တင်ပြခဲ့ကြကြောင်း၊ တစ်ဆင့်တက်ပြီး မကြာသေးမီက အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့က ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီကို မြန်မာနိုင်ငံသည် ဒေသငြိမ်းချမ်းရေးကို ခြိမ်းခြောက်လျက်ရှိသည်ဆိုပြီး အရေးယူဆောင်ရွက်နိုင်ရန် ဆုံးဖြတ်ချက်မူကြမ်းကို တင်သွင်းခဲ့သည့်အခါ လုံခြုံရေးကောင်စီ၏ အမြဲတမ်းအဖွဲ့ဝင်ဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့က ဗီတိုအာဏာဖြင့် ပယ်ချခဲ့သည့်အတွက် အရေးနိမ့်ခဲ့ရကြောင်း။

သက်သေပြလျက်

ယခုအခါ CSW ၏ Advocacy officer For South Asia-Benedict Rogers ဆိုသည့် ပုဂ္ဂိုလ်က အခြားကြိုးပမ်းမှုတစ်ရပ်အနေဖြင့် နယ်စပ်ဒေသရှိ ဆန့်ကျင်ဘက်အဖွဲ့အစည်းများ၏ အခြေအမြစ်မရှိသည့် သတင်းများကို ကိုးကားပြီး Carrying the Cross အမည်ရှိ ဘာသာရေးဆိုင်ရာ လူ့အခွင့်အရေးချိုးဖောက်မှု အစီရင်ခံစာတစ်ခုအဖြစ် ဖန်တီးခဲ့သည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံတော်အစိုးရ၏ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘာသာ သာသနာရေးဆိုင်ရာ ဆောင်ရွက်ချက်များက အမှန်တရားကို ဖော်ထုတ်လျက်ရှိသကဲ့သို့ ပြည်တွင်း၌ရှိသည့် သက်ဆိုင်ရာ ဘာသာရေးအဖွဲ့အစည်းများ၏ တရားဝင်ကန့်ကွက်မှု ထုတ်ပြန်ချက်များက သက်သေပြလျက်ရှိကြောင်း၊ ယင်းထုတ်ပြန်ချက်များ၏ အနှစ်ချုပ်ကို ကောက်နုတ်ဖော်ပြရလျှင်–

- **မြန်မာနိုင်ငံ၌ ပင်ရင်းဓလေ့ထုံးစံ ၊ ယဉ်ကျေးမှုနှင့် ရိုးရာအစဉ်အလာများနှင့်အညီ နိုင်ငံသားတိုင်းက အခြေခံ အခွင့်အရေးများကို ဥပဒေအရ ပိုင်ဆိုင်ထားကြကြောင်း၊ ထူးခြားသည့် မြန်မာ့ယဉ်ကျေးမှု၏ အမှတ်လက္ခဏာများမှာ သည်းခံခွင့်လွှတ်ခြင်း၊ ကရုဏာထားခြင်းနှင့် နူးညံ့သိမ်မွေ့ခြင်းတို့ ဖြစ်ကြကြောင်း၊**
- **မြန်မာတို့သည် ဘာသာရေး ကိုင်းရှိုင်းကြသည်နှင့်အညီ မေတ္တာ၊ ကရုဏာနှင့် မုဒိတာစသည့် တရားများကို ခံယူကျင့်သုံးကြကြောင်း၊ ယင်းအစဉ်အလာများကြောင့် အဓိက ကိုးကွယ်မှုဘာသာကြီးများ ဖြစ်ကြသည့် အစ္စလာမ်၊ ခရစ်ယာန်၊ ဟိန္ဒူနှင့် ဗုဒ္ဓဘာသာတို့သည် ယခင်ကတည်းက ညီညွတ်အေးချမ်းစွာ ယှဉ်တွဲတည်ရှိခဲ့ကြကြောင်း၊**
- **ခရစ်ယာန်ဘုရားရှိခိုးကျောင်းများ၊ ဗလီများ၊ ဝတ်ပြုကျောင်းများနှင့် စေတီပုထိုးများသည် တစ်ခုနှင့်တစ်ခု နီးကပ်စွာ ယှဉ်တွဲတည်ရှိနေပုံကို မြန်မာနိုင်ငံအနှံ့အပြား၌ တွေ့မြင်နိုင်ကြောင်း၊**
- **ကမ္ဘာပေါ်၌ ကိုးကွယ်မှုဘာသာကြီးများ ညီညွတ်အေးချမ်းစွာ ယှဉ်တွဲရပ်တည်ပြီး နိုင်ငံသားတိုင်း လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ရှိသည့် နိုင်ငံအနည်းငယ်အနက် မြန်မာနိုင်ငံသည် တစ်ခုအပါအဝင်ဖြစ်ကြောင်း၊**

စာမျက်နှာ ၁၃ ကော်လံ ၁ သို့

စာမျက်နှာ ၁၂ မှ

- မြန်မာနိုင်ငံ၏ တည်ရှိနေပြီးဖြစ်သည့် ဘာသာပေါင်းစုံ ချစ်ကြည်မှုကို ထိခိုက်စေရန် ဆောင်ရွက်ခြင်းကိုလည်းကောင်း၊ ဘာသာရေးကို နိုင်ငံရေးတွက် ခုတုံးလုပ်အသုံးချရန် ကြံရွယ်ဆောင်ရွက်ခြင်းကို လည်းကောင်း လက်မခံကြောင်း၊
- စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးကို ထိခိုက်စေရန် ကြံရွယ် လုပ်ဆောင်မှုများကိုလည်း လက်မခံကြောင်း စသည်တို့ဖြစ်ကြောင်း၊
- မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ တိုင်းရင်းသူများ၏ ဘဝလုံခြုံရေး ဖွံ့ဖြိုးတိုးတက်ရေးကို အားသွန်ခွန်စိုက် ဆက်လက်ဆောင်ရွက်ရန်နှင့် သွေးခွဲမှုများကို အသိစိတ်ဓာတ်နှင့်ယှဉ်ပြီး သတိထားကြရန် တိုက်တွန်းကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ပြန်လည်ဆွေးနွေး

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများက အသီးသီး ရှင်းလင်းတင်ပြကြပြီး သဘာပတိက တက်ရောက်လာကြသော ဧည့်သည်များအား ပြန်လည်ဆွေးနွေးကြပါရန် ဖိတ်ခေါ်ရာ ရှေးဦးစွာ ချင်းတိုင်းရင်းသူ ဒေါ်ညန်ဇမ်း မန်က **မိမိမှာ ချင်းတိုင်းရင်းသူတစ်ဦးဖြစ်ပြီး ခရစ်ယာန်ဘာသာကိုးကွယ်သူ တစ်ဦးဖြစ်ကြောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က တာဝန်ရှိသူ တင်ပြသွားသည့် မိမိတို့ တိုင်းရင်းသားများ သွေးကွဲစေရန် ဘာသာရေးကို အကြောင်းပြုပြီး စွပ်စွဲချက်များဖြစ်သည့် မိမိတို့ပြည်နယ်အတွင်း ဘာသာရေး နှိပ်ကွပ်မှုများ၊ ဘာသာရေးကိုအကြောင်းပြုပြီး ခွဲခြားဆက်ဆံမှုများရှိနေသည် ဆိုခြင်းနှင့်ပတ်သက်၍ မိမိတို့ ချင်းပြည်နယ်၌ ယင်းကိစ္စများ လုံးဝမရှိကြောင်း ကို ပြန်လည်ဆွေးနွေးလိုကြောင်း၊ မိမိမှာ ခရစ်ယာန်ဘာသာကိုးကွယ်သူဖြစ်ပြီး မိမိတို့ မိသားစုတစ်စုလုံးသည်လည်း ခရစ်ယာန်ဘာသာ ကိုးကွယ်ကြသူများ ဖြစ်ကြောင်း၊ မိမိတစ်သက်တာတွင် ယနေ့အချိန်ထိ နိုင်ငံတော်အစိုးရကဖြစ်စေ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများက ဖြစ်စေ၊ ဘာသာမတူသည့် ပြည်သူ ပြည်သား တစ်ဦးဦးကဖြစ်စေ မိမိတို့ကို ဖိနှိပ်ခြင်း၊ ခွဲခြားဆက်ဆံခြင်းမရှိခဲ့သည်ကို တိတိကျကျပြောလိုကြောင်း၊ မိမိတို့ ရပ်ရွာအတွင်း၌ရော ပြည်နယ်အတွင်းပါ ယခုကဲ့သို့သောကိစ္စများ လုံးဝမရှိခဲ့ကြောင်း၊ မိမိတို့၏ ချစ်ခင်စည်းလုံးမှုကို မလိုလားသော၊ မိမိတို့၏အခြေအနေမှန်ကိုမသိသော ပြည်ပရောက် အမျိုးသမီး အဖွဲ့များက အခြေအမြစ်မရှိ စွပ်စွဲနေသည့်ကိစ္စများကို ကြားသိနေရကြောင်း၊ ပြည်ပရောက် အမျိုးသမီးဆိုသည်မှာလည်း မိမိတို့ချင်းပြည်နယ်ရှိ မည်သည့် အမျိုးသမီး၊ မည်သည့်အမျိုးသမီးအဖွဲ့နှင့်မျှ ပတ်သက်ခြင်း၊ ကိုယ်စားပြုခြင်း မရှိကြောင်း၊ ချင်းပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးချက်ဆိုသည် လည်း မရှိကြောင်း၊ ဤလုပ်ရပ်များသည် မိမိတို့ တိုင်းရင်းသားများ စည်းလုံး ညီညွတ်နေသည်ကို ပြိုကွဲအောင် သွေးခွဲခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့ဒေသခံ ပြည်သူများဘက်ကလည်း မည်သို့ပင်သွေးခွဲပါစေ မိမိတို့၏ စည်းလုံးညီညွတ်မှု သည် ပြိုကွဲမည်မဟုတ်ဘူးဆိုသည်ကို သိစေချင်ကြောင်းကို** ပြန်လည်ဆွေးနွေး တင်ပြလိုကြောင်း။

ဆောင်ရွက်ပေးနေ

မိမိတို့အနေဖြင့် သိထားသည်မှာ အမျိုးသမီးများ၏ ဖွံ့ဖြိုးရေးလုပ်ငန်း များကို ဆောင်ရွက်ပေးနေသည့် အမျိုးသမီးအဖွဲ့ကြီး နှစ်ဖွဲ့မှာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းတို့ပင် ဖြစ်သည်ကို ဆွေးနွေးလိုကြောင်းဖြင့် ပြောကြားသည်။

အားသွန်ကြိုးပမ်း

ဆက်လက်၍ ကျိမ်နွဲ့မိတ်သဟာယခရစ်ယာန်အသင်းမှ သင်းအုပ်ဆရာမ ဒေါ်ငဲမ်ခေါမ်းညန်က ဆွေးနွေးရာတွင် **မိမိအနေဖြင့် ဆွေးနွေးလိုသည့်အချက် မှာ မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်၊ မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရန်၊ နိုင်ငံတော် အစိုးရနှင့်အတူ မိမိတို့ကိုယ်တိုင် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက် ရှိကြသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက် ရာ၌ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးက အခြေခံကျလှကြောင်း၊ တိုင်းရင်းသား များ စည်းလုံးညီညွတ်ပြီး ငြိမ်းချမ်းကြမှသာလျှင် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်ကြမည်ဖြစ်ကြောင်း၊ ခရစ်ယာန်များကို ကန့်သတ်ခြင်း၊ ခွဲခြား ဆက်ဆံခြင်း၊ နှိပ်ကွပ်ခြင်းဆိုသည့် စွပ်စွဲချက်သည် မမှန်ကန်ကြောင်း။**

မိမိတို့ချင်းပြည်နယ် ဟားခါး၌ ခရစ်ယာန်ဘာသာဝင်များအနေဖြင့် လွတ်လွတ်လပ်လပ် ဘုရားကျောင်းသွား၍ရပြီး ကိုယ်ယုံကြည်ရာ ကိုးကွယ်၍ ရကြောင်း၊ ဘာသာရေးပွဲလမ်းများ၊ ဘုရားရှိခိုးဆုတောင်းခြင်းများကို အာဏာပိုင် အဖွဲ့အစည်းက အမြဲခွင့်ပြုခဲ့ကြောင်း၊ တစ်ခါမျှ ပိတ်ပင်ကန့်သတ်ခြင်းမျိုး မရှိ ခဲ့ကြောင်း။

လက်မခံ

နောက်ပြီး တပ်မတော်သားများနှင့် မိမိတို့ ချင်းအမျိုးသမီးများ လက်ထပ် လျှင်လည်း ရဲမေများဖြစ်သော်လည်း ဘုရားကျောင်းတက်နေကြခြင်း အများကြီး ရှိကြောင်း၊ မည်သူ့ကိုမျှ အတင်းအဓမ္မ ဗုဒ္ဓဘာသာပြောင်းလဲစေခြင်း မရှိကြောင်း၊ ဗုဒ္ဓဘာသာ ဘုန်းကြီးများရော၊ မိမိတို့ ချင်းခရစ်ယာန်များပါ ချစ်ချစ်ခင်ခင် ရှိကြကြောင်း၊ မည်သည့်ဘာသာကိုမျှ မနှိပ်ကွပ်ခဲ့ကြောင်း။

သာသနာရေးဝန်ကြီးဌာနက ခရစ်ယာန်ဘာသာ ဘုရားကျောင်းဆောက် လုပ်သည်ကို မည်သည့်အခါမျှ မပိတ်ပင်ခဲ့ကြောင်း၊ ဟားခါး၌ ခရစ်ယာန်အသင်း ၁၈ သင်းက ဘုရားကျောင်းပေါင်း ၁၀၀ ကျော်၊ ဘာသာဝင်ပေါင်း ၅၀၀၀၀ ကျော် ကိုးကွယ်လျက်ရှိကြောင်း၊ ပြည်နယ်တစ်ခုလုံးဆိုလျှင် ခရစ်ယာန် ၄၀၀၀၀၀ ကျော် ရှိကြောင်း၊ ဤသည်ကိုကြည့်လျှင် ဘာသာရေးမပိတ်ပင်ဘူးဆိုသည်ကို အားလုံး အသိပင်ဖြစ်ကြောင်း၊ CSW ၏ စွပ်စွဲချက်များကို မမှန်မကန်စွပ်စွဲချက်များ ဖြစ်သည့်အတွက် မိမိတို့ချင်းပြည်နယ် အမျိုးသမီးများအနေဖြင့် လုံးဝလက်မခံ နိုင်ကြောင်းဖြင့် ဆွေးနွေးတင်ပြသည်။

ဥပဒေနှင့်အညီ

ထို့နောက် (H.B.C)ဟားခါး နှစ်ခြင်းခရစ်ယာန်အသင်းတော်မှ သင်းအုပ် ဆရာမ ဒေါ်ချာဇီးကလည်း **ယခုတင်ပြသွားသည့် တင်ပြချက်များထဲက မိမိ ဆွေးနွေးလိုသည့်အချက်မှာ ဒေသအာဏာပိုင်များက ခရစ်ယာန်ဘုရားကျောင်းများ ဆောက်လုပ်ခွင့်မပေးဘူးတို့၊ ဆောက်လုပ်ဆဲဘုရားကျောင်းများကို ဆက်မဆောက် နိုင်အောင် ရပ်ထားတာတို့ ပြုလုပ်နေသည်ဆိုသည့် စွပ်စွဲချက်နှင့် ပတ်သက် ကြောင်း၊ မိမိကိုယ်တိုင် သိရှိနားလည်ခဲ့သည့် အခြေအနေလေးများကို တင်ပြ မျှဝေလိုကြောင်း၊ ဒေသတစ်ခု၌ မည်သည့်အဆောက်အအုံပဲ ဆောက်ဆောက်၊ ဘာသာရေးအဆောက်အအုံ ဆောက်ဆောက် သက်ဆိုင်သည့် ဥပဒေလုပ်ထုံး လုပ်နည်းများနှင့်အညီ ဒေသအာဏာပိုင်ဆီ လျှောက်ထားရကြောင်း၊ ယင်းသို့ လျှောက်ထားသည့်အခါ သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့် ညီ မညီ စိစစ်ပြီး မညီသေးလျှင် ညီအောင်ဆောင်ရွက်ခိုင်းခြင်းများ ရှိတတ်ကြောင်း၊ ဤကဲ့သို့ ဆောင်ရွက်သည့်နေရာတွင် သာသနာရေးဝန်ကြီးဌာနက လိုအပ်သည့် အကူအညီများ ဆောင်ရွက်ပေးကြောင်း၊ ဤသည်မှာ ခရစ်ယာန်ဘာသာဖြစ်၍ လုပ်ခြင်းမျိုးမဟုတ်ဘဲ မည်သည့်ဘာသာမဆို၊ မည်သည့်ဘာသာရေး အဆောက် အအုံမဆို ဥပဒေလုပ်ထုံးလုပ်နည်းနှင့် ညီညွတ်အောင် ဆောင်ရွက်ပေးခြင်းသာ ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ ချင်းပြည်နယ်အတွင်း၌ ပြည်ပက စွပ်စွဲသည့် ပြဿနာမျိုး လုံးဝမရှိသကဲ့သို့ မိမိတို့၌လည်း ၎င်းတို့စွပ်စွဲသည့် ခံစားချက်မျိုး လုံးဝမရှိသည်ကို ဆွေးနွေးတင်ပြလိုပါကြောင်း**ဖြင့် ဆွေးနွေးသွားသည်။

အခြေအနေမှန်

ဆက်လက်၍ ချင်းတိုင်းရင်းသူ ဒေါ်သောခ့်မင်းက **မိမိသည် ချင်းလူမျိုး နှစ်ခြင်းခရစ်ယာန်ကိုးကွယ်သူဖြစ်ကြောင်း၊ မိမိ ဆွေးနွေးတင်ပြလိုသည့်အချက်မှာ မြန်မာနိုင်ငံ၏ မည်သည့်အရပ် မည်သည့်ဒေသမှာပဲဖြစ်ဖြစ် ဘာသာ၊ လူမျိုး မခွဲခြားဘဲ ချစ်ခင်စွာ ပေါင်းစည်းနေထိုင်ကြသည့် ချစ်စရာ ဓလေ့ထုံးတမ်းလေး အကြောင်းဖြစ်ကြောင်း၊ မိမိတို့ချင်းပြည်နယ်၌လည်း ခရစ်ယာန်ရော၊ ဗုဒ္ဓဘာသာ ရော ဘာသာပေါင်းစုံရှိသကဲ့သို့ ပြည်မ၌လည်း ဘာသာပေါင်းစုံရှိကြကြောင်း၊ ဘာသာရေးပွဲတော်များကို လေ့လာကြည့်လျှင် ဗုဒ္ဓဘာသာများ အလေးအမြတ် ထားသည့် နှစ်သစ်ကူးသင်္ကြန်ပွဲတော်၌ လူမျိုး၊ ဘာသာမရွေး ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသကဲ့သို့ ခရစ်ယာန်ဘာသာ၏ အဓိကပွဲတော်ဖြစ်သည့် ခရစ္စမတ် ပွဲတော်၊ နှစ်သစ်ကူးပွဲတော်များ၌လည်း ဘာသာပေါင်းစုံ ဝင်ရောက်နွှဲပျော် ကြသည်မှာ ဘာသာရေး ခွဲခြားဆက်ဆံမှုမရှိကြောင်း၊ ခိုင်လုံသည့် အထောက် အထားတစ်ရပ်ဖြစ်ကြောင်း၊ ဗုဒ္ဓဘာသာများက Merry X 'mas တို့၊ Happy New Years တို့ကို ပျော်ရွှင်ချစ်ခင်စွာ နှုတ်ဆက်ပြီး ပွဲတော်များ၌ ပါဝင်ဆင်နွှဲနေကြသည်မှာ မြန်မာပြည်၏ ချစ်စရာမြင်ကွင်းလေးဖြစ်သည့် အတွက် လူမျိုး၊ ဘာသာ မခွဲခြားတတ်သည့် မိမိတို့မြန်မာပြည်၏ အခြေအနေ မှန်ကို တင်ပြဆွေးနွေးရခြင်းဖြစ်ကြောင်း**ဖြင့် ဆွေးနွေးသည်။

ကျေးဇူးတင်

ထို့နောက် သဘာပတိ ဒေါက်တာ ဒေါ်သက်သက်ဇင်က ဆွေးနွေးတင်ပြ ချက်များကိုလည်း မှတ်တမ်းတင်ထားမည်ဖြစ်ကြောင်း၊ စိတ်ပါဝင်စားစွာဖြင့် ပါဝင်ဆွေးနွေးကြသော ချင်းပြည်နယ်မှ တိုင်းရင်းသား အမျိုးသမီးများကို အထူးပင်ကျေးဇူးတင်ရှိကြောင်းနှင့် ဤသို့ တွေ့ဆုံဆွေးနွေးပွဲဖြစ်မြောက်ရေး အတွက် အဘက်ဘက်က ကူညီပံ့ပိုးပေးကြသူအားလုံးကို မြန်မာနိုင်ငံ အမျိုး သမီးရေးရာအဖွဲ့ချုပ်ကိုယ်စား ကျေးဇူးတင်ကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ် ပါကြောင်းဖြင့် ပြောကြားကာ အခမ်းအနားကို နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ရုပ်သိမ်းလိုက်သည်။

အမြင်ချင်းဖလှယ်

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူးအဖွဲ့ အဖွဲ့ဝင် ဒေါက်တာ ဒေါ်သက်သက်ဇင်နှင့် အဖွဲ့ဝင်များသည် မတ် ၇ ရက်တွင် ထန်တလန် မြို့သို့သွားရောက်၍ နိမန်းပန်းဥယျာဉ် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ ကျောင်းဝင်းအတွင်းရှိ မြက်ခင်းပြင်၌ ထန်တလန်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှ အဖွဲ့ဝင်များနှင့်လည်းကောင်း၊ မတ် ၈ ရက်တွင် ဖလမ်းမြို့သို့ သွားရောက်၍ ဖလမ်း အထက(၂)ဝင်းအတွင်း ဖလမ်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် လည်းကောင်း စကားဝိုင်းဖွဲ့ကာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရေးနှင့် အမျိုးသမီးများ၏ လူမှုရေး၊ ဘာသာရေး၊ ယဉ်ကျေးမှုဓလေ့ထုံးစံ ကိစ္စအဝဝတို့ကို ရင်းရင်းနှီးနှီး ဆွေးနွေး အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ပြောကြား

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူးအဖွဲ့ အဖွဲ့ဝင် ဒေါက်တာ ဒေါ်သက်သက်ဇင်နှင့် အဖွဲ့ဝင်များသည် မတ် ၈ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ဖလမ်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ဖလမ်း အထက (၂)ဝင်းအတွင်း၌ စကားဝိုင်းဖွဲ့၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရေးနှင့် အမျိုးသမီးများ၏ လူမှုရေး၊ ဘာသာရေး၊ ယဉ်ကျေးမှုဓလေ့ထုံးစံ ကိစ္စအဝဝတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ယင်းစကားဝိုင်းဖွဲ့ ဆွေးနွေးပွဲတွင် ဖလမ်းမြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင် အမျိုးသမီးများက တိုင်းရင်းသားရိုးရာ ဓလေ့ထုံးစံများ၊ ယဉ်ကျေးမှု၊ ပညာရေးနှင့် လူမှုရေး၊ ကျန်းမာရေးမှအစ သိလိုသည့်ကဏ္ဍပေါင်းစုံကို မေးမြန်း ဆွေးနွေးကြရာ ဒေါက်တာ ဒေါ်သက်သက်ဇင် ခေါင်းဆောင်သည့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး ဖြေကြားကြပြီး မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် စကားဝိုင်းဖွဲ့ ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

လှူဒါန်း

အဆိုပါ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ အဖွဲ့ဝင်များသည် ခရီးစဉ်အတွင်း ဖလမ်းမြို့ပေါ်ရှိ စိန့်ဂျိုးဇက်ဘုရား ကျောင်း၊ FBCဖလမ်းနှစ်ခြင်းအသင်းတော် နှင့် သတင်းကောင်း နှစ်ခြင်းအသင်းတော်တို့၌လည်းကောင်း၊ ဟားခါးမြို့ပေါ်ရှိ မြို့မ သာသနာပြုစာသင်တိုက်၊ ခွာရုံဘုန်းတော်ကြီးကျောင်း၊ စိန့်ဂျိုးဇက်ဘုရား ကျောင်း၊ ဟားခါး နှစ်ခြင်းခရစ်ယာန်အသင်းတော်၊ မြန်မာနိုင်ငံ ယူနိုက်တက် ပင်တီကော့စ်တာအသင်းတော်၊ ကျိမ်နွဲ့(တီးတိန်)ခရစ်ယာန် မိတ်သဟာယအဖွဲ့၊ ဇေသလနှစ်ခြင်းခရစ်ယာန်အသင်းတော်၊ ထန်တလန် နှစ်ခြင်းခရစ်ယာန်အသင်း တော်နှင့် မြန်မာနိုင်ငံ အေဂျီဧဝံဂေလိအသင်းတော်များသို့ သွားရောက်၍ အလှူ ငွေကျပ် သုံးသိန်းခြောက်သောင်းကို လှူဒါန်းခဲ့သည်။ နယ်စပ်ဒေသနှင့် တိုင်းရင်း သားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဦးစီးဌာနက ဖွင့်လှစ် ထားသော အိမ်တွင်းမှုသင်တန်းကျောင်း(ဟားခါး)၊ ဗုဒ္ဓဘာသာဘုန်းတော်ကြီး ကျောင်းများနှင့် ခရစ်ယာန်အသင်းတော်များသို့ သွားရောက်၍ လှူဖွယ်ဝတ္ထု များနှင့် အလှူငွေများကိုလည်းကောင်း၊ ပရဟိတဂေဟာနှင့် ဖွံ့ဖြိုးရေးသင်တန်း ကျောင်းများသို့ သွားရောက်၍ အဝတ်အထည်နှင့် စားသောက်ဖွယ်ရာများ၊ သင်တန်းအထောက်အကူပြု ပစ္စည်းများကိုလည်းကောင်း ပေးအပ်လှူဒါန်း ခဲ့ကြသည်။

ထို့အပြင် ထန်တလန်မြို့ရှိ နိမန်းပန်းဥယျာဉ် လူငယ်ဖွံ့ဖြိုးရေး ပရဟိတ ဂေဟာအတွက် အဝတ်အထည်နှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းပြီး ဖလမ်းမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု ဇဟိုကျောင်းသို့သွားရောက်၍ ဆရာတော်ထံ လှူဖွယ်ဝတ္ထုများကို ဆက်ကပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် ဖလမ်းမြို့ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်းသို့ရောက်ရှိပြီး သင်တန်းအထောက်အကူပြု ပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့မှာတမ်း

* မြန်မာပြည်သူ မြန်မာပြည်သားတွေရဲ့
မြန်မာ့အားမွေးကြပါ။

* မြန်မာ့ထုံးစံမို့
မြန်မာ့ဘုန်း ဇာတိမာန်ဖြင့်
မြန်မာ့ဟန် အမှန်မနွမ်းရအောင်
မြန်မာ့အစွမ်းပြသင့်တာ။

* မြန်မာနေ ညီနောင်ထုတွေနဲ့
မြန်မာပြေ(ပြည်) ပြည်ထောင်စုပေမို့
မြန်မာမူဝါသနာထုံလျက်
မြန်မာဟုကမ္ဘာတိုင်တုန်ရှော့
မြန်မာ့ဂုဏ်သိန်သရေလျှမ်းပအောင်
မြန်မာ့လမ်း၊ မြန်မာ့အစဉ်အလာ
မြန်မာသာ မြတ်နိုး။

* မြန်မာမျိုးဆွေတို့
မြန်မာ့အကျိုး မြန်မာရည်၍
မြန်မာ့တန်ခိုး ကမ္ဘာတည်လို့
မြန်မာပြည် ဘယာမဖြစ်ရအောင်
မြန်မာပီ မြန်မာစစ်ဖို့
မြန်မာချစ်စိတ်ပျိုး။ ။

မင်းယဉ်စု

ပဲခူးတိုင်း ထန်းတပင်နှင့် သံတောင်မြို့နယ်တို့အတွင်း သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့် မိုင်းနင်းမိပေါက်ကွဲ၊ အပြစ်မဲ့ပြည်သူနှစ်ဦးဒဏ်ရာရရှိ

နေပြည်တော် မတ် ၁၄

အကြမ်းဖက် သောင်းကျန်းသူအဖျက်သမားများသည် နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရ အထိတ် တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ရပ်များကို နည်းမျိုးစုံ အသုံးပြု ဆောင်ရွက်လျက်ရှိရာ မတ် ၁၀ ရက် မွန်းလွဲ ၂ နာရီခွဲခန့်တွင် ထန်းတပင်မြို့နယ် ကျောက်ကြီးပေါက်ကျေးရွာမှ ဦးသိန်း၏သား ဦးပု အသက် ၄၀ သည် ၎င်း၏ ညီဝမ်းကွဲဖြစ်သူ အောင်မိုး အသက် ၂၇ နှစ်နှင့်အတူ ကျေးရွာအနီး တောတွင်း၌ ထင်းခုတ်ပြီး လှည်းလမ်းအတိုင်း ပြန်လာစဉ် သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့် မိုင်းတစ်လုံး နင်းမိ ပေါက်ကွဲ၍ ဦးပု၏ ညာဘက်ခြေထောက် ခြေချင်းဝတ်မှပြတ်ကာ ဒဏ်ရာ ရရှိခဲ့သည်။

ဒဏ်ရာရရှိ

အလားတူ မတ် ၁၁ ရက် နံနက် ၈ နာရီခွဲခန့်တွင် သံတောင်မြို့နယ် လက်မဲလေးကျေးရွာမှ ဦးစောဒိုးဝါး၏ သား စောအယ်ထူး အသက် ၂၀ သည် ကော်ဖီခြံနှင့် ဖာလာခြံ မီးတားလမ်းဖောက်လုပ်နေစဉ် သောင်းကျန်းသူ အဖျက်သမားများ ထောင်ထားသည့် မိုင်းတစ်လုံး နင်းမိပေါက်ကွဲ၍ စောအယ်ထူး၏ ဘယ်ဘက်ခြေထောက် ခြေဖမိုးနှင့် ခြေသလုံးတို့၌ မိုင်းစ ထိမှန်ဒဏ်ရာရရှိခဲ့သည်။

ဖော်ထုတ်ရှင်းလင်း

အဆိုပါ မိုင်းထိဒဏ်ရာရရှိခဲ့ကြသည့် ဦးပုအား သက်ဆိုင်ရာတာဝန်ရှိ သူများက ထန်းတပင်မြို့နယ် ပြည်သူ့ဆေးရုံမှတစ်ဆင့် တောင်ငူမြို့နယ် ပြည်သူ့ဆေးရုံသို့လည်းကောင်း၊ စောအယ်ထူးအား သံတောင်ကြီး ပြည်သူ့ ဆေးရုံသို့လည်းကောင်း ပို့ဆောင်ကြ၍ ဆေးဝါးကုသမှုများနှင့် လိုအပ်သော ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် သောင်းကျန်းသူအဖျက် သမားများအား တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက သတင်းဖော်ထုတ် ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ကက/ ၃၅၉၁
ယာဉ်ပိုင်ရှင်သိစေရန်
ယာဉ်အမှတ် ကက/၃၅၉၁ Toyota Corona အား လက်ဝယ်ရှိသူသည် ခုနစ်ရက်အတွင်း လာရောက်ဆက်သွယ်ပါရန်။
ဒေါ်ကြည်ကြည်ဝင်း
ဖုန်း–၅၄၃၀၅၃။

အမည်ပြောင်း
ဦးရဲမိုး၏သား ရန်ကင်းမြို့နယ် အမက(၁၃)ပထမတန်းမှ မောင်ကိုကိုဟိန်းအား မောင်စိုးကျော်မင်းထက်ဟု ပြောင်းလဲခေါ်ပါရန်။
မောင်စိုးကျော်မင်းထက်။



ပျောက်ဆုံးခြင်း
ကျွန်တော် ဇော်လတ်မောင်၏ နိုင်ငံကူးလက်မှတ် အမှတ်–၄၇၂၄၇၇ သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။ **ဖုန်း–၀၉–၅၃–၀၂၁၀၁။**

အမွေပြတ်စွန့်လွှတ်ခြင်း
ကျွန်မ၏သမီး မကျင်ကျင်ဝင်း ၁၄/မအပ(နိုင်)၀၁၂၁၅၈သည် မိဘညီအစ်ကို မောင်နှမများ၏ ဆိုဆုံးမမှုကိုနာခံမှုမရှိဘဲ မိဘများအား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သမျှ တာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ပါ။ **ဒေါ်ခင်ကြည်**
၁၄/မအပ(နိုင်)၀၁၂၁၆၂။

ချိပ်ပိတ်တင်ဒါပိတ်ရက်ထပ်မံတိုးမြှင့်ခြင်း
၁။ အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ မြန်မာ့စားသောက်ကုန်လုပ်ငန်းလက်အောက်ရှိ အမှတ် ၄၀/၄၄၊ အမှတ် ၃၈၊ အမှတ် ၃၄/၃၆၊ အမှတ် ၂၆/၃၂၊ ၅၆လမ်း မြေနေရာတွင် ရှစ်ထပ် RCအဆောက်အအုံဆောက်လုပ်ရန်အတွက် ၃၀–၁–၂၀၀၇ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင်ဖော်ပြပါရှိသော တင်ဒါပိတ်ရက် ၁၅–၂–၂၀၀၇ရက်အစား ၃၁–၃–၂၀၀၇ရက်အထိ တိုးမြှင့်သတ်မှတ်ကြောင်း ကြေညာအပ်ပါသည်။
၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ဖော်ပြပါလိပ်စာများတွင် စုံစမ်းနိုင်ပါသည်။
အမှတ်(၁)စက်မှုဝန်ကြီးဌာန
မြန်မာ့စားသောက်ကုန်လုပ်ငန်း၊ စီမံကိန်းဌာန
ရုံးအမှတ် ၃၇၊နေပြည်တော်၊ဖုန်း–၀၆၇–၄၀၈၀၆၇၊ ၄၀၈၃၄၀။



အများသိစေရန် အသိပေးကြေညာချက်

ရန်ကုန်တိုင်း၊ ကျောက်တံတားမြို့နယ်၊ အနော်ရထာလမ်း၊ အမှတ် ၁၅၁ရှိ ပုလဲဗီဒီယိုထုတ်လုပ်ဖြန့်ချိရေးလုပ်ငန်းပိုင်ရှင် ဦးကျော်စိုးလင်း ၁၂/ကတတ(နိုင်) ၀၂၆၁၇၃၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏ မိတ်ဆွေဦးကျော်စိုးလင်းသည် ပုလဲဗီဒီယို ထုတ်လုပ်ဖြန့်ချိရေး အမည်ဖြင့် ဗွီစီဒီကာရာအိုကေသီချင်းခွေများ၊ စီဒီသီချင်းခွေများနှင့် ကက်ဆက်သီချင်းခွေများကို တရားဝင်ထုတ်လုပ်ပြီး ရန်ကုန်မြို့ အပါအဝင် မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ တရားဝင်ဖြန့်ချိလျက်ရှိပါသည်။ ဦးကျော်စိုးလင်းပိုင် ပုလဲဗီဒီယို ထုတ်လုပ်ဖြန့်ချိရေးမှ ထုတ်လုပ်ဖြန့်ချိလျက်ရှိသော ဗွီစီဒီ၊ စီဒီနှင့် ကက်ဆက်ခွေများကို ဦးကျော်စိုးလင်း၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ တစ်ပုဒ်ချင်းအနေဖြင့်လည်းကောင်း၊ အပိုင်းလိုက်အနေဖြင့်လည်းကောင်း၊ ခိုးကူးခွေများအဖြစ် ကူးယူဖြန့်ချိခြင်း MP-3၊MP-4စက်များအတွင်း ထည့်သွင်းကူးယူပေးခြင်း၊ MP-3 CD အဖြစ်ကူးယူပေးခြင်း၊MP-4 DVD အဖြစ် ကူးယူပေးခြင်း၊Mobile Phone များအတွင်း Ringing Tone အနေဖြင့် ထည့်သွင်းပေးခြင်း၊ MP-3 အဖြစ်ထည့်သွင်းပေးခြင်းများမပြုလုပ်ကြပါရန် သတိပေးတားမြစ်အပ်ပါသည်။ အကယ်၍ ထိုသို့ပြုလုပ်ကြောင်းတွေ့ရှိပါက တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးသန်းစိုး(ထွန်း)	ဦးတင်ထွန်းစံ
B.A(Eco), H.G.P, R.L, D.B.L	B.Sc(Chem), H.G.P, R.L,D.A, D.M.A
တရားရုံးချုပ်ရှေ့နေ(၅၄၉၃)	တရားရုံးချုပ်ရှေ့နေ(၅၅၄၅)

ဒေါ်မူယာ
LL.B., Dip in Business Law
တရားရုံးချုပ်ရှေ့နေ(၆၆၆၀)
အမှတ် ၉၇၊ ပထမထပ်၊ ၃၈လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း–၀၉–၅၁–၁၀၆၆၉။

အများသိစေရန် အသိပေးကြေညာချက်

ရန်ကုန်တိုင်း၊ လသာမြို့နယ်၊ လသာလမ်း၊ အမှတ်(၁၃၀)ရှိ စိုးသက်အောင် ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေးလုပ်ငန်းပိုင်ရှင် ဦးစိုးသက်အောင် ၁၂/လသန(နိုင်) ၀၁၆၁၄၈၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေဦးစိုးသက်အောင်သည် စိုးသက်အောင် ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေးအမည်ဖြင့် ဗွီစီဒီကာရာအိုကေသီချင်းခွေများ၊ စီဒီသီချင်းခွေများနှင့် ကက်ဆက်သီချင်းခွေများကို တရားဝင်ထုတ်လုပ်ပြီး ရန်ကုန်မြို့အပါအဝင် မြန်မာနိုင်ငံတစ်ဝန်းလုံးသို့တရားဝင်ဖြန့်ချိလျက်ရှိပါသည်။ ဦးစိုးသက်အောင်ပိုင် စိုးသက်အောင်ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေးမှထုတ်လုပ်ဖြန့်ချိလျက်ရှိသော ဗွီစီဒီ၊ စီဒီနှင့် ကက်ဆက်ခွေများကို ဦးစိုးသက်အောင်၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ တစ်ပုဒ်ချင်းအနေဖြင့်လည်းကောင်း၊ အပိုင်းလိုက်အနေဖြင့်လည်းကောင်း ခိုးကူးခွေများအဖြစ် ကူးယူ ဖြန့်ချိခြင်း၊ MP-3၊ MP-4စက်များအတွင်း ထည့်သွင်းကူးယူပေးခြင်း၊ MP-3 CD အဖြစ် ကူးယူပေးခြင်း၊ MP-4 DVD အဖြစ် ကူးယူပေးခြင်း၊ Mobile Phone များအတွင်း Ringing Tone အနေဖြင့် ထည့်သွင်းပေးခြင်း၊MP-3အဖြစ် ထည့်သွင်းပေးခြင်းများမပြုလုပ်ကြပါရန် သတိပေးတားမြစ်အပ်ပါသည်။ အကယ်၍ ထိုသို့ပြုလုပ်ကြောင်းတွေ့ရှိပါက တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာ အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးသန်းစိုး(ထွန်း)	ဦးတင်ထွန်းစံ
B.A(Eco), H.G.P, R.L, D.B.L	B.Sc(Chem), H.G.P, R.L,D.A, D.M.A
တရားရုံးချုပ်ရှေ့နေ(၅၄၉၃)	တရားရုံးချုပ်ရှေ့နေ(၅၅၄၅)

ဒေါ်မူယာ
LL.B., Dip in Business Law
တရားရုံးချုပ်ရှေ့နေ(၆၆၆၀)
အမှတ် ၉၇၊ ပထမထပ်၊ ၃၈လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း–၀၉–၅၁–၁၀၆၆၉။

တယ်လီဖုန်းနံပါတ်ပြောင်းလဲခြင်း
Myanmar Baking Training Centre (MBTC) မုန့်အလှဆင် နည်းပညာနှင့် မုန့်ဖုတ်နည်းပညာသင်တန်းကျောင်း၏ ဆက်သွယ်ရန် ဖုန်းနံပါတ်များမှာ အောက်ပါအတိုင်း ပြောင်းလဲသွားပြီဖြစ်ကြောင်း ကြေညာအသိပေးအပ်ပါသည်။
ယခင် ဖုန်း–၅၆၀၅၈၀ --- ယခု ဖုန်း–၅၇၃၈၁၈၊
ယခင် ဖုန်း–၅၆၁၀၅၈ --- ယခု ဖုန်း–၅၇၃၈၃၈၊
ယခင် ဖုန်း–၅၆၁၃၀၈ --- ယခု ဖုန်း–၅၇၃၈၅၂။

မုန့်အလှဆင်နှင့် မုန့်ဖုတ်နည်းပညာ သင်တန်းကျောင်း မိတ်ဆက်ပွဲ
Sheng Da Development Ltd. ၏ 2007 မုန့်ကုန်ကြမ်းပစ္စည်းအသစ်ဖြင့် မုန့်ဖုတ်နည်းပညာ ရှင်းလင်းပြသပွဲနှင့် Myanmar Baking Training Centre (MBTC) မုန့်အလှဆင်နှင့် မုန့်ဖုတ်နည်းပညာသင်တန်းကျောင်း ဖွင့်ရခြင်းရည်ရွယ်ချက်နှင့် အကျိုးသက်ရောက်မှုများအား မိတ်ဆက်ပွဲကျင်းပမည်ဖြစ်ပါ၍ မည်သူမဆို အခမဲ့တက်ရောက်လေ့လာနိုင်ပါသည်။
ကျင်းပမည့် နေ့ရက် – ၁၈–၃–၂၀၀၇ရက်(တနင်္ဂနွေနေ့)
ကျင်းပမည့် အချိန် – ညနေ ၄နာရီ မှ ၆နာရီ အထိ
ကျင်းပမည့် နေရာ – အမှတ် ၁၆၆၊ လေးထောင့်ကန်လမ်း၊ တာမွေမြို့နယ်၊ ဖုန်း–၅၇၃၈၁၈၊ ၅၇၃၈၃၈၊ ၅၇၃၈၅၂။



လူသားအရင်းအမြစ်စီမံခန့်ခွဲမှု ဟောပြောပွဲကျင်းပမည်

ရန်ကုန် မတ် ၁၄

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များ အသင်းတို့ပူးပေါင်းစီစဉ်မှု Myanmar livestock Services Ltd. ၏ ပံ့ပိုးကူညီမှုဖြင့် မတ်၁၇ရက်(စနေနေ့) မွန်းလွဲ၂နာရီခွဲတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းမကြီးနှင့် စက်မှုဆေးဝါးလမ်းထောင့်ရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်သီရိအဏ္ဏဝါခန်းမ၌ MHRမှ မန်နေဂျင်းဒါရိုက်တာ ဦးအေးကျော်က လူသားအရင်းအမြစ်စီမံခန့်ခွဲမှု ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်သဖြင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၅–၃–၂၀၀၇
(ကြာသပတေးနေ့)

၇:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅	ရှိပါတယ်တရားတော် (မဇ္ဈိမဒေသအရှင်ဆေကိန္ဒဆရာတော်) [အပိုင်း–၂]
၇:၄၅	နည်းပညာသစ်ဆန်း MSP အစွမ်း
၈:၀၅	တေးဂီတအစီအစဉ်
၈:၁၀	ပြည်တွင်းအနုပညာရေးရာ
၈:၄၀	လူငယ်များအတွက် ဗဟုသုတပွဲတော်
၉:၀၅	ပြည်တွင်းသတင်းအကျဉ်း
၉:၁၅	တေးဂီတအစီအစဉ်
၉:၂၀	အလှမှာအယဉ်ဆင့် အမြင်ဆန်းသည့်အထည်
၉:၄၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၄၅	သွားမယ်စားမယ် (California Cake & Bakery)
၁၀:၀၅	တေးဂီတအစီအစဉ်
၁၀:၁၀	စိုက်ပျိုးဖို့လွယ်ကူစေမှာ ကောက်ရိုးမှိုပါ
၁၀:၂၅	အနာကြီးရောဂါ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ
၁၀:၃၅	မိုးလေဝသခန့်မှန်းချက်
၁၀:၄၀	Yangon Panorama (ပန်းချီ၊ ပန်းပုကျောင်းနှင့် ပန်းတျာကျောင်းသင်တန်းဆင်းပွဲနှင့် အောင်လက်မှတ်အပ်နှင်းပွဲ)
၁၁:၀၅	တေးဂီတအစီအစဉ်
၁၁:၁၀	မြန်မာစာ မြန်မာစကား(၁)
၁၁:၂၅	ပြည်တွင်းသတင်းအကျဉ်း
၁၁:၃၅	"အဲဒီမှာ စတွေ့တာပဲ" (မင်းအုပ်စိုး၊ နှင်းဝတ်ရည်သောင်း၊ ၄က်ပျောကြော်၊ မြတ်ကေသီအောင်)
၁၁:၄၀	ယနေ့သိပ္ပံနှင့်နည်းပညာ
၁၁:၅၅	တေးဂီတအစီအစဉ်
၁၂:၀၀	အရက်အန္တရာယ်(သိပ္ပံမှူးတင်)
၁၂:၂၀	တေးဂီတအစီအစဉ်
၁၂:၂၅	မဟူရာပွင့်ရဲ့ Landscaping
၁၂:၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂:၄၀	အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ သိကောင်းစရာများ (စာပေနှင့်အနုပညာဆိုင်ရာမူပိုင်ခွင့်) [ဒေါက်တာမိုးမိုးသွယ်]
၁:၀၀	MRTV-4 အပိတ် Logo

အထက်ပါခြောက်နာရီစာအစီအစဉ်များကို နံနက်၇နာရီမှ မွန်းလွဲ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ၁နာရီမှ ည၇နာရီအထိ တစ်ကြိမ်၊ ည၇နာရီမှ နံနက်၁နာရီအထိ တစ်ကြိမ်၊ နံနက်၁နာရီမှ နံနက်၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက်၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ကြက်ငှက်တုပ်ကွေးရောဂါ ဟောပြောပွဲကျင်းပမည်

ရန်ကုန် မတ် ၁၄

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)က ကြီးမှူး၍ ဆရာဝန်များအတွက် ကြက်ငှက်တုပ်ကွေးရောဂါပညာပေးဟောပြောပွဲကို မတ် ၁၇ရက် နံနက်၉နာရီမှ ၁၂နာရီအထိ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေတောင်မြို့ ရွှေနတ်တောင်စေတီတော် ဗုဒ္ဓပူဇနိယပွဲ ဆွမ်းဆန်စိမ်းလောင်းလှူ

ရွှေတောင် မတ် ၅

ပြည်ခရိုင် ရွှေတောင်မြို့ သမိုင်းဝင် ရွှေနတ်တောင်စေတီတော်မြတ်ကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနိယပွဲတော်ကို မတ် ၂ ရက်နံနက်က ဒုတိယအကြိမ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပသည်။

လောင်းလှူ

အဆိုပါ လောင်းလှူပွဲတွင် စေတီတော်ရင်ပြင်တော်၌ သံဃာတော်၃၂၅ပါးတို့အား နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးမောင်မောင်အေးနှင့် တပ်မတော်အရာရှိကြီးများ၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးဇော်ပိုင်ထွန်းနှင့်တပ်ဖွဲ့ မိသားစုဝင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ဝင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာခင်မောင်ထွန်းနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုဝင်များ၊ အလှူရှင်များက တစ်ဦးချင်းအလိုက် စုပေါင်းလောင်းလှူကြသည်။ **(ဝဲပုံ)**

ရေစက်ချ

ထို့နောက် စေတီတော်ရင်ပြင်မြောက်ဘက်ဂေါပကအဖွဲ့ရုံး၌ရေစက်ချမင်္ဂလာဆက်လက်ကျင်းပရာဇဟိုသံဃာ့ဝန်ဆောင် ရွှေတောင်မြို့ မဟာဝိသုတာရာမ ဂန္ထာရုံကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာကျော်ဘဒ္ဒန္တ အဂ္ဂဝံသထံမှ ကိုးပါးသီလခံယူပြီးရေစက်ချ သာဓုအနုမောဒနာခံယူကြသည်။

ဆက်ကျင်းပမည်

အဆိုပါ ဒုတိယအကြိမ် လောင်းလှူပွဲတွင် ဆွမ်းဆန်နှင့် လှူဖွယ်ဝတ္ထုမျိုးစုံ စုစုပေါင်း ငွေကျပ်သိန်း၃၀ ကျော်ခန့် လှူဒါန်းခဲ့ကြပြီး နှစ်စဉ်ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မွန်ပြည်နယ် မော်လမြိုင်မြို့ သမိုင်းဝင် ရွှေတောင်ကျောင်းတိုက် ပရိဝုဏ်အတွင်း ငွေကျပ် သိန်း ၄၀၀ကျော် အကုန်အကျခံ တည်ဆောက်ပြီးစီးခဲ့သည့် နိမ္မလ သာသနာနုဂ္ဂဟကာရီ သိမ်တော်ကြီးအား ရေစက်ချအလှူတော်မင်္ဂလာနှင့် ကြွရောက်တော်မူခဲ့သည့် ဆရာတော်များအား လှူဖွယ်ပစ္စည်းဆက်ကပ်လှူဒါန်းပွဲကို မတ်၂ ရက်က ယင်းကျောင်းတိုက်တွင် ကျင်းပရာ မော်လမြိုင်မြို့ သမိုင်းဝင်ရွှေတောင်ကျောင်းတိုက် ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တဝိမလအား မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (၁၆၈)

အမြို့မြို့ အနယ်နယ် သတင်းများ

စဉ့်ကူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ရပ်ကွက်၊ ကျေးရွာနှင့် ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်းစည်းဝေး

စဉ့်ကူး ဖေဖော်ဝါရီ ၂၅

စဉ့်ကူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရပ်ကွက်၊ ကျေးရွာနှင့် ဌာနဆိုင်ရာများ လပတ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ၂၀၀၆ ခုနှစ် တတိယလေးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးက မှာကြားချက်များ ထပ်ဆင့်ရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၅ ရက် နံနက် ၁၀ နာရီက မြို့နယ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တင်ပြ

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်လေးက မြို့နယ်အတွင်း ဆောင်ရွက်သွားရမည့် ရှေ့လုပ်ငန်းစဉ်များ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရေးတို့အတွက် ညှိနှိုင်းဆွေးနွေးမှာကြားရာ ဌာနဆိုင်ရာများနှင့် ကျေးရွာတာဝန်ရှိသူတို့က မိမိတို့ဌာန၊ ကျေးရွာများအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် အခြေအနေ၊ ရှေ့ဆက်လက်ဆောင်ရွက်ရမည့် အခြေအနေတို့ကို အသီးသီးရှင်းလင်းတင်ပြကြသည်။

ထပ်ဆင့်ရှင်း

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်လေးက မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ၂၀၀၆ ခုနှစ် တတိယလေးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးက မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းသည်။ **(မြို့နယ် ပြန်/ဆက်)**

နေပြည်တော်မြို့ ရပ်တီ အမက(၅)၏ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ပညာရည်ချွန်ဆုနှင့် ဘက်စုံဆု ချီးမြှင့်ပွဲ အခမ်း အနားကို ဖေဖော်ဝါရီ၂၃ရက်ကကျင်းပရာသူငယ်တန်းမှတတိယတန်း အထိလေးနှစ်ဆက်တိုက်ပညာရည်ချွန် ပထမဆုနှင့်သူငယ်တန်းမှစတုတ္ထတန်း အထိ ငါးနှစ်ဆက်တိုက် ကျောင်းတွင်းဘက်စုံ ထူးချွန်ပထမဆုရ မယုယုအေးနိုင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်လှလှဝေက ဆုချီးမြှင့်စဉ်။ (ပညာရေး)

မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ် မုန်ထောင်-ရေဘော်ကြီး ကျေးလက် မြေသားလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်မှုကို ဖေဖော်ဝါရီ ၅ ရက်က အမှုဆောင်အရာရှိ ဦးမြင့်လွင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးစိန်သန်းငွေတို့ ကြပ်မတ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အေအိုင်ဒီအက်စ်ရောဂါ ဝေဒနာရှင်များအား အိမ်တိုင်ရာရောက် ပြုစုခြင်း(နည်းပြ)သင်တန်းဆင်း

မြစ်ကြီးနား မတ် ၃

ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် ရောဂါဝေဒနာရှင်များအား အိမ်တိုင်ရာရောက်ပြုစုခြင်း(နည်းပြ) သင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၂၃ ရက်က မြို့တော်ခန်းမတွင် ကျင်းပရာ ကချင်ပြည်နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးရားဝါဂျူးက သင်တန်းသူ၊သင်တန်းသားများအားသင်တန်းဆင်းလက်မှတ်ပေးအပ်သည်။(အောက်ပုံ)

အဆိုပါ သင်တန်းသို့ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များ၊ ကျန်းမာရေး ဦးစီးဌာန၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့နှင့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ တက်ရောက်ကြသည်။

(က-ပ)

ကောလင်းမြို့ ၌ မှုခင်းကျဆင်းရေး လုပ်ငန်းညှိနှိုင်းဆွေးနွေး

ကောလင်း မတ် ၅

ကောလင်းမြို့နယ် ရဲတပ်ဖွဲ့နှင့် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေကို ဖေဖော်ဝါရီ ၂၇ ရက်က မြို့နယ်ရုံးခန်းမတွင် ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့ စခန်းမှူး ရဲအုပ်ကိုကို၊ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်ညိမ်းနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ပညာပေးဟောပြော

ညှိနှိုင်း အစည်းအဝေးတွင် ကျေးလက်ဒေသ မှုခင်းကျဆင်းရေး ပညာပေးဟောပြောရန်နှင့် ကျေးလက်နေပြည်သူများ အသိပညာ ဗဟုသုတ ရရှိစေရေးနှင့် စာဖတ်သည့် အလေ့အထကောင်းများ ရရှိစေရေး၊ ကျေးလက်စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မာရေးတို့ကို ဆွေးနွေးကြသည်။ **(ဝ၂၆)**

စုပေါင်းသန့်ရှင်း

မိုင်းယန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းလွင်ဦးနှင့် တာဝန်ခံ အင်ဂျင်နီယာဦးအောင်ကိုဝင်းတို့ ဇန်နဝါရီ ၂၁ရက်က ဟော်ကန် လမ်းဘေးဝဲယာတွင် ဒေသခံ ပြည်သူများ စုပေါင်းသန့်ရှင်းရေးနှင့် ရေစီးရေလာ ကောင်းမွန်ရေး ဆောင်ရွက်နေမှုကို ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

မြင်းမူမြို့နယ် စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးဆွေးနွေး

စစ်ကိုင်း ဖေဖော်ဝါရီ ၁၀

စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးညွန့်ဆောင်၊ မြင်းမူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးညိုအုန်းနှင့် ဝန်ထမ်းများသည် ဇန်နဝါရီ ၁၉ရက် နံနက်က စစ်ကိုင်းခရိုင်မြင်းမူမြို့နယ် အတွင်းရှိ ခြေတော်ရာကျေးရွာနှင့် ဘိုးမင်းကြီးကင်းကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ သွားရောက်၍ စာကြည့်တိုက် ကော်မတီဝင်များနှင့် တွေ့ဆုံကာ စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးခိုင်မာရေး၊စာအုပ်များ တိုးပွားစွာရရှိရေး၊ အဆောက်အအုံများရရှိစေရန် စည်းရုံးဆောင်ရွက်ရမည့် နည်းလမ်းများ၊ စာအုပ်ထိန်းသိမ်းနည်းစနစ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စာကြည့်တိုက်ကော်မတီဝင်များက မရှင်းလင်းသည်များကို မေးမြန်းကြရာ မြင်းမူမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးညိုအုန်းက ပြန်လည်ဖြေရှင်းပေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ဟိုပင်မြို့တွင်ဆွေးနွေး

ဟိုပင် ဖေဖော်ဝါရီ ၂၅

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)မှလက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ငွေနှင့် ကချင်ပြည်နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းသိန်းလွင်တို့သည် ဖေဖော်ဝါရီ၃ ရက် နံနက် ၈ နာရီက ဟိုပင်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးခန်းမတွင် ဝန်ထမ်းများအား ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့
အသိပေးကြေညာချက်

ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ခေါ်ယူထားသော ဒု-လက်ထောက်အင်ဂျင်နီယာ ရာထူးများအတွက် လူတွေ့စစ်ဆေးမှုပြုလုပ်မည်ဖြစ်၍ အောက်ဖော်ပြပါ ခုံအမှတ်များဖြင့် ဖြေဆိုခဲ့သူများသည် သတ်မှတ်ရက်များတွင် မပျက်မကွက် လာရောက်ဖြေဆိုရန်နှင့် ပျက်ကွက်ပါက ခန့်ထားရေးတွင် ထည့်သွင်းစဉ်းစားမည်မဟုတ်ကြောင်း အသိပေးကြေညာ အပ်ပါသည်။

သတင်းပို့ရမည့်နေ့ရက်	- ၂၉-၃-၂၀၀၇(ကြာသပတေးနေ့)
သတင်းပို့ရန်အချိန်	- (၀၉း၃၀)နာရီမှ (၁၆း၀၀)နာရီထိ
သတင်းပို့ရမည့်နေရာ	- ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့
	- အမှတ်(၁၉၇/၁၉၉)၊ ကြည့်မြင်တိုင်အောက်လမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။

လူတွေ့စစ်ဆေးမည့်ခုံအမှတ်များ

1YE - ၆၈၊ ၁၁၆၊ ၅၃၊ ၁၁၅၊ ၈၃၊ ၂၄၊ ၄၃၊ ၈၄၊ ၄၈၊ ၂၂၊ ၉၊ ၁၀၊ ၇၃၊ ၁၁၃၊ ၁၁၄၊ ၁၁၇၊ ၆၊ ၇၊ ၆၁၊ ၄၀၊ ၄၄၊ ၄၇၊ ၃၁၂၊ ၂၁၂၊ ၅၂၊ ၆၇၊ ၂၃၊ ၂၃၅၊ ၂၈၁၊ ၃၉၊ ၁၇၃၊ ၂၅၆၊ ၃၁၃၊ ၄၆၊ ၅၀၊ ၅၅၊ ၂၃၉၊ ၁၄၊ ၃၁၁၊ ၁၁၊ ၁၇၊ ၉၄၊ ၂၇၃၊ ၄၅၊ ၁၅၃၊ ၅၄၊ ၄၉၊ ၆၉၊ ၉၆၊ ၉၇၊ ၁၁၉၊ ၂၈၄၊ ၁၅၊ ၄၁၊ ၇၄၊ ၈၆၊ ၁၆၇၊ ၃၊ ၂၁၊ ၁၀၄၊ ၁၁၈၊ ၁၅၀၊ ၂၅၄၊ ၁၂၊ ၁၉၃၊ ၂၃၈၊ ၂၅၉၊ ၄၂၊ ၁၀၈၊ ၁၀၉၊၂၈၉၊ ၃၆၊ ၇၉၊ ၂၀၄၊ ၂၇၈၊ ၃၀၇၊ ၆၃၊ ၄၊ ၇၅၊ ၉၀၊ ၉၃၊ ၉၈၊ ၁၂၇၊ ၁၃၆၊ ၁၉၆၊ ၁၉၇၊ ၂၂၀၊ ၂၃၃၊ ၂၉၀၊ ၃၃၊ ၈၀၊ ၁၄၆၊ ၁၆၃၊ ၁၇၀၊ ၃၀၊ ၁၃၀၊ ၁၅၇၊ ၁၈၃၊ ၂၆၅၊ ၁၃၄၊ ၂၃၄၊ ၂၅၇၊ ၂၈၆၊ ၃၀၂၊ ၈၊ ၆၀၊ ၉၉၊ ၁၂၆၊ ၂၀၆၊ ၂၅၈၊ ၂၇၆၊ ၅၊ ၁၃၊ ၉၅၊ ၁၂၃၊ ၁၂၅၊ ၁၂၈၊ ၁၃၃၊ ၁၄၅၊ ၁၅၁၊ ၁၇၆၊ ၁၇၉၊ ၂၁၆၊ ၂၉၇၊ ၅၆၊ ၁၈၉၊ ၂၄၇၊ ၂၆၂၊ ၁၄၉၊ ၁၄၈၊ ၂၅၀၊ ၇၆၊ ၁၀၀၊ ၁၁၂၊ ၁၄၁၊ ၁၅၈၊ ၁၆၅၊ ၁၈၄၊ ၂၈၇၊ ၃၁၀၊ ၃၁၊ ၁၂၉၊ ၁၆၁၊ ၁၆၄၊ ၁၈၀၊ ၁၉၉၊ ၂၀၂၊ ၂၄၀၊ ၁၉၊ ၈၁၊ ၉၂၊ ၁၂၀၊ ၁၃၃၊ ၁၃၅၊ ၂၀၇၊ ၂၁၇၊ ၃၅၊ ၆၅၊ ၁၇၂၊ ၁၈၆၊ ၂၀၃၊ ၂၂၆၊ ၂၀၊ ၉၁၊ ၁၅၆၊ ၂၉၂၊ ၂၂၄၊ ၂၃၀၊ ၂၃၁၊ ၂၀၈၊ ၆၆၊ ၁၃၂၊ ၁၄၄၊ ၂၀၅၊ ၂၁၀၊ ၂၂၈၊ ၂၇၁၊ ၃၇၊ ၁၅၄၊ ၁၆၈၊ ၁၄၂၊ ၂၈၊ ၁၀၆၊ ၁၄၇၊ ၂၃၃၊ ၂၅၅၊ ၁၅၅၊ ၁၂၄၊ ၂၆၇၊ ၂၈၅၊ ၁၊ ၃၈၊ ၅၇၊ ၅၉၊ ၂၆၀၊ ၃၂၊ ၇၂။

2YE - ၁၅၊ ၂၇၊ ၂၆၊ ၁၁၄၊ ၃၆၊ ၃၄၊ ၃၅၊ ၁၁၅၊ ၄၊ ၁၃၊ ၅၂၊ ၂၂၅၊ ၁၂၆၊ ၃၃၊ ၉၈၊ ၁၇၃၊ ၃၊ ၄၉၊ ၅၊ ၁၆၊ ၇၊ ၁၈၁၊ ၇၂၊ ၁၄၆၊ ၂၅၉၊ ၁၆၈၊ ၁၅၀၊ ၂၂၀၊ ၂၃၀၊ ၁၀၇၊ ၁၃၉၊ ၇၉၊ ၈၁၊ ၁၃၂၊ ၂၃၂၊ ၁၀၊ ၆၂၊ ၁၀၈၊ ၁၂၅၊ ၁၆၂၊ ၂၅၂၊ ၂၁၊ ၁၇၇၊ ၁၄၈၊ ၅၈၊ ၁၀၄၊ ၁၁၆၊ ၂၂၉၊ ၂၀၊ ၃၉၊ ၂၃၆၊ ၂၄၁၊ ၇၃၊ ၁၄၇၊ ၁၆၄၊ ၂၂၂၊ ၂၃၅၊ ၂၄၀၊ ၁၂၊ ၉၉၊ ၆၊ ၃၀၊ ၁၁၁၊ ၆၁၊ ၁၇၀၊ ၇၀၊ ၁၀၃၊ ၁၁၉၊ ၃၇၊ ၁၁၈၊ ၁၂၄၊ ၁၄၉၊ ၁၇၈၊ ၃၁၊ ၁၉၄၊ ၁၁၊ ၁၅၈၊ ၂၃၈၊ ၉၅၊ ၁၀၉၊ ၁၉၇၊ ၇၇၊ ၃၂၊ ၈၅၊ ၁၃၂၊ ၂၃၃၊ ၉၊ ၄၁၊ ၁၇၆၊ ၂၂၆၊ ၈၃၊ ၄၈၊

2YE - ၆၆၊ ၈၊ ၄၂၊ ၄၆၊ ၈၇၊ ၉၆၊ ၁၇၂၊ ၂၆၀၊ ၉၁၊ ၉၇၊ ၁၃၁၊

1YM - ၆၆၊ ၇၃၊ ၄၂၊ ၇၅၊ ၃၅၊ ၄၅၊ ၄၁၊ ၂၀၊ ၃၁၊ ၇၊

2YM - ၂၊ ၂၅၊ ၁၊ ၁၈၊ ၂၂၊ ၂၀၊ ၂၉၊ ၁၄၊

1YEC - ၉၊ ၇၊ ၅၊ ၁၆၊ ၂၄၊ ၃၊ ၁၇၊

1YC - ၈၊ ၂၄၊ ၁၁၊ ၁၇၊ ၂၁၊ ၁၀၊ ၁၂၊ ၃၊ ၂၃၊ ၂၊ ၁၆။

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်
မြန်မာရူဘီအင်တာပရိုက်(စ်) ကျောက်မျက်ရတနာကုမ္ပဏီလီမိတက်
ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

မြန်မာရူဘီအင်တာပရိုက်(စ်)(ကျောက်မျက်ရတနာ)ကုမ္ပဏီလီမိတက်မှ အောက်ပါပစ္စည်းများကို ရောင်းချရန်ရှိပါသဖြင့် ချိပ်ပိတ်တင်ဒါပေးသွင်းကြပါရန် ဖိတ်ကြားအပ်ပါသည်-

၁။	ပစ္စည်းအမျိုးအမည်နှင့်တန်ချိန်	- TIN, TUNGSTEN, SCHEELITE, MIXED CONCENTRATES MAWCHI MIXED ORE (163.2657) MTS
၂။	DELIVERY	- FOB (YANGON)
၃။	PRICING	- PRICING TO BE QUOTED IN EURO ONLY
၄။	PAYMENT	- (T.T) NOT LATER THAN (15)DAYS AFTER ACCEPTANCE OF THE OFFER
၅။	တင်ဒါပိတ်ရက်နှင့်အချိန်	- ၂၂-၃-၂၀၀၇ (၁၂း၀၀)နာရီ
၆။	တင်ဒါပေးသွင်းရမည့်နေရာ	- မြန်မာရူဘီအင်တာပရိုက်(စ်)(ကျောက်မျက်ရတနာ) ကုမ္ပဏီလီမိတက်

၇။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါကမြန်မာရူဘီအင်တာပရိုက်(စ်) ကျောက်မျက်ရတနာကုမ္ပဏီလီမိတက်

ဖုန်းနံပါတ်- ၀၁-၃၇၀၅၆၁၊ ၀၁-၃၇၁၀၅၃ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

မြန်မာရူဘီအင်တာပရိုက်(စ်) ကျောက်မျက်ရတနာကုမ္ပဏီလီမိတက်
အမှတ်(၂၄/၂၆)၊ ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်
မြဝတီဘဏ်လီမိတက်(ယခင်ဗဟိုဘဏ်)အဆောက်အအုံ။

ဇနီးအဖြစ်မှ စွန့်လွှတ်ခြင်း ကျွန်တော်၏ဇနီး မသီသီနိုင် မှတ်ပုံတင်အမှတ် ၁၄/ဒဒရ(နိုင်)၀၅၉၂၃၃သည် နေအိမ်မှ ထွက်သွားပါသဖြင့် ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ **ကိုသန်းနိုင် မှတ်ပုံတင်အမှတ် ၁၂/ကခက(နိုင်) ၀၅၁၆၃၅။**

မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီးစံပြကျေးရွာအုပ်စု
ကာယရပ်ကွက်ခြံပိုင်ရှင်များသိရှိနိုင်ရန် ကြေညာခြင်း

ရက်စွဲ။ ၂၀၀၇ခုနှစ်၊ မတ်လ(   )ရက်

ကာယရပ်ကွက်ရှိ ခြံမြေကွက်များအား ယခုအခါ နှစ်(၆၀)ဂရန်ချထားပေးနိုင်ရန် သက်ဆိုင်ရာမြေတိုင်းအဖွဲ့မှ ပဏာမစစ်ဆေးတိုင်းတာမှုများ ဆောင်ရွက်နေပါ၍ အောက်ပါအချက်အလက်များကို ခြံပိုင်ရှင်များ သိရှိနိုင်ရန် နှိုးဆော်ကြေညာအပ်ပါသည်။

၁။ မိမိပိုင်ခြံမြေကွက်၏ လမ်းမျက်နှာစာနှင့် မြေကွက်အတွင်းရှိ ချုံနွယ်ပိတ်ပေါင်းများကို ၃၁-၃-၂၀၀၇ရက် နောက်ဆုံးထား ရှင်းလင်းထားကြပါရန်။

၂။ ခြံပိုင်ဆိုင်မှု အထောက်အထား စာချုပ်စာတမ်း(မူရင်း)အပြည့်အစုံ စုဆောင်းထားရှိကြပါရန်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက "မြေဂရန်ချထားပေးရေး အထောက်အကူပြုအဖွဲ့" ရုံးစိုက်ရာ ကာယရပ်ကွက်(၆)လမ်းရှိ "ငြိမ်းအေးဓမ္မရိပ်သာ၊ ကာမသုခကျောင်းတိုက်"သို့ လာရောက်စုံစမ်းနိုင်ပါသည်။

မြေဂရန်ချထားပေးရေးအထောက်အကူပြုအဖွဲ့
ကာယရပ်ကွက်၊ သဃ်န်းကျွန်းကြီး စံပြကျေးရွာအုပ်စု၊ မင်္ဂလာဒုံ။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း အင်းစိန်စောင်စက်ရုံ အမှတ်(၂၀)တွင် အောက်ဖော်ပြပါ လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ချိပ်ပိတ်တင်ဒါ ပေးသွင်းရန် ဖိတ်ခေါ်ပါသည်-

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	RENOVATION OF WEAVING PREPARATION MACHINE	(1)LOT
၂။	RENOVATION OF WEAVING LOOM	(1)LOT
၃။	RENOVATION OF SPINDLE TAPE WEAVING LOOM	(1)LOT
၄။	RENOVATION OF JIGGER	(1)LOT
၅။	RENOVATION OF FLAT KNITTING MACHINE	(1)LOT
၆။	RENOVATION OF SEWING MACHINE	(1)LOT

၂။ ချိပ်ပိတ်တင်ဒါပေးသွင်းမှုကို အင်းစိန်စောင်စက်ရုံ အမှတ်(၂၀) စီမံရေးဌာနသို့ ၂၃-၃-၂၀၀၇ရက် ၁၆း၀၀နာရီတွင် နောက်ဆုံးပေးသွင်းရမည် ဖြစ်ပါသည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၁၅-၃-၂၀၀၇ရက်မှ စတင်ရန် အောက်ဖော်ပြပါလိပ်စာအတိုင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

စီမံရေးဌာန၊ အင်းစိန်စောင်စက်ရုံ အမှတ်(၂၀)။

N:P:K(6:6:12) ဓာတ်မြေဩဇာ
ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့စားသောက်ကုန်လုပ်ငန်းလက်အောက်ရှိ ဗာဂျီးနီးယား ဆေးလုပ်ငန်းစက်ရုံအတွက် လိုအပ်သော ကွန်ပေါင်းဓာတ်မြေဩဇာ ဝယ်ယူလိုကြောင်း ကြော်ငြာအပ်ပါသည်-

အမျိုးအမည်	အရေအတွက်	တင်ဒါပိတ်ရက်	အချိန်
N:P:K(6:6:12)	(၅၀ ကေကျီဝင်အိတ်)	၆-၄-၂၀၀၇	၁၆း၀၀နာရီ
K = K_2SO_4 (KCL လုံးဝမဖြစ်ရ)			

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါ လိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်-

** **အမှတ်(၁)စက်မှုဝန်ကြီးဌာန**
မြန်မာ့စားသောက်ကုန်လုပ်ငန်း(ရောင်းဝယ်ရေးဌာန)
(က) နေပြည်တော်ဖုန်းအမှတ်- ၀၆၇-၄၀၈၀၆၇
(ခ) အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဖုန်း- ၀၁-၅၆၁၀၅၄။

(ကမ-၃)မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယ/၆၁၁၅၆ Honda C-90 ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းလွင် ၉/အမရ (နိုင်) ၁၁၅၉၆၃ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး၊(မန္တလေးတောင်ပိုင်း) မန္တလေးမြို့။**

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

မတလ/၇၈၃၄၅ Kenbo KB 125/ M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဇော် ၉/ မနတ(နိုင်) ၀၆၉၆၀၈ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး၊(မန္တလေးတောင်ပိုင်း၊ မြောက်ပိုင်း)မန္တလေးမြို့။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

မတလ/၄၀၆၇ Yinxing YX-110/M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သောင်းမေ ၉/မရမ(နိုင်) ၀၄၅၄၀၇ က ယာဉ်မှတ်ပုံတင် စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး၊(မန္တလေးတောင်ပိုင်း၊ မြောက်ပိုင်း)မန္တလေးမြို့။

ချီးကျူးဂုဏ်ပြုပွဲ ကျင်းပရေးစည်းဝေး

ရန်ကုန် မတ် ၁၄

နိုင်ငံတော်အစိုးရ၏ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်းခံရသော ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် ဇမ္ဗူအေးကျောင်းတိုက် မြတ်မင်္ဂလာကျောင်း ဇမ္ဗူရတနာ ယဉ်ကျေးလိမ္မာ မင်္ဂလာသင်တန်း၏ ပဓာနနာယကဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဩဘာသ၏ ဂုဏဝိသိဋ္ဌပူဇာသဘင်နှင့် ဇမ္ဗူရတနာ ယဉ်ကျေးလိမ္မာသင်တန်း ဂုဏ်ထူးဆောင်နာယက အဂ္ဂမဟာ သီရိသုဓမ္မဏိဇောတဓရ ဦးအောင်ကြည်မြင့်အား ချီးကျူးဂုဏ်ပြုပွဲကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို မတ်၄ရက်က မြောက်ဥက္ကလာပမြို့နယ် ဇမ္ဗူအေးကျောင်းတိုက်၌ ကျင်းပရာ အစည်းအဝေးက မေ ၆ ရက်တွင် ကျင်းပရန် ဆုံးဖြတ်ကြောင်း သိရသည်။**(အပေါ်ဝဲပုံ)** **(က-ပ)**

မြန်မာ့အသံနားဆင်စရာ

၁၃၆၈ ခုနှစ်
တပေါင်းလပြည့်ကျော် ၁၄ ရက်
၁၆-၃-၂၀၀၇ (သောကြာနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ပုဗ္ဗဏှသုတ် နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (နိုင်ငံတကာဈေးကွက်ဝင် ရေထွက်ပစ္စည်းထုတ်လုပ်မှု)
၁၁း၃၅ ထူးဆန်းထွေလာ သတင်းပဒေသာ
၁၂း၀၀ သုတအဖြာဖြာတိုင်းရင်းဆေးပညာ (ဆေးဖက်ဝင် ဆင်တုံးမနွယ်)
၁၂း၃၀ ဓာတ်လမ်းပမာနားဆင်စရာ (လွမ်းလွင့်လိပ်ပြာ)

ညနေပိုင်း

၁၆း၁၀ ရာသီခါမီ တေးပန်းချီ
(၁) နွေအဝင်လမ်း (ရေးသား-မောင်ဝင့်သူ)
(၂) သံချိုညည်နွေလို့ပြောပြီ (ငွေးငွေးမြင့်)
(၃) ပရိယေသန (ကိုမင်းနောင်)

၁၇း၃၀ ရေဒီယိုမဂ္ဂဇင်း
(၁) တပ်မတော်ဂုဏ်ရည် (ခေါင်းကြီး)
(၂) မမုန်းတော့ပါဘူး (ဆောင်းပါးသရုပ်ဖော်)

၁၇း၅၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
၁၈း၂၅ ကျေးလက်ဇာတ်လမ်း (စုပါမှစုပါ)
၁၈း၄၀ သိပ္ပံပညာသိကောင်းစရာ (စိတ်ကျခြင်းလက္ခဏာများ ပြေပျောက်ဖို့အကြောင်း- မောင်ဆုရှင်)
၁၉း၁၅ နှောင်းခေတ်ကြေးမုံ ဇာတ်လမ်းစုံ (သိုင်းနယ်မှကျားသောင်းကျန်း)
၂၀း၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) လမင်းမှာဆုံမယ် (မြင့်သက်လွှာ)
(၂) မေတ္တာဆိုတာခွင့်လွှတ်ခြင်း (ကိုတင်ဝင်း)
(၃) ဖူးရွှေလက်တင် (အေဝမ်းတင်တင်လှ)

ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်ခရိုင် ပေါင်းတည်မြို့နယ် တောင်ဘို့လှ အုပ်စု တောင်ဘို့လှကျေးရွာ ကျေးလက်ဆေးပေးခန်းတွင် ဇီဝလောင်စာကြက်ဆူစိုက်ပျိုးရေး၊ ပညာပေး ဆွေးနွေးပွဲနှင့် မျိုးစေ့ဖြန့်ဝေပေးခြင်း အခမ်းအနားကို ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကိုကိုလွင်က ကျေးရွာနေပြည်သူများအား ကြက်ဆူပင်မျိုးစေ့များ ပေးအပ်စဉ်။ (၀၆၄)

မန္တလေးတိုင်း မြစ်သား မြို့နယ်မှ ဦးအောင်ကိုး၊ ဦးမြင့်သိန်းထွန်း ဦးဆောင် သောတိ=နိ အကျိုးတော်ဆောင် အဖွဲ့နှင့် ရာသက်ပန် အဖွဲ့ဝင်များက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး ၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်သုံးသိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ=နိ (ပင်မ) ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဓမ္မသင်္ဂဏီပါဠိတော်ကျမ်းအတွက် ငွေလှူဒါန်း

ရန်ကုန် မတ် ၁၄

ဓမ္မသင်္ဂဏီ ပါဠိတော် ကျမ်းအတွက် ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ (အစိုးရဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ) အရှင်မြတ်ထံသို့ စမ်းချောင်းမြို့နယ် ဦးဝိစာရလမ်း အမှတ် ၃၃၅နေ ဒေါ်စန်းရီနှင့် သမီး ဒေါ်စုစုတင်၊ မော်ဘီမြို့ ဘောလုံးစက်ရုံဝင်းနေ ဦးတင်အောင်-ဒေါ်စန်းအေး၊ သား မောင်တင်ကိုဦးမိသားစု၊ ဖခင်ကြီး ဦးမောင်နုအားရည်စူး၍ မင်္ဂလာတောင်ညွန့်မြို့နယ် စည်ပင်အိမ်ရာဝင်း (၁၀) လမ်းအမှတ် (၁၀၂)နေ မိခင်ဒေါ်စောညိုနှင့် ဦးစန်းလွင်-ဒေါ်ခင်လှကြည် (လ/ထဌာနမှူး၊ရန်ကုန်စည်ပင်)၊ သမီး မစုဝါလွင်၊ မဖူးဝါလွင် မိသားစု၊ တောင်ဥက္ကလာပမြို့နယ် ကေတုမာလာရိပ်သာ (၄)ရပ်ကွက် ၁လမ်း အနောက် အမှတ်(၅၆)နေ ကွယ်လွန်သူ မောင်တင်မောင်အားရည်စူး၍ ကောင်းမှုနှင့် မမာလာဆွေ မွေးနေ့အလှူ၊ မိဘဘိုးဘွားများအား ရည်စူးလျက် မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး မန္တလေးလမ်းနေ ဒေါ်မြင့်မြင့်သင်း မွေးနေ့အလှူ၊ နှစ်ဖက်မိဘများအား အမှူးထား၍ မကွေးတိုင်း အထက်မင်းလှမြို့နယ် အမှတ် (၂) ကာကွယ်ရေးစက်ရုံနေ ဒုတိယဗိုလ်မှူးကြီး ချိုမောင်စိုး-ဒေါ်ဝင်းမြတ်ခိုင်၊ သား မောင်ကျော်ခန့်၊ သမီး မခိုင်လဲ့ရည်နွယ် မိသားစုက ကြေးပြားတစ်ချပ်စီနှင့် နှစ်ဖက်သော မိဘများအားရည်စူး၍ တာမွေမြို့နယ် ကျိုက္ကဆံအိမ်ရာ တိုက်(၅) အခန်း(၃၀၃) နေ အငြိမ်းစားရဲမှူးကြီး ဦးကျော်အေး-ဒေါ်ညွန့်ညွန့်ခင် မိသားစု၊ နှစ်ဖက်သော မိဘများအား ဦးထိပ်ထား၍ ကချင်ပြည်နယ် မိုးညှင်းမြို့ ကန်တော်ကုန်းရပ်ကွက် အမှတ် (၅၂)နေ ကိုရဲထွန်း-မအေးသီမိသားစု၊ မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်း အောင်သပြေရဲရိပ်သာဝင်း တိုက် ၆/ခနေ ဒုတိယရဲမှူး ဒေါ်တင်စိန်မိသားစုတို့က ကြေးပြား သုံးချပ်စီတို့ကို လှူဒါန်းကြသည်။

လှူဒါန်းနိုင်

အလှူရှင်များ လှူဒါန်းလိုပါက ကြေးပြားတစ်ချပ်လျှင် အလှူငွေကျပ် ၂၀၀၀၀ဖြင့် ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ မင်္ဂလာတိုက်ကျောင်း ကျောင်းတော်ရာရွှေကျင်တိုက် ကိုယ့်မင်းကိုယ့်ချင်းလမ်း ဗဟန်းမြို့နယ် ဖုန်း- ၅၄၈၈၀၅သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အမေရိကန်က လူ့အခွင့်အရေးကောင်စီအပါအဝင် နည်းလမ်းပေါင်းစုံသုံးပြီး မြန်မာနိုင်ငံအပေါ် နိုင်ငံရေးဖိအားပေးနိုင်ရန် ဆက်လက်ကြိုးပမ်းလျက်ရှိ ပြည်သူလူထုအတွက် နိုင်ငံတော်က ဖော်ဆောင်ပေးနေသည့် ဖွံ့ဖြိုးတိုးတက်မှုရပိုင်ခွင့် အခြေခံကောင်းများကို မျက်ဝါးထင်ထင် တွေ့မြင်ပါလျက် လျစ်လျူရှုထား

နေပြည်တော် မတ် ၁၄

၂၀၀၇ ခုနှစ် မတ်လ ၆ ရက်က အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့ နိုင်ငံခြားရေးဌာနတွင် ကျင်းပသည့် သတင်းစာရှင်းလင်းပွဲ၌ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ Assistant Secretary of State for Democracy, Human Rights and Labour ဖြစ်သူ မစ္စတာဘယ်ရီလိုဝင်ခရွန်က အမေရိကန်နိုင်ငံအနေဖြင့် လူ့အခွင့်အရေးကောင်စီအပါအဝင် ဖြစ်နိုင်သည့်နည်းလမ်းပေါင်းစုံကိုအသုံးပြုပြီး မြန်မာနိုင်ငံအား နိုင်ငံရေးဖိအားပေးနိုင်ရန်အတွက် ဆက်လက်ဆောင်ရွက်သွားမည်ဟု အတိအလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

ယင်းသို့ပြောကြားခြင်းသည် မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ကြိုးကိုင်ခြယ်လှယ်နိုင်ရန် အားထုတ်ကြိုးပမ်းနေသော အမေရိကန်အစိုးရ၏ ၁၂–၁–၂၀၀၇ ရက်၌ ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် တင်သွင်းခဲ့သည့် မြန်မာနိုင်ငံဆိုင်ရာ အဆိုပြုချက်မူကြမ်း ပယ်ချခြင်းခံရပြီးနောက် မြန်မာနိုင်ငံအား ရန်သူသဖွယ်သဘောထားပြီး နည်းလမ်းပေါင်းစုံဖြင့် ဆက်လက်ဖိအားပေးနိုင်ရေးအတွက် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီကိုပါ ခုတုံးလုပ်အသုံးချရန် ကြံစည်လုပ်ဆောင်လာခြင်းပင်ဖြစ်သည်။

စာမျက်နှာ ၉ ကော်လံ ၁ ■

ရန်ကုန်မြို့ မဟာဗန္ဓုလလမ်းပေါ်တွင် စီတန်းလှည့်လည်ကြွေးကြော်လှုံ့ဆော်မှုပြုခဲ့သည့် ထင်ကျော်(ခ)ကျော်ထင်နှင့် NLD ပါတီဝင်အချို့ ဒီ/ဗြိမ်းဟောင်းအချို့၏ လုပ်ရပ်သည် လူထုအား သွေးထိုးလှုံ့ဆော်ခြင်းဖြစ်၍ တည်ဆဲဥပဒေများကို ဖောက်ဖျက်ကျူးလွန်ခြင်းဖြစ်

သက်ဆိုင်ရာက ခေါ်ယူစစ်ဆေးပြီး ထုတ်ပြန်ထားသည့် ဥပဒေများကိုလိုက်နာရန် သတိပေး နောင်တွင် အလားတူဆူပူလှုံ့ဆော်မှုပြုမည်မဟုတ်ကြောင်း အားလုံးကဝန်ခံကတိပြုခဲ့ကြ

နေပြည်တော် မတ် ၁၄

၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက် ညနေ ၃နာရီခွဲက မြန်မာပြည်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဟု အမည်ခံပြီး တရားမဝင်ဖွဲ့စည်းထားသည့် အဖွဲ့အစည်းမှ ထင်ကျော်(ခ)ကျော်ထင်ပါ ၁၈ ဦးသည် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် မဟာဗန္ဓုလလမ်းအတိုင်း ဆူညံစွာအော်ဟစ်လှည့်လည်ခဲ့၍ အနီးပတ်ဝန်းကျင်ရှိ ဈေးရောင်းဈေးဝယ်သူများ၊ လမ်းသွားလမ်းလာများ အထိတ်တလန့်ဖြစ်ကာ ရုန်းရင်းဆန်ခတ်ဖြစ်လာသဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရဲတပ်ဖွဲ့မှ နှုတ်အားဖြင့် တားဆီးမှုပြုလုပ်ခဲ့ရကြောင်းနှင့် ထင်ကျော်(ခ)ကျော်ထင်ပါလူတစ်စုသည် ညနေ ၃ နာရီ ၅၅ မိနစ်တွင် ကျောက်တံတားမြို့နယ် ၃၂ လမ်းထိပ်၌ လူစုခွဲသွားကြောင်း သတင်းရရှိသဖြင့် ထုတ်ပြန်အသိပေးခဲ့ပြီးဖြစ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ❒

အနောက်နိုင်ငံကြီးအချို့ မြန်မာနိုင်ငံပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် လူမျိုးရေးဖိနှိပ်မှုများ၊ မတရားစေခိုင်းမှုများ၊ အနိုင်အထက်ပြုမှုများ ရှိသည်ဟုစွပ်စွဲ

သက်ဆိုင်ရာဒေသများသို့ ကွင်းဆင်းစုံစမ်းခဲ့၊ စွပ်စွဲချက်များ မှန်ကန်မှုမရှိကြောင်းတွေ့ရ

နေပြည်တော် မတ် ၁၄

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ လုပ်ငန်းစဉ်များအကောင်အထည်ဖော် ဆောင်ရွက်ရေး တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားကို မတ် ၆ ရက် နံနက် ၁၀ နာရီတွင် ချင်းပြည်နယ် ဟားခါးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ချင်းပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆောင်ရွက်

အခမ်းအနားတွင် သဘာပတိအဖြစ် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူးအဖွဲ့ အဖွဲ့ဝင် ဒေါက်တာ ဒေါ်သက်သက်ဇင်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီး ဒုတိယခေါင်းဆောင် ဒေါ်သိန်းသိန်းညွန့်၊ *စာမျက်နှာ ၁၂ ကော်လံ ၁* ●

ရင်းရင်းနှီးနှီး ဆွေးနွေး

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ထန်တလန်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ မိသားစုအသွင် စကားဝိုင်းများဖွဲ့၍ ရင်းရင်းနှီးနှီး ဆွေးနွေးကြစဉ်။ (သတင်းစဉ်)